ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 October 2020 ၁၀၁၅၅

# သြစတြေးလျ၊ နယူးဇီလန်နှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၂ ဦးအား ပြန်လည်ခေါ်ဆောင်



သြစတြေးလျ၊ နယူးဇီလန်နှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် သြစတြေးလျ၊ နယူးဇီလန်နှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကင်ဘာရာမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် သြစတြေးလျနှင့် နယူးဇီလန်မှ ၈၈ ဦး၊ ပါပူဝါနယူးဂီနီမှ ၃၄ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ■

**ကြေးမုံ ယနေ့ ဖတ်စရာ**

ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံတို့၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှုစတင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

စာမျက်နှာ » ၉

တကယ်လို့ နောက်တစ်ဆင့်ဆိုရင် တချို့လူတွေကို နိုင်ငံတကာမှာ လုပ်သလို အိမ်မှာထားဖို့ Contain at Home ပါ

စာမျက်နှာ » ၁၀

ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသော သမ္မတထရမ့်ထံ တောင်းဆုပြုသည့် ပေးစာတစ်စောင် မြောက်ကိုရီးယားခေါင်းဆောင်ပေးပို့

စာမျက်နှာ » ၁၂

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ သြရိဿပြည်နယ်ကမ်းလွန် - အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ သြရိဿပြည်နယ်ကမ်းခြေတို့တွင် ဆက်လက်တည်ရှိနေသည်။ **မိုး/ဇလ**

## ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ရေနီမြို့၌ ကုန်တင်ယာဉ်မောင်းများအား Test Kit ဖြင့် စစ်ဆေး၊ ၁၆ ဦးတွင် ကိုဗစ်ရောဂါပိုး တွေ့ရှိ



ရေနီမြို့၌ Test Kit ဖြင့် ကိုဗစ်-၁၉ စစ်ဆေးရန် စနစ်တကျ စောင့်ဆိုင်းနေသော ကုန်တင်ယာဉ်မောင်းများအား တွေ့ရစဉ်။

**ရေတာရှည် အောက်တိုဘာ ၃**

ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် ကုန်တင်ယာဉ်မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်များအား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့မြောက်ဘက်အထွက် စည်ပင်သာယာဈေးအတွင်း၌ ယမန်နေ့ ည ၁၀ နာရီမှစတင်၍ Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခတ်ခွဲနမူနာယူစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအထိ ကုန်တင်ယာဉ် ၁၁၆ စီး၊ လူဦးရေ ၂၁၅ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး တစ်ဦးတည်း မောင်းနှင်လာသည့် ယာဉ်မောင်းတစ်ဦးတွင် ရောဂါပိုး တွေ့ရှိခဲ့သဖြင့် ညတွင်းချင်း ရေတာရှည်မြို့နယ်ဆေးရုံရှိ ကူးစက်လူနာများထားရှိရာ သီးသန့်ဆောင်သို့ အလုံပိတ်ယာဉ်ဖြင့် ပို့ဆောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# အခြေခံကျန်းမာရေး ကိုယ်စီတည်ဆောက်

ကျန်းမာရေးသည် လူတိုင်းလူတိုင်းအတွက် အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးကို ကိုယ်စီကိုယ်စီတည်ဆောက်ထားနိုင်မှသာ ကြုံတွေ့လာရမည့် ရောဂါဘေးအန္တရာယ် အမျိုးမျိုးကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အဖို့ အခြေခံကျန်းမာရေး ကောင်းမွန်ခြင်းမရှိလျှင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး စသည့်ဘဝဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ ကျန်းမာရေး တဖြည်းဖြည်း ဆုတ်ယုတ်ကာ နောက်ဆုံးတွင် ဘဝကိုအရှုံးပေးသွားနိုင်ပေသည်။

ကိုဗစ်-၁၉ ရောဂါဘေးကြီးကို ရင်ဆိုင်နေရသောအခါကာလ၀ယ် လူတိုင်းလူတိုင်းအနေဖြင့် အခြေခံကျန်းမာရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ထားသင့်ပေသည်။ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံများတည်ဆောက်ခြင်း၊ ရောဂါကင်းဝေးရေးအတွက် ကျန်းမာရေးနှင့် အားကစား၀န်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ပြုမူနေထိုင်ခြင်း စသည့် အခြေခံကျန်းမာရေးဆိုင်ရာ အလေ့အထကောင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါ အတည်ပြုလူနာ ၁၆၅၀၀ ကျော်ရှိပြီး သေဆုံးသူ ၃၇၀ ကျော်ရှိနေပြီ ဖြစ်သည်။ ရောဂါပိုးတွေ့ရှိဖြစ်ပွားမှုတိုးလာခြင်းမှာ ပိုမိုထိရောက်မြန်ဆန်သော စစ်ဆေးမှုများပြုလုပ်နိုင်သောကြောင့်ဖြစ်ပြီး ရောဂါရှာဖွေမှု၊ ပြုစု ကုသမှုများ နိုင်နိုင်နင်းနင်းလုပ်ကိုင်နိုင်ပြီဆိုပါက ရောဂါဖြစ်ပွားနှုန်းကို ထိန်းချုပ်နိုင်မည်ဟု မျှော်လင့်ရသည်။

အရေးကြီးသည်မှာ ရောဂါပိုးနှင့်ပတ်သက်၍ စေစေသိရှိရပြီး စေစေကုသမှုခံယူခြင်းသည် ပြည်သူများကျန်းမာရေးအတွက် ပိုမိုစိတ်ချကောင်းမွန်မည်ကို ပြည်သူအားလုံးသိရှိထားရန်ဖြစ်သည်။ အဓိကမှာ ပြည်သူများသာဖြစ်ပြီး ကိုဗစ်-၁၉ ပထမလှိုင်းဖြစ်စေ၊ ဒုတိယလှိုင်းဖြစ်စေ ညီညွတ်မှုနှင့်အတူ ပူးပေါင်းပါ၀င်ဆောင်ရွက်ခြင်းဖြင့် မြင့်မားလာသော ကူးစက်ရောဂါကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့်ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနဲ့ပဲဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မသတိပေးပါရစေ”ဟု အောက်တိုဘာလ ၂ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြခဲ့သည်။

ရောဂါပိုးတွေ့လူနာများလာခြင်းသည် ပြည်သူလူထုအနေဖြင့် အသိတရားရှိရှိ ပူးပေါင်းပါ၀င်လာမှု၊ ရောဂါရှာဖွေ စစ်ဆေးကုသပေးနိုင်မှုတို့ကြောင့် ပိုးတွေ့များလာသည့်အခြေအနေကို တွေ့ရှိရခြင်းဖြစ်ပေလိမ့်မည်။ ယင်းကို နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်လျှင် ရောဂါကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ ပြည်သူများ ကျန်းမာရေးဆိုင်ရာအချက်များကို လိုက်နာနေသည်။ စည်းကမ်းများကို ထိန်းသိမ်းနေသည်။ ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်းပါ၀င်နေကြပြီဟု ယူဆနိုင်သည်။ ပြည်သူလူထုပါ၀င်မှုကြောင့် ရောဂါပြန့်ပွားနှုန်း ရပ်တန့်သွားပြီး ထိန်းချုပ်နိုင်သည့် အဆင့်သို့ ရောက်ရှိသွားနိုင်ပေသည်။

ပြည်သူများ ကျန်းမာရေးအသိတရားရှိလာသည်နှင့်အမျှ မိမိတို့၏ အခြေခံကျန်းမာရေးကို သတိထားမိလာမည်ဖြစ်သည်။ ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်လာသည်နှင့်အမျှ ကိုဗစ်- ၁၉ ရောဂါကို ခုခံနိုင်စွမ်းရှိမည်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သက်ကြီးရွယ်အိုများ သေဆုံးနှုန်းမြင့်မားနေခြင်းသည် သက်ကြီးရွယ်အိုများမှာ ရောဂါအခံနည်းပါးပြီး အသက်အရွယ်ကြောင့် ကိုယ်ခံအားကျဆင်းသဖြင့် ကိုဗစ်နှင့် တွေ့သောအခါ သေဆုံးရခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုများမှာမူ ရောဂါအခံများနှင့် အခြေခံကျန်းမာရေးအားနည်းမှုရှိသဖြင့် ကိုဗစ်နှင့်တွေ့ဆုံသောအခါ သေဆုံးမှုတိုးလာရခြင်းဖြစ်သည်ဟု ခန့်မှန်းရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ရောဂါနှင့်ရင်ဆိုင်နေရသောအချိန်တွင် အစားအသောက်၊ အနေအထိုင်၊ အပြုအမူ စသည့် တစ်ဦးချင်း အခြေခံကျန်းမာရေးကို အထူးဂရုစိုက်ရန်လိုအပ်ပေသည်။ ကိုဗစ်-၁၉ ရောဂါနှင့်တွေ့လျှင် အန္တရာယ်ဖြစ်စေနိုင်သော သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်စသည့်ရောဂါအခံများမဖြစ်အောင် အစားအသောက်၊ အနေအထိုင်တို့ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ အသီးအနှံများကိုစားသုံးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ပေးခြင်း၊ အိပ်ရေးဝအောင်အိပ်စက်ခြင်း စသည်တို့ကို ပုံမှန်ပြုလုပ်ပေးရန် လိုအပ်ပေသည်။ ကျွန်ုပ်တို့သည် သတ္တလောကကြီး၏ ဆုတ်ကပ်သံသရာ၌ ရောဂါဘေးအမျိုးမျိုးနှင့် ကြုံတွေ့ကြရဦးမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ကိုယ်ခံအားကောင်းအောင်၊ ကိုယ်တွင်းရောဂါများကင်းဝေးအောင် နေထိုင်စားသောက်ကျင့်ကြံပြုမူလုပ်ကိုင်ထားကြပါမှ ကျန်းမာသောဘ၀တွင် စိတ်ချမ်းသာစွာ နေထိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံတော်က အလေးထားတာ၀န်ယူ စောင့်ရှောက်ပေးနေပြီး ပြည်သူတစ်ဦးချင်း၊ တစ်ဦးချင်းစီ၏ အခြေခံကျန်းမာရေးကောင်းမွန်စေရန် အခြေခံကျန်းမာရေးမှအစပြု၍ ကိုယ်စီအလေ့အကျင့်ကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကို ရင်ဆိုင်ရန်သာမက ကြုံတွေ့လာနိုင်သည့် ရောဂါဘေးအမျိုးမျိုးတို့ကို ကျော်လွှားနိုင်ရန် လူတိုင်းကိုယ်စီ အခြေခံကျန်းမာရေးကို တည်ဆောက်ထားကြရမည်ဖြစ်ပါကြောင်း။ ။




## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## နောင်တရားဈေးနေ့၌ စနစ်တကျရောင်းဝယ်စေရေး ကြပ်မတ်ဆောင်ရွက်

**နောင်တရား အောက်တိုဘာ ၃**

ကျန်းမာရေးနှင့် အားကစား၀န်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးနှင့် ဈေးရောင်းဈေးဝယ်များ အဆင်ပြေစွာ ရောင်းဝယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအို၀်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ မြို့မဈေးသစ်ကြီး၌ ယာယီဈေးအဖြစ် ငါးရက်တစ်ကြိမ် ဖွင့်လှစ်ရောင်းချနေသည့် နောင်တရားဈေးနေ့တွင် မြို့ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် စနစ်တကျရောင်းချစေရေး စစ်ဆေးကြပ်မတ်သည်။

နောင်တရားမြို့ ယာယီဈေး၌ ဖွင့်လှစ်သည့် နောင်တရားဈေးနေ့တွင် လာရောက်ရောင်းဝယ်မည့် ဈေးရောင်းများအား ခြောက်ပေအကွာဖြင့် သတ်မှတ်ထားသည့်နေရာမှ ရောင်းချစေခြင်းနှင့် နှာခေါင်းစည်း၊ မျက်နှာအကာများ အသုံးပြု၍ ရောင်းချစေခြင်း၊ ဈေးဝယ်များ နှာခေါင်းစည်း အသုံးပြု၍ ဈေးဝယ်စေခြင်း၊ နှာခေါင်းစည်းအသုံးပြုခြင်းမရှိသည့် ဈေးဝယ်များကို ဝင်ခွင့်မပြုခြင်း၊ ဈေးအဝင်ပေါက်၌ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးစေခြင်းတို့ကို ပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(ပြန်/ဆက်)**



# ကမ္ဘောဇဘဏ်က သံတွဲမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**သံတွဲ အောက်တိုဘာ ၃**

နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ကျန်းမာရေး၀န်ထမ်းများအတွက် ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများကို ကမ္ဘောဇဘဏ်က ပေးပို့လှူဒါန်းလျက်ရှိရာ ယမန်နေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (သံတွဲဘဏ်ခွဲ)တာဝန်ခံ ဦးထွန်းမင်းခိုင်နှင့် (ငပလီဘဏ်ခွဲ) တာဝန်ခံ ဒေါ်ဖြူဖြူကျော်တို့က ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ၀န်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း ၁၂၀၀၀ ၊ ခေါင်းစွပ် ၁၀၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၃၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေး ဝတ်စုံ ၅၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါကာလအတွင်း အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ဆေးရုံအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကိုကျော်**

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာသံရုံးအကြီးအကဲများအကြား နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရေးကိစ္စနှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်း

**နေပြည်တော်  အောက်တိုဘာ ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယမန်နေ့ ညနေ ၆ နာရီက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာသံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



**ကြိုတင်မဲပေးခွင့် မဆုံးရှုံးရေး**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်က နိုင်ငံပြင်ပရောက်မဲဆန္ဒပေးခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ကန့်သတ်ချက် အခက်အခဲများကြားမှ မြန်မာသံရုံးများသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များ အချိန်မီပေးပို့ထားမှုနှင့် ကြိုတင်ဆန္ဒမဲပေးရေး လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ အများယုံကြည် လက်ခံနိုင်မှုရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့် မဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဟူသော စံ(၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ပြည်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများအားလုံး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးများတွင် ကြိုတင်မဲပေးမှုများပင် စတင်နေပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာသံရုံးများ၊ မြို့နယ်၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ သတ်မှတ်ထားသည့်အတိုင်း စက်တင်ဘာ ၂၇ ရက်က စတင်၍ ဆန္ဒမဲလက်မှတ်များအား သက်ဆိုင်ရာသံရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ဆန္ဒမဲလက်မှတ်လျော့နည်း ရရှိမှုများ၊ လွဲမှားရောက်ရှိမှုများရှိခဲ့ပါက ကြုံတွေ့ရသည့် အခက်အခဲများကို အချိန်မီ ညှိနှိုင်းဖြေရှင်းနိုင်ရန်နှင့် လိုအပ်နေသည့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် သာမက သံရုံးများအချင်းချင်းညှိနှိုင်း၍ ချက်ချင်းဆက်သွယ်ပေးပို့နိုင်ရန် ဤအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုနှစ်ရွေးကောက်ပွဲကာလမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာရေးကန့်သတ်မှုများကြောင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း ဆန္ဒမဲလက်မှတ်များအား အမှားနည်းနည်းဖြင့် အချိန်မီဆောင်ရွက်ပေးနိုင်ခြင်း၊ သံရုံးများက တင်ပြလာသည့် လိုအပ်ချက်များကို အချိန်မီ ပြင်ဆင်ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ရှိပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှု မရှိစေရေး၊ တစ်ဖက်တွင်လည်း ဥပဒေနှင့်အညီ တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုးပမ်းကြရန်နှင့် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ကိုဗစ်-၁၉ ကပ်ရောဂါ စည်းကမ်းကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးရေးကို ဦးဆောင်ကျင်းပပေးနေရသည့် မြန်မာသံရုံးဝန်ထမ်းများကိုယ်တိုင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မခံရစေရေးအတွက် ကျန်းမာရေးကို ဂရုစိုက်နေထိုင်ကြရန် အလေးထားမှာကြားသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများက မိမိတို့သံရုံးများအလိုက် ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံရရှိမှုအခြေအနေ၊ မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြသည်။ သံရုံးအကြီးအကဲများ၏ တင်ပြမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ရေနီမြို့မှ**

ပေးခဲ့ရသည်။ ယနေ့ နံနက် ၁၀ နာရီက ရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက်ပိုင်းတွင် ငါးဦး ပိုးတွေ့ရှိခဲ့ပြီး မွန်းလွဲပိုင်း၌ ထပ်မံစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ည ၇ နာရီအထိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၀ ဦး စုစုပေါင်း ၁၆ ဦး တွေ့ရှိခဲ့ပြီး ပိုးတွေ့လူနာ ထပ်မံတိုးလာနိုင်ဖွယ်ရှိနိုင်ကြောင်း ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိ ရေနီမြို့တွင် ကုန်တင်ယာဉ် အစီးရေ ၄၀၀ ခန့် ရပ်တန့်ထားရပြီး နောက်ထပ်ဝင်ရောက်လာသည့်ယာဉ်များအား ရေနီမြို့တောင်ဘက် ရဲစခန်းရှေ့မှလည်းကောင်း၊ ဆွာမြို့တောင်ဘက် မှန်စီကျေးရွာအနီးရှိ ဆွာတိုးဂိတ်တွင်လည်းကောင်း၊ ဖြူးမြို့နယ်တွင် လည်းကောင်း အဆင့်ဆင့်ပိတ်ဆို့ထားခဲ့ပြီး အလှည့်ကျစနစ်ဖြင့် လွှတ်ပေးနေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ပြောသည်။

ကုန်တင်ယာဉ်များ ရပ်တန့်စောင့်ဆိုင်းနေကြခြင်းနှင့်ပတ်သက်၍ "နေပြည်တော် ဖြတ်သန်းမောင်းနှင်မယ့် ယာဉ်တွေကို ပဲခူးတိုင်းဒေသကြီးအဆုံး ရေနီမြို့မှာ ကျန်းမာရေးစစ်ဆေးပြီးမှ ဝင်လို့ရမယ်လို့ သတင်းရတော့ ကျွန်တော်တို့က လမ်းတစ်ဝက်ရောက်နေပြီ။ အမှန်တော့ ကြိုတင်အသိပေးရင် ပိုကောင်းတာပေ့ါဗျာ။ ခုတော့ ထမင်းဘယ်နားစားရမှန်းမသိ၊ ဘယ်လောက်ကြာမယ်ဆိုတာမသိတော့ အားလုံးဒုက္ခရောက်ကြတာပေါ့" ဟု ကုန်တင်ယာဉ်မောင်း တစ်ဦးက ပြောသည်။

ယာယီပြင်ဆင်ထားသောနေရာတွင် တောင်ငူခရိုင်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၄၀ ကျော်ဖြင့် ခေတ်ခွဲနမူနာယူခြင်း၊ Test Kit ဖြင့် စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရာ ရေတာရှည်မြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေ က "လက်ရှိ ကျွန်တော်တို့ တောင်ငူခရိုင်အတွင်းက ကျန်းမာရေးဝန်ထမ်း ၄၃ ဦးနဲ့ အခြားအကူအဖွဲ့တွေလည်း ပါပါတယ်။ Test Kit ခုရေ ၂၅၀၀ လောက် တောင်ငူကနေ ထုတ်ယူလာတာ ညကနဲ့ ခုမနက်ပိုင်းအထိ ၃၀၀ လောက်သုံးပြီးသွားပြီ။ ကျန်းမာရေးအစစ်ဆေးခံသူတွေအနေနဲ့ အဖြေသိရှိရဖို့ နာရီဝက်လောက်ပဲကြာပါတယ်။ ရောဂါပိုးတွေ့ရှိခြင်းမရှိတဲ့သူတွေကို ကျန်းမာရေးထောက်ခံချက် အမြန်ဆုံးဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

ရေနီမြို့ခံများအနေဖြင့် ယာဉ်တန်းရှည်ကြီးဖြစ်ပေါ်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ စုဝေးနေကြခြင်းကြောင့် ကျန်းမာရေးအရ စိုးရိမ်ပူပန်မှုများရှိနေကြပြီး ရန်ကုန်မှ မထွက်ခွာမီ ယာဉ်မောင်းများကို ကျန်းမာရေးစစ်ဆေးပေးနိုင်ပါက ယခုကဲ့သို့ အစုအဝေးကြီးဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုမှုများလည်း ရှိနေသည်။ ကျန်းမာရေး စစ်ဆေးရေးယာယီစခန်းတွင် ပိုးတွေ့လူနာများပြားလျက်ရှိရာ ရေနီမြို့ပေါ် ကားလမ်းတစ်လျှောက် ဈေးဆိုင်ပိတ်ခြင်း၊ ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ဆောင်ရွက်နေကြသည်ကို မြင်တွေ့ခဲ့ရသည်။

ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်အကူလိုက်ပါသူများအား ကျန်းမာရေးစစ်ဆေးပေးနေသည့် လုပ်ငန်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည်များကို အပြင်စည်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

## ကိုဗစ်-၁၉ ရောဂါအတွက် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများ လှူဒါန်း

**ပုသိမ်  အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးရှိ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးသည့် Genexpert စက်တွင် တပ်ဆင်မည့် Module နှစ်ခု ထပ်မံတိုးချဲ့ရန်နှင့် အခြား ကိုဗစ်-၁၉ လုပ်ငန်းများအတွက် လှူဒါန်းပွဲကို ပုသိမ်ပြည်သူ့ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က "ယနေ့ လှူဒါန်းခြင်းသည် Genexpert စက်တွင် တပ်ဆင်မည့် Module နှစ်ခု ထပ်မံတပ်ဆင်ရန်ဖြစ်ကြောင်း၊ ဤသို့ တပ်ဆင်ခြင်းဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှုအရေအတွက်ကို နှစ်ဆတိုး၍ စစ်ဆေးနိုင်တော့မည်ဖြစ်ကြောင်း၊ စက်တပ်ဆင်ရန် ငွေကျပ် သိန်း ၁၂၀ ကုန်ကျမည်ဖြစ်ပြီး ကျန်ငွေကို နောက်ထပ် ကိုဗစ်-၁၉ ဆေးရုံသစ်တည်ဆောက်သည့် လုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၊ ပုသိမ် စက်မှုမြို့တော်စီမံကိန်းမိသားစုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ ပုသိမ်မြို့ စိန်သရဖူ ဆန်စက်နှင့် ပွင့်ဖြိုးဝေ ဆားစက်၊ မန္တလေးမြို့မှ မိဘ ဂုဏ်ရည် မိသားစု၊ G–7 Store Showroom၊ Centro City Hotelia၊ Royal Ayar Construction Co.,Ltd. နှင့် စေတနာရှင် အလှူရှင် ၂၆ ဦးတို့က အလှူငွေကျပ် ၁၈၈ သိန်း ငါးသောင်းအား ဆေးရုံအုပ်ကြီးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

---

**■ ရှေ့ဖုံးမှ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ကယ်ဆယ်ရေးလေယာဉ် ငါးကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒစ်ဂျစ်တယ်မီဒီယာရေစီးနှင့် အခွင့်အလမ်းများဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၃**
မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး ကျင်းပသည့် ဒစ်ဂျစ်တယ်မီဒီယာရေစီးနှင့်အခွင့်အလမ်းများဆိုင်ရာ အွန်လိုင်း ဆွေးနွေးပွဲ (Digital Media Trends and Opportunities Webinar)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် အသင်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ သတင်းမီဒီယာသမားများနှင့် စိတ်ပါ ဝင်စားသူများက သက်ဆိုင်ရာ နေရာအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### တက်ကြွလှုပ်ရှားမှုကြိုဆို

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာ စကားပြောကြားရာ၌ ယခင်လပိုင်းက ဖွဲ့စည်းခဲ့သည့် ဖြစ်မြောက်ရေးကော်မတီ၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် ယနေ့ ဆွေးနွေးပွဲကို ကျင်းပသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ကော်မတီမှ ဦးဆောင်ပုဂ္ဂိုလ်များ၏ တက်ကြွလှုပ်ရှားမှု အတွက်လည်း ကြိုဆိုကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ဟောပြောဆွေးနွေးပေး ကြမည့် ပုဂ္ဂိုလ်များ၏ အားထုတ်မှုနှင့် ၎င်းတို့၏ အသိပညာမျှဝေပေးလိုသည့် စေတနာအတွက် ကျေးဇူးတင်ရှိကြောင်း။

ယခုအစီအစဉ်ကို အကြောင်းပြု၍ ဒစ်ဂျစ်တယ်မီဒီယာအသုံးပြုနေသည့် အသင်းဖြစ်မြောက်ရေးတွင် မပါဝင်သေးသော ကျွမ်းကျင်တတ်မြောက်သည့် အခြားပညာရှင်များကလည်း အသင်းကြီး၏ ရည်ရွယ်ချက်၊ စေတနာကို သိမြင် ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သဘောပေါက်ကာ အသင်းကြီး တွင် ပါဝင်လိုစိတ်ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ယခုပြုလုပ်သော အသိပညာ ဖြန့်ဝေသည့် အစီအစဉ်ကို နှစ်သက်သဘောကျပြီး လေ့လာဆည်းပူးလိုသည့် ဒစ်ဂျစ်တယ်မီဒီယာ စိတ်ဝင်စားသူများအနေဖြင့်လည်း အသင်းကြီးအပေါ် လေးစားမှုနှင့်အတူ အသင်းသို့ ဝင်ရောက်လိုစိတ်ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်အသင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မီဒီယာ လုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ကြီးမားသည့် ဖြစ်ရပ်ကြီးနှစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းတို့မှာ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် မတ်လဝန်းကျင်ကတည်းက ဖြစ်ပွားလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် မိမိတို့အပေါ်တွင် အကျိုးသက် ရောက်မှု များစွာရှိခဲ့ပါကြောင်း၊ ယင်းဖြစ်ရပ်ကြီးနှစ်ခုကို တစ်ပြိုင်တည်း ဖြတ်သန်းနေရသည့်အချိန်တွင် ဒစ်ဂျစ်တယ်မီဒီယာ၏ လုပ်ငန်းအနေအထား သည် ပို၍အရေးပါသည့်နေရာသို့ ရောက်ရှိလာသည်ကို မိမိတို့အားလုံး တွေ့မြင် နေရပါကြောင်း။

မီဒီယာလုပ်ငန်းလုပ်ကိုင်နေသူများက အစည်းအဝေးများကို အကြိမ်ကြိမ် ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ဒစ်ဂျစ်တယ်မီဒီယာထုတ်လုပ်မည့်သူများနှင့် အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အသင်းတစ်သင်းဖွဲ့စည်းရန် လိုအပ်လာသည်ကို မိမိတို့အနေဖြင့် တွေ့ရှိရပါကြောင်း၊ ယင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ တစု တစည်းတည်းပါဝင်သည့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖွဲ့စည်းရန် သဘောတူညီချက် ရရှိခဲ့ပါကြောင်း၊ အစည်းအဝေးတက်ရောက်သူများ၏ သဘောတူညီချက်အရ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်ပေါ်လာပါက ယနေ့ကျင်းပသည့် Webinar များ၊ အခြားသောအကျိုးရှိသည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ဖြစ်မြောက်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်သည့်ပုဂ္ဂိုလ်များ ပါဝင်ရန် လိုအပ် သည်ဆိုသည့်ကိစ္စများကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ဖိတ်ခေါ်သွားရန် ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာအသင်းကို ကျယ်ပြန့်စွာဖွဲ့စည်းရန် လိုအပ်မည်ဟု ယုံကြည် လက်ခံထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကို (ကိုကို- စက်မှုတက္ကသိုလ်)က နေအိမ်မှ အလုပ်လုပ်သူများအတွက် ဒစ်ဂျစ်တယ်မီဒီယာ အညွှန်း (Digital Media Guide to Work – From – Home ) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် အိမ်ကနေ အလုပ်လုပ်ရာမှာ အိမ်ကို လုပ်ငန်းခွင်လို သဘော ထားအလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ သက်သောင့် သက်သာရှိမှုနှင့် ပရော်ဖက်ရှင်နယ်ဖြစ်မှုတို့ကို မျှတအောင်လုပ်ရန် လိုကြောင်း၊ မိမိကိုယ်မိမိ စီမံခန့်ခွဲနိုင်သည့် အချိန်စီမံခန့်ခွဲခြင်းဆိုင်ရာ မိုဘိုင်းအက်ပလီ ကေးရှင်းတွေကို စနစ်တကျ သုံးတတ်ရန်၊ သတင်းသမားများအတွက် မရှိမဖြစ် လိုအပ်သည့် အသံပိုင်းနှင့် အရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများနှင့် အက်ပလီကေးရှင်း များကို ရှာဖွေသုံးစွဲတတ်ရန် လိုအပ်ကြောင်း၊ ကင်မရာအနေအထား၊ အသံအရည် အသွေးနှင့် အလင်းရောင် မှန်ကန်အောင် နေအိမ်တွင် ဘယ်လိုရွေးချယ်မည်၊ အသံနှင့် ဗီဒီယိုအတွက် အက်ပလီကေးရှင်းများအကြောင်း၊ အင်တာဗျူးနှင့် ဆွေးနွေးခန်းများ ဘယ်လိုရိုက်ကူးမည်၊ အွန်လိုင်းဆွေးနွေးခန်းများ လုပ်သည့် အခါ လိုက်နာသင့်သော ကျင့်ဝတ်ထုံးတမ်းများအကြောင်း စသည်တို့ကို ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဆွေလှိုင် က ဒစ်ဂျစ်တယ်မီဒီယာ၏ ဝင်ငွေရလမ်းများနှင့် စိန်ခေါ်မှုများ (Digital Media Monetisation Opportunities & Challenges) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းသုံးစွဲသူ၊ အင်တာနက် သုံးစွဲသူ၊ ဆိုရှယ်မီဒီယာအသုံးပြုသူ၊ ရုပ်သံကြည့်ရှုနေကြသူများ လူဦးရေအချိုးအစားအလိုက် မည်မျှပါဝင်နေသည်၊ မည်သည့်ပုံစံသို့ ပြောင်းလဲလာနေသည်တို့ကို ကိန်းဂဏန်းအချက်အလက်များ ဖြင့် ကိုးကားရှင်းလင်းပြီး ဒစ်ဂျစ်တယ်မီဒီယာတွင် အကြောင်းအရာနှင့် ဖြန့်ချိမှု တို့၏ အရေးပါမှု၊ အရည်အသွေးရှိသော အကြောင်းအရာများနှင့် ထိရောက်သော ဖြန့်ချိမှုတို့၏ ပုံစံများကို နိုင်ငံတကာ အခြေအနေများနှင့် ဆက်စပ်ပြီး လည်း ကောင်း၊ လစဉ်ကြေးပေးကြည့်ရှုသည့်ပုံစံများ၊ ဒစ်ဂျစ်တယ် မီဒီယာကြော်ငြာ များနှင့် အီလက်ထရောနစ်ကုန်သွယ်မှုတို့ ဆက်စပ်ဆောင်ရွက်ရသည့် အတွေ့ အကြုံများကို လည်းကောင်း၊ ဒစ်ဂျစ်တယ်မီဒီယာများအနေဖြင့် ဝင်ငွေရလမ်း များ မည်ကဲ့သို့ ရှာဖွေမည်၊ ဖေ့စ်ဘွတ်နှင့် ယူကျူ့တို့မှ ဝင်ငွေရှာသည့် အခက်အခဲ များနှင့် ဖြစ်မြောက်ရေးကော်မတီမှ နည်းလမ်းရှာနေမှုများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။


ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အွန်လိုင်းမှ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးသောင်းစုငြိမ်း၊ ဦးမင်းဆွေလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း(ငွေသော်တာ)က ကျေးဇူးတင်စကားပြောကြားပြီး အွန်လိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အင်းယားလိတ်စင်တာတွင် ကိုဗစ်-၁၉ လူနာများ ထားရှိမည့်အခန်း ဖွဲ့စည်းမှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**ရန်ကုန် အောက်တိုဘာ ၃**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန် မှုများနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကုသရေး အတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၇၀၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီမှငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀၀၀ ကို ကနဦး မတည်လှူဒါန်း၍ အင်းယားလိတ်စင်တာကို Yangon Convention Center တွင် စက်တင်ဘာ ၂၉ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် လူနာများထားရှိ မည့် အခန်းဖွဲ့စည်းမှုလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပြီး အခြားလုပ်ငန်းများကို လည်း အချိန်မီပြီးစီးအောင် စနစ်တကျ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရ သည်။

### HDU ၁၆-ခုတင်

အင်းယားလိတ်စင်တာကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ စနစ် တကျ ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက် လျက်ရှိသည်။ အဆိုပါစင်တာတွင် လူနာခုတင်- ၅၀၀ အပါအဝင် High-Dependency Unit (HDU) ၁၆ - ခုတင် တစ်ပါတည်း ထည့်သွင်း ကုသပေးသွားမည်ဖြစ်သည်။ ထိုသို့ တည် ဆောက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုများ နှင့်အညီ စနစ်တကျ စီမံချက်ရေးဆွဲတည် ဆောက်လျက်ရှိပြီး ၁၀ ရက်အတွင်း အပြီး တည်ဆောက်နိုင်ရန် လျာထားဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အင်းယားလိတ်စင်တာ တည်ဆောက်မှု အခြေအနေများကို ယမန်နေ့က ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ အလားတူ အောက်တိုဘာ ၁ ရက်ကလည်း ရန်ကုန် တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသတိုက်ဖျက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုး လာရောက်ကြည့်ရှုပြီး “ဒီနေရာက တော်တော်လေး အဆင်ပြေတယ်။ ဘာလို့လဲ ဆိုတော့ အစကတည်းက စနစ်တကျ ခေတ်မီမီ နဲ့ တည်ဆောက်ထားတဲ့ ဒီအဆောက်အအုံထဲ မှာ အခုလိုမျိုး ကိုဗစ်-၁၉ ကုသရေးစင်တာအဖြစ် ပြောင်းလဲနိုင်တာဟာ ကျွန်တော်တို့အတွက် တော်တော်လေးလည်း ကံကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပါဝင်တဲ့သူတွေ၊ လှူဒါန်းတဲ့ အလှူရှင်တွေအားလုံးကို ကျေးဇူးတင်ပါ တယ်”ဟု ပြောသည်။

### စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေး

အဆိုပါကိုဗစ်စင်တာတွင် တက်ရောက် ကုသမည့်လူနာများအတွက် လိုအပ်မည့် အထူးဆေးဝါးများနှင့် အာဟာရပြည့်ဝစေရန် နံနက်၊ နေ့လယ်၊ ညစာများကို အခမဲ့ Food Court ဖြင့် စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်သည်။ ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများအတွက်လည်း သီးသန့် အဆောက်အအုံများ တစ်ပါတည်းပါဝင်မည် ဖြစ်ကာ အခမဲ့ Food Court များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရ သည်။ ထို့အပြင် ဖျားနာသူများ ရေချိုးရာတွင် အဆင်ပြေစေရန် ရေပူရေအေးစနစ်များကို လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေး သည့်အနေဖြင့် အနုပညာရှင်များကလည်း ပြင်ပမှနေ၍လူနာများကို တိုက်ရိုက်အားပေး စကားပြောကြားမည့် အစီအစဉ်များ လည်းကောင်း ထည့်သွင်းထားကြောင်း သိရှိရ သည်။

**ကိုကျော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး၍ အားပေးစကားပြောကြားကာ အကြံပြုချက်များ ရယူသည်။

**ပေးပို့အကြောင်းကြားမည်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုသည် နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးမှ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၏ လုပ်ငန်းပီပြင်ထိရောက်မှုအပေါ် တိုက်ရိုက်မူတည်နေသဖြင့် မြို့နယ်ဆရာဝန်ကြီးများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးရခြင်းမှာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေရာ၌ တွေ့ကြုံရသော စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ထပ်မံလိုအပ်ချက်များနှင့် လက်တွေ့အကြံပြုချက်များကို သိရှိနိုင်ရန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အတွေးအမြင်၊ အကြံပြုချက်များ ရယူဆောင်ရွက်မှသာ ဗဟို၌ မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီး လေးခုမှ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် တင်ပြခဲ့သည့် လိုအပ်ချက်နှင့် အကြံပြုချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ညွှန်ကြားထားပြီးဖြစ်သကဲ့သို့ လုပ်ဆောင်နိုင်မှုနှင့် လုပ်ဆောင်ပြီးစီးမှုအခြေအနေများကို ပြန်လည်တင်ပြရန် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ email ဖြင့် ပေးပို့အကြောင်းကြားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်များ မျှဝေမှုနှင့် မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ဗဟိုတို့ စနစ်တကျချိန်သားကိုက် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုတို့သည် အထူးအရေးကြီးပါကြောင်း၊ မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရာ မြို့နယ်တွင် လိုအပ်ချက်များအား မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် တိုင်ပင်ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို တိုင်းဒေသကြီး/ ပြည်နယ်သို့လည်းကောင်း၊ ဗဟိုအဆင့်သို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နိုင်သည့် အတိုင်းအတာကျော်လွန်သည့် ကိစ္စရပ်များကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြကာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်တတ်သော ရောဂါဖြစ်သည့်အတွက် လူစုလူဝေးပြုလုပ်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မတပ်ဆင်ခြင်းပြုလုပ်ပါက ရောဂါလျင်မြန်စွာ ကူးစက်ပျံ့နှံ့ကာ ထိန်းချုပ်ရအလွန်ခက်ခဲမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်လည်း ယခုအချိန်အထိ ကိုဗစ်-၁၉ ဖြစ်ပွား သေဆုံးမှုများ မြင့်မားလျက်ရှိပြီး မိမိတို့ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ကိုဗစ်-၁၉ သည် လူမှုစီးပွားရေးကို ကြီးမားသော ရိုက်ခတ်မှုတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ လျင်မြန်စွာ ပျံ့နှံ့နေသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် အားနည်းချက်များ ကြုံတွေ့နိုင်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်သည်းခံကာ အသင်းအဖွဲ့စိတ်ဓာတ်ကောင်းများဖြင့် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မြို့နယ်အဆင့်၌ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဗျူဟာနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ရောဂါဆိုင်ရာ တွေ့ရှိချက်အသစ်များ၊ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်များ၊ မိမိတို့တွင်ရှိသော အရင်းအမြစ်များ၊ လုပ်ဆောင်နိုင်သည့် အတိုင်းအတာတို့နှင့်အညီ မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အဆိုပါလုပ်ငန်းလမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာကို နေ့စဉ်ကြည့်ရှုခြင်း၊ အီးမေးလ်များကို ပုံမှန်ကြည့်ရှုတုံ့ပြန်ခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်သည့် နေရာများအား စီမံခန့်ခွဲမှုများသည် အထူးအရေးကြီးသည့်အတွက် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ပိုမိုပီပြင်စေရန် ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မိမိတို့မြို့နယ်၏ ဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်အပါအဝင် အခြားလိုအပ်ချက်များကို အမြဲတမ်းဆန်းစစ်သုံးသပ်မှုများ ပုံမှန်ပြုလုပ်ကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စာရင်းပေးပို့တောင်းဆိုရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါလိုအပ်ချက်များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှာဖွေထောက်လှမ်းခြင်း**

ထို့နောက် မိမိနေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at Home) သတ်မှတ်ထားသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မင်္ဂလာဒုံ၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ဒလနှင့် လှိုင်သာယာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေနှင့် အမရပူရမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တို့မှ မြို့နယ်ဆရာဝန်ကြီးများက သက်ဆိုင်ရာ မြို့နယ်အလိုက် တင်ပြကြရာ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ထမ်းများ မြို့နယ်အလိုက် အဖွဲ့များဖွဲ့စည်းကာ တာဝန်ထမ်းဆောင်နေမှု၊ အသွားအလာကန့်သတ်ရာနေရာများတွင် ကျန်းမာရေးဝန်ထမ်းများကို အဖွဲ့များဖွဲ့ကာ တာဝန်ထမ်းဆောင်နေမှု၊ ခတ်ခွဲနမူနာများရယူရန် အဖွဲ့များဖွဲ့ကာ တာဝန်ထမ်းဆောင်နေမှု၊ အဖွဲ့များအလိုက် Viber Group များဖွဲ့ကာ ချိတ်ဆက်ဆောင်ရွက်နေမှု၊ ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးနေမှုနှင့် လိုအပ်ချက်များ၊ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူများ၊ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများထံမှ ခတ်ခွဲနမူနာများ ရယူစုဆောင်းကာ ခတ်ခွဲဌာနများသို့ ပေးပို့စစ်ဆေးနေမှု၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းအင်အား အခြေအနေနှင့် ဝန်ထမ်းများ ပင်ပန်းနွမ်းနယ်နေမှု၊ လုပ်ငန်းများတွင် ပရဟိတစေတနာရှင်များက ဝိုင်းဝန်းကူညီဆောင်ရွက်နေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီများက ယခင်ကထက် ပိုမိုပူးပေါင်းပါဝင်လာမှု၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု၊ အသွားအလာကန့်သတ်ရန် နေရာများ ပြင်ဆင်ထားရှိမှု၊ ယာယီဆေးရုံများ စီစဉ်နေမှုနှင့် လိုအပ်ချက်များ၊ လတ်တလော အနံ့ပျောက်လက္ခဏာ ခံစားရသူများအား နေရာတစ်ခုတွင် ထားရှိကာ ခတ်ခွဲနမူနာယူခြင်းနှင့် ကုသမှုပေးခြင်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ၊ ခတ်ခွဲနမူနာများ ပေးပို့ပြီး ခတ်ခွဲအဖြေရရှိရန် စောင့်ဆိုင်းရန် အချိန်ကြာနေမှု၊ ရောဂါကူးစက်ခံရနိုင်ခြေရှိသည့်ဝန်ထမ်းများ နေအိမ်သို့ မပြန်ဘဲ နေထိုင်ရန်အတွက် အဆောင်/နေရာများ လိုအပ်မှု၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် များပြားသောလုပ်ငန်းများနှင့် များပြားသောလူနာများ၊ အသွားအလာကန့်သတ်ထားသူများအတွက် လုပ်ဆောင်နေရသောကြောင့် အားနည်းလစ်ဟာမှုများ ရှိနေမှုနှင့် လိုအပ်သည့်ပံ့ပိုးမှုများ။

**ထိတွေ့ခဲ့သူ များပြား**

ခတ်ခွဲနမူနာရယူခန်း (swab booth) များ၊ Pulse Oxymeter များနှင့် သွေးပေါင်ချိန်တိုင်းကိရိယာများ ထပ်မံလိုအပ်နေမှု၊ အသွားအလာကန့်သတ်ရာနေရာများတွင် ရေချိုးခန်းများနှင့် ရေအိမ်များ လိုအပ်နေမှု၊ မင်္ဂလာဒုံမြို့နယ်တွင် တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများတွင် စက်ရုံ၊ အလုပ်ရုံများမှ လူနာများပါဝင်သဖြင့် ၎င်းတို့နှင့် ထိတွေ့ခဲ့သူဦးရေများပြားမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ လူနာတွေ့ရှိမှု များပြားသည့်နေရာများအား လမ်းအလိုက်အဝင်၊ အထွက် အသွားအလာကန့်သတ်ခြင်းများကို လုပ်ဆောင်မှု၊ မအူပင်မြို့နယ်တွင် မြို့နယ်အတွင်းသို့ ကုန်းလမ်းမှ ဝင်ရောက်သူများအား စနစ်တကျ စိစစ်နိုင်သော်လည်း ရေလမ်းကြောင်းအမျိုးမျိုးမှ ဝင်ရောက်လာသူများအား မစိစစ်နိုင်မှု၊ ဒလမြို့နယ်တွင် တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများတွင် သက်ကြီးဘိုးဘွားနှင့် လေဖြတ်ရောဂါရှိ၍ နေအိမ်မှ ပြင်ပသို့ မထွက်သူများ ပါဝင်နေပြီး ၎င်းတို့နှင့် နေထိုင်သူများမှတစ်ဆင့် ကူးစက်ခြင်းကို တွေ့ရှိရမှုနှင့် လူနာတင်ယာဉ် ထပ်မံလိုအပ်မှု၊ ကဝမြို့နယ်တွင် ကျေးရွာများ၌ ကျန်းမာရေးဌာနနှင့် အာဏာပိုင်များက ကျေးရွာအလိုက် အသွားအလာကန့်သတ်ရာနေရာများ ထားရှိဆောင်ရွက်နေမှု၊ ဖားကန့်မြို့နယ်တွင် လူနာတင်ယာဉ် လိုအပ်မှုနှင့် အထွေထွေဆွေးနွေးချက်များ၊ အကြံပြုချက်များကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးနှင့်ဆေးပစ္စည်းဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းများကို မိမိကိုယ်တိုင် ဦးစီးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 mask များကို ဖြန့်ဝေပေးထားပြီး လိုအပ်မှုရှိက အချိန်နှင့်တစ်ပြေးညီ ထပ်မံတောင်းခံစေလိုပါကြောင်း၊ Pulse Oxymeter များ၊ သွေးပေါင်ချိန်တိုင်းကိရိယာများကို ထပ်မံပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ခတ်ခွဲနမူနာရယူခန်း (sample collection booth) များ မြို့နယ်အလိုက် ထပ်မံဝယ်ယူအသုံးပြုရန် ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ စက်တင်ဘာလအတွင်းက ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းအရ နှစ်အလိုက် ဦးစားပေးမြို့နယ်များကို လူနာတင်ယာဉ်များ ခွဲဝေချထားပေးပြီး ထပ်မံလိုအပ်မှုများအား စိစစ်ပေးပို့မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များမှ ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို စီစဉ်ဖြည့်ဆည်းပေးကာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယနေ့ဆွေးနွေးသွားခဲ့သည့် အချက်များတွင် မြို့နယ်တစ်ခုမှ ကောင်းမွန်သည့်လုပ်ဆောင်ချက်ကို အခြားမြို့နယ်များမှ အတုယူလုပ်ဆောင်နိုင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သတင်းအချက်အလက်ပေးပို့မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဝန်ကြီးဌာနမှ Mobile Tablet များ ပေးအပ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် မြို့နယ်ဆရာဝန်ကြီးများနှင့် ဗီဒီယိုကွန်ဖရင့်စနစ် ပုံမှန်ဆက်သွယ်ဆွေးနွေးခြင်းများ၊ လပတ်အစည်းအဝေးများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း ပေးပို့သင်ကြားပေးပြီးဖြစ်ပါကြောင်း။

**အနံ့ပျောက်ရောဂါ ဆန်းစစ်**

ကိုဗစ်-၁၉ ခတ်ခွဲအတည်ပြုလူနာများ ခတ်ခွဲအဖြေထွက်သည့်နေ့ကို ရောဂါပိုးတွေ့ရှိမှုပထမနေ့အဖြစ် မသတ်မှတ်ရန်နှင့် ၎င်းပိုးတွေ့လူနာထံမှ ခတ်ခွဲနမူနာရယူသည့်နေ့ကို ရောဂါပိုးတွေ့ရှိမှု ပထမနေ့အဖြစ် သတ်မှတ်ရန်မှာ ကပ်ရောဂါဗေဒသဘောတရားအရ အထူးအရေးကြီးပါကြောင်း၊ မြို့နယ်တစ်ခုနှင့်တစ်ခုတွင် နေရာဒေသအနေအထား၊ လူနေထိုင်မှုပုံစံ၊ စက်ရုံ၊ အလုပ်ရုံများရှိမှု အခြေအနေ၊ ဝင်၊ ထွက်လမ်းကြောင်းများ အခြေအနေ၊ ပြည်သူများ၏ စည်းကမ်းလိုက်နာဆောင်ရွက်မှု အခြေအနေ၊ မြို့နယ်ကော်မတီများ၏ ကူညီမှုအခြေအနေ၊ ကျန်းမာရေးဝန်ထမ်းအင်အားအခြေအနေ တူညီမှုမရှိနိုင်သဖြင့် မိမိတို့မြို့နယ်နှင့် အသင့်တော်ဆုံးသော လုပ်ငန်းများကို မြို့နယ်ကော်မတီနှင့်တိုင်ပင်ကာ ဆုံးဖြတ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါအခံတစ်မျိုးမျိုးရှိသူများ အထူးသဖြင့် ဆီးချို ရောဂါရှိသူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခြင်းကို ရှောင်ကြဉ်ရန်နှင့် နေအိမ်တွင်လည်း အခြားအတူနေသူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားခွဲကာ အိပ်စက်ခြင်းတို့ကို လုပ်ဆောင်ရန်မှာ အထူးအရေးကြီးသဖြင့် မြို့နယ်အဆင့်၌ အသိပေးနှိုးဆော်စေလိုပါကြောင်း၊ အသွားအလာကန့်သတ်ရာနေရာများ၌ ဆီးချို၊ သွေးတိုး၊ တီဘီ၊ ခုခံကျစသည့် ရောဂါရှိသူများ ဆေးဝါးများ သောက်သုံးမှု မပြတ်လပ်စေရေးကိုအလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊ လတ်တလော အနံ့ပျောက်လက္ခဏာ ခံစားရသူများ၏ ရောဂါသဘောသဘာဝအခြေအနေကို ဆန်းစစ်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မကြာသေးမီကာလကမှ အသိအမှတ်ပြုခဲ့သော Rapid Antigen Diagnostic Test Kit များကို အဆင့်လိုက် ပေးပို့လျက်ရှိပါကြောင်း၊ ဈေးရောင်းချသူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (mask) နှင့် မျက်နှာကာ (face shield) များကို မဖြစ်မနေ တပ်ဆင်ကြရန်၊ ဈေးဝယ်သူများအနေဖြင့်လည်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) စနစ်တကျတပ်ဆင်ရန်နှင့် အချိန်ကြာမြင့်စွာ လှည့်ပတ်ဝယ်ယူခြင်းမပြုစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များထံ စာဖြင့်ပေးပို့ မေတ္တာရပ်ခံထားရှိပြီးဖြစ်သဖြင့် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ဤကိစ္စအား ဆက်လက်ဆောင်ရွက်ပါရန် ပြောကြားလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းနေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# ကပ်ရောဂါကို အန်တုမည့် ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေးစနစ်သစ် "အွန်လိုင်းကုန်စည်ပြပွဲ"

**အွန်လိုင်းကုန်စည်ပြပွဲ Platform တည်ထောင်ခြင်း**

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းကို ရပ်နားထားခဲ့ရသည်။ ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများသည် ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်အထိ ချိတ်ဆက်ပေးနိုင်သည့်အရေးပါသော Platform တစ်ခုဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို New Normal ပုံစံများဖြင့် ပြောင်းလဲဆောင်ရွက်လာကြသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) သည်လည်း နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနည်းတူ ကျင်းပပြုလုပ်နေကျ ကုန်စည်ပြပွဲများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ Online Exhibition များအဖြစ် ပြောင်းလဲရန်လိုအပ်သောကြောင့် Myanmar Online Expo Park Platform ကို Cyber King Co.,Ltd. ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် တည်ထောင်ခဲ့သည်။

**ကုန်စည်ပြပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်း**

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနသည် ညွှန်ကြားရေးမှူးချုပ်၏ကြီးကြပ်မှုဖြင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များနည်းတူ မိမိနိုင်ငံ၏ထွက်ကုန်များကို Online Platform အသုံးပြု၍ ဈေးကွက်ရှာဖွေမြှင့်တင်နိုင်ရေးအတွက် Myanmar Online Expo Park ကုန်စည်ပြပွဲ Platform ကို Cyber King Co., Ltd ၏ နည်းပညာအကူအညီဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ ညှိနှိုင်းပြုစုခဲ့သည်။ ကုန်စည်ပြပွဲ Platform ကို E-Commerce platform ပုံစံမဖြစ်စေရန်နှင့် Physical Exhibition တွင် ပါဝင်ရသည့်ခံစားချက်များနှင့် အနီးစပ်ဆုံးခံစားရစေရန် အကြိမ်ကြိမ် ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အပြီးသတ်နိုင်ခဲ့သည်။

**သတင်းမီဒီယာမိတ်ဆက်ပွဲကျင်းပခြင်း**

Myanmar Online Expo Park ၏ Media မိတ်ဆက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ဒုတိယထပ်ရှိ ညီလာခံခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများမှ ကိုယ်စားလှယ် ၃၀ တက်ရောက်ခဲ့သည်။ သတင်းမီဒီယာမိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဘ်မူတာကပေါက Video Conferencing စနစ်ဖြင့် အဖွင့်အမှာစကား ပြောကြား ခဲ့ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံ ဒေါက်တာသက်လွင်ဦးနှင့် Cyber King Co.,Ltd. မှ CEO ဦးမြတ်သူတို့က Myanmar Online Expo Park တည်ဆောက်ရခြင်း ပြပွဲအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှုများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ပထမအကြိမ် အွန်လိုင်းမှ ကုန်စည်ပြပွဲကို ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်ဖြင့် Myanmar Online Expo Park Platform တွင် Myanmar International Expo of Organic and Natural Products အမည်ဖြင့် ၂၄.၈.၂၀၂၀ ရက်နေ့မှ ၃၀.၈.၂၀၂၀ ရက်နေ့အထိ ခုနစ်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

**ပထမအကြိမ် အွန်လိုင်းကုန်စည်ပြပွဲ ကျင်းပပြုလုပ်ခြင်း**

Myanmar International Expo of Organic and Natural Products အွန်လိုင်းကုန်စည်ပြပွဲအား Myanmar Online Expo Park (MOEP) Platform တွင် ၂၄.၈.၂၀၂၀ မှ ၃၀.၈.၂၀၂၀ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အွန်လိုင်းကုန်စည်ပြပွဲအား ပြပွဲစီစဉ်သူအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကြီးမှူးကျင်းပပြီး Cyber King Co., Ltd. က နည်းပညာဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။

၎င်းကုန်စည်ပြပွဲတွင် တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၁၁ ခုနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၄၁ ခုမှ ပြခန်းပေါင်း ၅၁ ခန်းတို့တွင် ဆန်စပါး၊ ပဲ၊ နှမ်း၊ သစ်သီးဝလံ၊ ရေထွက်ကုန်၊ စားသောက်ကုန်၊ ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်များ ပါဝင်ပြသခဲ့သည့်အပြင် နိုင်ငံတကာမှ ပါဝင်တက်ရောက်သူ ၂၅၀ ကျော် ကြိုတင်အမည်စာရင်း ပေးသွင်းခဲ့သည်။


**ပြပွဲ၏ရည်ရွယ်ချက်များ**

Myanmar International Expo of Organic and Natural Products အွန်လိုင်းကုန်စည်ပြပွဲကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည်-

- ကိုဗစ်-၁၉ ကာလတွင် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများကို ကျင်းပရန် မဖြစ်နိုင်သောကြောင့် အွန်လိုင်းကုန်စည်ပြပွဲ ကျင်းပခြင်းဖြင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန်၊
- မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်ကျစရိတ်သက်သာစွာဖြင့် အရည်အသွေးရှိ မြန်မာ့ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်မိတ်ဆက်နိုင်ရန်နှင့် ဈေးကွက်သစ်များ ရှာဖွေဖော်ဆောင်နိုင်ရန်၊
- မြန်မာကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာဝယ်လက်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန်နှင့် နိုင်ငံတကာကုန်သွယ်မှု အတွေ့အကြုံများ ရရှိလာစေရန်။

**ပထမအကြိမ် အွန်လိုင်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း**

Myanmar International Expo of Organic and Natural Products အွန်လိုင်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားအား ၂၄.၈.၂၀၂၀ ရက်နေ့ နံနက် ၁၀ နာရီတွင် Myanmar Online Expo Park Convention Center (Ruby Hall) တွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဘက်မှ တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးရုံး အတွင်းရေးမှူးချုပ် မစ္စတာဝမ်လီ ဦးဆောင်သော CCPIT (Yunnan Sub-committee)၊ လင်ချန်းမြို့ ပြည်သူ့အစိုးရနှင့် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များနည်းတူ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာသို့ မိမိနိုင်ငံ၏ အရည်အသွေးရှိထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်ရန်နှင့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင် လယ်ယာထွက်ကုန်များကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ပါကြောင်း၊ **ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံကို စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့သော နိုင်ငံတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အွန်လိုင်းကုန်စည်ပြပွဲ ပလက်ဖောင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်**ပါကြောင်း ပြောကြားခဲ့သည်။ Myanmar International Expo of Organic and Natural Products အွန်လိုင်းကုန်စည်ပြပွဲသို့ ပြပွဲကာလအတွင်း နိုင်ငံတကာမှ ဝင်ရောက်ကြည့်ရှုသူစုစုပေါင်း ၁၈၅၅၆၀ ရှိခဲ့သည်။




ပြပွဲသို့ အွန်လိုင်းမှ တက်ရောက်မှုအခြေပြဇယား

**Business Matching များ ကျင်းပပြုလုပ်ခြင်း**

အွန်လိုင်းကုန်စည်ပြပွဲကာလအတွင်း မြန်မာ-စင်ကာပူ Business Matching၊ မြန်မာ-ဂျပန် Business Matching၊ မြန်မာ-တရုတ်(ယူနန်) B2B Matchmaking Meeting၊ မြန်မာ-တရုတ် (ရှန်ဟိုင်း) Business Matching နှင့် မြန်မာ-ကိုရီးယား Business Matching များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာကုမ္ပဏီများအနေဖြင့် တရုတ်၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားကုမ္ပဏီ ၇၀ ကျော်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြသည်။

## ဒေါက်တာသက်လွင်ဦး (MYANTRADE)

**ရရှိသော အကျိုးကျေးဇူးများ**

အွန်လိုင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများမှာ -

- ကုန်ကျစရိတ်သက်သာခြင်း၊
- မိမိရုံးခန်းနေရာတွင်ပင် Online မှ ပြသနိုင်ခြင်း
- နိုင်ငံတကာမှဝယ်ယူသူများနှင့် Online မှ တွေ့ဆုံဆွေးနွေးနိုင်ခြင်း၊
- Online Business Matching များ တက်ရောက်နိုင်ခြင်း၊
- Online ဆွေးနွေးဝိုင်းများ တက်ရောက်နိုင်ခြင်း၊
- မိမိထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်မည့်အခွင့်အလမ်းများရရှိခြင်း။

**ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ**

ပထမအကြိမ် အွန်လိုင်းကုန်စည်ပြပွဲမှရရှိသော အတွေ့အကြုံများအပေါ် အခြေခံ၍ MOEP Platform တွင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များမှာ-

- Inbound၊ Outbound ကုန်စည်ပြပွဲများ ကျင်းပခြင်း၊
- Online Business Matching များ ပြုလုပ်ခြင်း၊
- Online ဆွေးနွေးပွဲများ ကျင်းပခြင်း၊
- Online + Simple ကုန်စည်ပြပွဲများကျင်းပခြင်း၊
- Permanent Trade Platform တစ်ခု တည်ဆောက်ခြင်း။

အချုပ်အားဖြင့်ဆိုသော် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အွန်လိုင်းကုန်စည်ပြပွဲသည် မြန်မာနိုင်ငံ၏ အရည်အသွေးရှိထုတ်ကုန်များကို ပြည်ပဝယ်လက်များသို့ လွယ်ကူလျင်မြန်စွာ မိတ်ဆက်ပေးနိုင်ခဲ့သည်။ Online Expo ကျင်းပခြင်းကြောင့် နိုင်ငံတကာမှ ဝယ်လိုအားကောင်းသည့်ကုန်စည်များကိုလည်း သိရှိလာသည့်အပြင် ကိုဗစ်-၁၉ ကာလတွင် သီးနှံရိက္ခာ ထုတ်လုပ်သော နိုင်ငံတစ်ခုအနေဖြင့် ရပ်တည်နိုင်ရေး ကြိုးစားသင့်ကြောင်းကိုလည်း သိရှိလာရပါသည်။ ထို့အပြင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှလည်း Myantrade ၏ ကိုဗစ်-၁၉ ကို အန်တု၍ ကျင်းပနိုင်ခဲ့သည့် ဈေးကွက်မြှင့်တင်ရေး ကုန်စည်ပြပွဲအပေါ် အသိအမှတ်ပြု အားပေးထောက်ခံခဲ့ကြကြောင်း တွေ့ရှိရပါသည်။ **မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် Online ကုန်စည်ပြပွဲသည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့အသိုက်အဝန်းအလယ်တွင် အထင်ကရဖြစ်စေသော တီထွင်ဖန်တီးမှုတစ်ခုအဖြစ် မှတ်ကျောက်တင်နေမည်ဖြစ်ပြီး** ယခုကျင်းပပြုလုပ်ခဲ့သော အွန်လိုင်းကုန်စည်ပြပွဲ၏ အတွေ့အကြုံများအပေါ်အခြေခံ၍ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် Physical Exhibition များ ကျင်းပရန် မဖြစ်နိုင်သည့် ကာလအတွင်း နှစ်စဉ်ကျင်းပနေကျ ကုန်စည်ပြပွဲများကို Online Platform အသုံးပြု၍ ဆက်လက်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ မြန်မာနိုင်ငံသည် နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များနည်းတူ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာသို့ မိမိနိုင်ငံ၏ အရည်အသွေးရှိထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်ရန်နှင့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်။

❖ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင် လယ်ယာထွက်ကုန်များကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံကို စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့သော နိုင်ငံတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အွန်လိုင်းကုန်စည်ပြပွဲ ပလက်ဖောင်းသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်။

## ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေကို ကျေးဇူးတင်



**ကျန်းမာရေးဝန်ထမ်းတွေအကြောင်း ပြောရင်းနဲ့ တစ်ခါတည်း ကျွန်မ ပြောရမယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေထဲမှာလည်း ရောဂါပိုးကူးစက်တာတွေရှိတယ်။ အသေအပျောက်လည်းရှိပါတယ်။ ဒါဟာလည်း ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အလုပ်သဘောသဘာဝအရ ရှောင်ရခက်တဲ့ကိစ္စပါ။ ကျွန်မတို့ ဒီလိုရှောင်ရခက်တဲ့ ကိစ္စမှန်းသိရက်သားနဲ့ စေတနာ၊ မေတ္တာနဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ Quarantine ဘက်မှာ ကူညီတဲ့ စေတနာ့ဝန်ထမ်းတွေ အားလုံးကိုလည်း ပြည်သူပြည်သားများကိုယ်စား ကျေးဇူးတင်ပါတယ်ဆိုတာ ကျွန်မထပ်လောင်းပြီးတော့ ပြောချင်ပါတယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၁၀-၂၀၂၀) ရက်နေ့၊ နေ့လယ် (၂:၀၀) နာရီ**

၁။ (၂-၁၀-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၂) ဦး** ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၁၃၆ |
| | | သင်္ဃန်းကျွန်း | ၁၀၆ |
| | | ကြည့်မြင်တိုင် | ၆၁ |
| | | မရမ်းကုန်း | ၅၇ |
| | | မြောက်ဥက္ကလာပ | ၅၆ |
| | | အင်းစိန် | ၅၅ |
| | | ရွှေပြည်သာ | ၅၃ |
| | | တာမွေ | ၄၄ |
| | | တောင်ဥက္ကလာပ | ၄၃ |
| | | ပန်းဘဲတန်း | ၄၃ |
| | | လသာ | ၄၁ |
| | | မင်္ဂလာဒုံ | ၃၅ |
| | | ဆိပ်ကြီးခနောင်တို | ၃၁ |
| | | မင်္ဂလာတောင်ညွန့် | ၂၉ |
| | | ဗဟန်း | ၂၇ |
| | | သန်လျင် | ၂၇ |
| | | လှိုင် ** | ၂၃ |
| | | ရန်ကင်း | ၂၁ |
| | | စမ်းချောင်း | ၁၆ |
| | | ကမာရွတ် ** | ၁၆ |
| | | သာကေတ | ၁၄ |
| | | အလုံ | ၁၃ |
| | | လမ်းမတော် | ၁၁ |
| | | ဒဂုံဆိပ်ကမ်း | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) *** | ၁၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) *** | ၁၀ |
| | | ဒလ | ၉ |
| | | ဒေါပုံ | ၈ |
| | | ဗိုလ်တထောင် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ခရမ်း | ၇ |
| | | ဒဂုံ | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | မှော်ဘီ | ၃ |
| | | သုံးခွ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | လှည်းကူး | ၂ |
| | | တိုက်ကြီး | ၂ |
| | | ထန်းတပင် | ၁ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၁၀၄၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး | ၉ |
| | | အောင်မြေသာစံ | ၇ |
| | | ချမ်းအေးသာစံ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | သာစည် *** | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၃။ | ကချင်ပြည်နယ် | မိုးညှင်း | ၁ |
| | | စုစုပေါင်း | ၁ |
| ၄။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၄ |
| | | ဘူးသီးတောင် | ၃ |
| | | ကျောက်တော် | ၁ |
| | | စုစုပေါင်း | ၈ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ဝေါ * | ၁ |
| | | ပဲခူး *** | ၁ |
| | | ရေတာရှည် * | ၁ |
| | | ရွှေတောင် | ၁ |
| | | အုတ်ဖို | ၁ |
| | | စုစုပေါင်း | ၅ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၇ |
| | | ဘိုကလေး | ၇ |
| | | ပုသိမ် | ၅ |
| | | မြာပုံ | ၃ |
| | | မအူပင် * | ၂ |
| | | အိမ်မဲ | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ် | ၃ |
| | | ကျိုက်မရော | ၁ |
| | | မော်လမြိုင် | ၁ |
| | | ကျိုက်ထို * | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ *** | ၁ |
| | | မွန်ဖြူး * | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | ကရင်ပြည်နယ် | ကော့ကရိတ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၀။ | နေပြည်တော် | ပျဉ်းမနား | ၂ |
| | | ဇမ္ဗူသီရိ | ၁ |
| | | သယ်ာဝတီ | ၁ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၁။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး *** | ၂ |
| | | အောင်ပန်း | ၁ |
| | | ပင်းတယ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၈ |
| | | ကနီ | ၇ |
| | | ခေါင်းမြင့် | ၁ |
| | | စုစုပေါင်း | ၁၆ |
| | | (၂-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၄၂) ဦး |

* မြို့နယ်များမှ အချို့သည် ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူများဖြစ်ပါသည်။

** လှိုင်မြို့နယ်မှ (၁)ဦးနှင့် ကမာရွတ်မြို့နယ်မှ (၃) ဦးတို့သည် ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူများဖြစ်ပါသည်။

*** ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား စစ်ဆေးခြင်းမှ တွေ့ရှိသူများဖြစ်ပါသည်။

မှတ်ချက်။ (၂-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၂) ဦးတွင် အနံ့မရရှိသူ (၁၆၃) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ပင်လောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် အောက်တိုဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်စင်းတောင်းကျေးရွာအုပ်စု တင်းထက်(အရှေ့)ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် ၁၀ ဒသမ ၀၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၇ သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၆ ဒသမ ၁၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီ၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့က မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် ကျေးရွာစီမံကိန်း ကော်မတီဝင်များက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါစီမံကိန်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဂျိုင်းလော(သတင်းစဉ်)**

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၉- ၉-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ဒေသအတွင်းရှိလုပ်ငန်းရှင်များ၊ ဒေသခံ တိုင်းရင်းသားများ | ၁၀၀၀.၀၀ |
| ၂။ | Excellent Fortune Foundation နှင့် Excellent Fortune Development Group, CEO, Chairman & Founder အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုင်းမျိုးဝင်းနှင့် ဇနီး Senior Vice Chairman & Co-Founder အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီ | ၁၀၀၀.၀၀ |
| ၃။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ | ၈၇၅.၀၀ |
| ၄။ | စိုးအောင်ဘရားသား လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး (SOE AUNG Brothers Electrics) | ၃၀၀.၀၀ |
| ၅။ | မိဘများအား ရည်စူးလျက် သား ဒေါက်တာတင့်စိုးလင်းနှင့် အစ်ကို ဦးမြင့်အောင်နှင့် မိသားစု၊ ညီမဒေါ်ပွင့်မာခိုင်နှင့် မိသားစု | ၃၀၀.၀၀ |
| ၆။ | (အောင်သုခ) ဦးအောင်+ ဒေါ်သောင်းသောင်း မိသားစု၊ ဗိုလ်တထောင် | ၃၀၀.၀၀ |
| ၇။ | Forever Group Co.ltd | ၃၀၀.၀၀ |
| ၈။ | ဦးလှဝင်း၊ ဦးသိန်းရွှေ၊ ဦးစည်သူမြတ် သဘာဝစွမ်းအားကျောက်မျက်ကုမ္ပဏီများအုပ်စု | ၂၅၀.၀၀ |
| ၉။ | ဦးသန်းလွင် + ဒေါ်လွင်လွင်ဦး၊ Steel Stone Company Group | ၂၀၀.၀၀ |
| ၁၀။ | Myanmar Padauk Trading Co.,Ltd | ၁၃၃.၀၀ |
| ၁၁။ | ဦးဖေဝင်းသန့်၊ ဒုကျောင်းအုပ်၊ CAE၊ Myanmar Private Schools | ၁၂၈.၄၀ |
| ၁၂။ | တက္ကသိုလ် သင်္ချာမိသားစု | ၁၀၅.၀၀ |
| ၁၃။ | RIT1983 INTAKE FRIENDS GROUP | ၁၀၀.၀၀ |
| ၁၄။ | လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့ | ၁၀၀.၀၀ |
| ၁၅။ | Red Horse Dairy Industries Ltd (PEP နို့မှုန့်) | ၁၀၀.၀၀ |
| ၁၆။ | သိပ္ပံချွန် မိသားစု လူမှုရေးအသင်း | ၈၅.၀၀ |
| ၁၇။ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်များအသင်း(ဗဟို) | ၆၀.၀၀ |
| ၁၈။ | ပြည်တွင်းရှိ မုံရွာနည်းပညာမိသားစုများနှင့် ခေတ္တ စင်ကာပူရောက်မိသားစုများ | ၅၀.၀၀ |
| ၁၉။ | မေတ္တာနန္ဒဖောင်ဒေးရှင်း တည်ထောင်တော်မူသော ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ အားရည်စူး၍ မေတ္တာနန္ဒသဘာဝဘေးကူညီပေးရေးအသင်း သဃ်န်းကျွန်းငါးကျမ်းပြန် သာသနာ့ရိပ်သာ | ၄၃.၃၅ |
| ၂၀။ | ဦးစိုးဝင်း+ဒေါ်မာမာဆွေ သား ဦးအောင်ခိုင်+ ဒေါ်နှင်းနှင်းရီ၊ ဦးစိုးထွန်း + ဒေါ်မြကြေးမုံ၊ Dr မင်းထင်+Dr သဇင်ဝင်း၊ ဦးအေးချို+ ပြည့် မိသားစု | ၃၀.၀၀ |
| ၂၁။ | Ascent Capital Partners Pte ltd and Employees | ၂၅.၀၀ |
| ၂၂။ | USA ရောက်မြန်မာများ | ၂၂.၆၀ |
| ၂၃။ | ပါမောက္ခဦးစောဝင်း+ဒေါ်နန်းဖြူဖြူ သမီး မဆုလှိုင်ဦး+ မောင်ခိုင်ဦး၊ မြေး ဘောဘီဆုလှိုင်ဦး သားမောင်ငွေးအောင်ဝင်း | ၂၀.၀၀ |
| ၂၄။ | စေတနာရှင်ပြည်သူများ(Donation Plan for Myanmar in Covid 19 period) | ၂၀.၀၀ |
| ၂၅။ | Wareru Co.,Ltd | ၂၀.၀၀ |
| ၂၆။ | Red Horse Dairy Industries ltd (PEP နို့မှုန့်) ဝန်ထမ်းများ | ၁၈.၅၂ |
| ၂၇။ | မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | ၁၂.၀၀ |
| ၂၈။ | ခင်ပွန်းကြီး(၁၀)ပါး ရည်စူးအမှူးထား၍ ဒေါ်တိုးတိုးသူ (၅၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အမှတ်တရ ဦးလှမော်ဦး(ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)+ ဒေါ်တိုးတိုးသူ သား မောင်ရဲလင်း၊ မောင်စိုးလင်းဦး၊ သမီး မထက်ခိုင်လှ မိသားစု | ၁၁.၀၀ |
| ၂၉။ | Amethyst Co.ltd | ၁၀.၀၀ |
| ၃၀။ | ဦးအောင်နိုင်ဦး + ဒေါ်ဗိုလ်ဗိုလ်အောင်၊ သား မောင်အောင်ခန့် သိမ်ကြီးဈေး ရွှေကြက် ပဲကြီးလှော် | ၁၀.၀၀ |
| ၃၁။ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) | ၁၀.၀၀ |
| ၃၂။ | မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး မိသားစု | ၁၀.၀၀ |
| ၃၃။ | ဦးမျိုးအောင်ဇော် + ဒေါ်အေးအေးသိန်း မြတ်ကောင်းသန့်ဆန်ပွဲရုံ၊ မုံရွာ | ၁၀.၀၀ |
| ၃၄။ | မြန်မာ့မီးရထား၊ အချက်ပြနှင့် ဆက်သွယ်ရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | ၆.၀၀ |
| ၃၅။ | ဒေါ်ချယ်ရီကျော်၊ သားမောင်ကျော်ဇင်လင်း ခေတ္တ SanFrancisco, USA | ၅.၀၀ |
| ၃၆။ | ဒေါက်တာရွှေစင်မြင့်၊ တွဲဖက်ပါမောက္ခ၊ ခွဲစိတ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် | ၅.၀၀ |
| ၃၇။ | Dr ဝင်းဝင်းရွှေ | ၅.၀၀ |
| ၃၈။ | သီဟဆောင် သူငယ်ချင်းများ | ၃.၅၀ |
| ၃၉။ | ဦးအောင်မြင့်+ ဒေါ်ငွေးငွေးလွင်၊ ပြည့်ဝန်းရတနာရွှေဆိုင်၊ ကော့သောင်းမြို့ | ၃.၂၀ |
| ၄၀။ | ကွယ်လွန်သူ ဦးအောင်မြတင်အား ရည်စူး၍ ဒေါ်တင်တင်ရီ မိသားစု၊ ဒဂုံ(မြောက်) | ၃.၀၀ |
| ၄၁။ | မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | ၃.၀၀ |
| ၄၂။ | မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | ၃.၀၀ |
| ၄၃။ | ဒေါ်စုစုမာ၊ ဒေါ်ခင်ခင်ပြုံး၊ ပြည့်ဝန်းရတနာရွှေဆိုင်၊ ဗဟန်းမြို့ | ၃.၀၀ |
| ၄၄။ | ဦးရဲညွန့်နှင့် သမီးများ ဒေါက်တာသော်သော်လှိုင်၊ ဒေါ်သွယ်သွယ်လှိုင်၊ ကြည့်မြင်တိုင် | ၃.၀၀ |
| ၄၅။ | ဦးဝင်းနိုင် (၈၅) နှစ်ပြည့်မွေးနေ့အလှူ ဦးဝင်းနိုင်+ဒေါ်ကျင်နု မိသားစု၊ ရွှေပြည်သာမြို့။ | ၂.၀၀ |
| ၄၆။ | သီရိလင်း၊ ဒုတိယနှစ်(အင်္ဂလိပ်စာ)၊ မော်လမြိုင်တက္ကသိုလ် | ၂.၀၀ |
| ၄၇။ | ဖြည့်သွင်းဝယ်ယူရေးဌာနစု ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန | ၁.၅၀ |
| ၄၈။ | ဒေါ်စန်းလွင်၊ မရမ်းကုန်းမြို့နယ် | ၁.၀၀ |
| ၄၉။ | အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်စာရင်းအင်းဌာနစု ဝန်ထမ်းများ | ၁.၀၀ |
| ၅၀။ | ဦးစိန်သန်း+ဒေါ်အေးငွေ၊ ကြည့်မြင်တိုင် | ၁.၀၀ |
| ၅၁။ | ဦးသန်းမောင်+ ဒေါ်အေးခင်၊ ရန်ကုန် | ၁.၀၀ |
| ၅၂။ | ဦးမျိုးသန့်ဇော်+ ဒေါ်ငြိမ်းငြိမ်းဆင့် | ၀.၅၀ |
| | **စုစုပေါင်း** | **၅၇၁၁.၅၇** |

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| ၅၃။ | ဒေါက်တာဘုန်းမြင့်ဝင်း+ ဒေါက်တာလွဲလွဲဝင်း သမီး ဒေါက်တာ သန္တာဝင်း၊ သား ဒေါက်တာ ပက်ထရစ်ဝင်း၊ နယူးယောက် | ၅၀၀၀ |
| | **စုစုပေါင်း** | **၅၀၀၀** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**



# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**လေရှီး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးရေးဂိတ်ရှစ်ခုဖြင့် စစ်ဆေးလျက်ရှိကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က ပြောသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အဆိုပါ စစ်ဆေးရေးဂိတ်ရှစ်ခုအနက် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စစ်ဆေးရန်ထားရှိသည့်ဂိတ်များမှာ ချယ်ရာကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခု၊ ဟိန်ကွတ်ကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခု၊ ပန်ဆပ်ကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခုနှင့် ဆွမ္မရာမြို့တွင် စစ်ဆေးရေးဂိတ်တစ်ခု စုစုပေါင်းလေးခုဖြင့်လည်းကောင်း၊ အခြားမြို့နယ်များမှ ဝင်ရောက်လာသူများအား စစ်ဆေးရန်အတွက် ရန်နွေးကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခုနှင့် လေရှီးမြို့ပေါ်တွင် စစ်ဆေးရေးဂိတ်သုံးခုဖြင့် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းဝတ်ခြင်းမရှိပါက နှာခေါင်းစည်းများအခမဲ့ပေးဝေခြင်း၊ လက်ဆေးခြင်းတို့ကို ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

# လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက်အရ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာန တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ လူငယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၃**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် ( ၂၀၂၀ – ၂၀၂၄) အရ ဦးစားပေးလုပ်ငန်းဖြစ်သည့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**ပါဝင်ဆွေးနွေး**

အစည်းအဝေးသို့ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး မူဝါဒဆိုင်ရာမဟာဗျူဟာ (၂၀၂၀ – ၂၀၂၄)ကို အတည်ပြုပြီးဖြစ်၍ လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် လာမည့်ဘတ်ဂျက်တွင် စတင်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကိုရင်ဆိုင်ကျော်လွှားဆဲကာလမှာပင် ကိုဗစ်–၁၉ နှင့် ယှဉ်တွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်လည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုမဟာဗျူဟာကို အကောင်အထည်ဖော်ရန် လူငယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီများအနေဖြင့် အဆင့်ဆင့်ဆောင်ရွက်နေကြပါကြောင်း၊ အကောင်အထည်ဖော်သည့်နေရာတွင် အဓိကတာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန သုံးခုသာမက ဆက်စပ်ဝန်ကြီးဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

ယခင်က မူဝါဒရေးဆွဲရေး၊ မဟာဗျူဟာရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ သက်ဆိုင်ရာဌာနများအပြင် လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်ရန် လိုပါကြောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့များလည်း ပါဝင်ရန်လိုပါကြောင်း၊ မဟာဗျူဟာတွင် လုပ်ငန်းစဉ် (၁၆) ရပ်ရှိရာ လက်ရှိ ကိုဗစ်–၁၉ နှင့်ယှဉ်ပြီး ဆောင်ရွက်နိုင်သည့် ကဏ္ဍကို ဦးစားပေးရွေးချယ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပြုစုပျိုးထောင်ရန်လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပါဝင်မှုသည် အရေးကြီးသည်ကို ဖော်ပြလိုပါကြောင်း။

**ရေရှည်သင်ခန်းစာတွင် ထည့်ရန်**

မဟာဗျူဟာအနေဖြင့် ချမှတ်ရာတွင် ကဏ္ဍတစ်ခုတည်းကို မဟာဗျူဟာ (၆)ရပ် ချမှတ်ထားပါကြောင်း၊ မဟာဗျူဟာ (၁) သည် လူ့အခွင့်အရေးတန်ဖိုးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် ဖက်ဒရယ်သဘောတရားများကို အခြေခံထားသည့် ပြည်သူ့နီတိသင်ရိုးနှင့် သင်ကြားမှု ပုံစံသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေး၏ ရေရှည်သင်ခန်းစာတွင် ထည့်ရန်ဖြစ်ပါကြောင်း။

မဟာဗျူဟာ (၂)သည် သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်နိုင်ရသည်မှာ ကျောင်းပြင်ပလူငယ်များကို သင်တန်းပေးခြင်းဖြစ်ပါကြောင်း၊ အိမ်မှာနေပြီး အကျိုးရှိအောင် လေ့ကျင့်သင်တန်းများပေးရပါကြောင်း၊ ရပ်ကွက်ကျေးရွာက လူငယ်များအထိ ရောက်ရှိအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လူငယ့်ရေးရာကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မဟာဗျူဟာ (၃) သည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောကဏ္ဍစုံမှ စံပြလူငယ်များ ပေါ်ထွက်လာနိုင်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာကော်မတီများက ဦးဆောင်ပြီး တိုင်းရင်းသားဒေသများအားလုံး ပါဝင်နိုင်ရန် ပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစံနှုန်းများကို ပြည်သူအများသိရှိစေရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အွန်လိုင်းစနစ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာပံ့ပိုးမှုများလည်း လိုအပ်မည်ဖြစ်ကြောင်း။

မဟာဗျူဟာ (၄) သည် လူငယ်များက လူငယ်အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အစီအစဉ်များ ဖော်ထုတ်ပေးရမည်ဖြစ်ကြောင်း။

မဟာဗျူဟာ(၅)သည် လူငယ်များ ပရဟိတလုပ်ငန်းများတွင် ပါဝင်ရန် အစီအစဉ်များကို ချမှတ်ပေးရန်ဖြစ်ကြောင်း၊ ယင်းကဏ္ဍအတွက် အထူးအထွေ ပြောနေစရာမလိုပါကြောင်း၊ မြန်မာနိုင်ငံလူငယ်များအနေဖြင့် လက်ရှိလူငယ်များ ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်နေခြင်း ဖြစ်ပါကြောင်း။

မဟာဗျူဟာ(၆)သည် ဝန်ထမ်းလူငယ်များ၏ အလုပ်နှင့်ပတ်သက်ပြီး တက်ကြွစွာ ဆောင်ရွက်လိုစိတ်ရှိလာအောင်၊ ဒီမိုကရေစီစံနှုန်းများ၊ ဖက်ဒရယ်သဘောတရားများကို သိရှိနားလည်ပြီး အဂတိကင်းရှင်းစွာလုပ်ငန်းခွင်အတွင်း အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းပေးမည့် အစီအစဉ်များကို ဖော်ထုတ်ရန်ဖြစ်ပါကြောင်းနှင့် အဆိုပါ မဟာဗျူဟာ(၆) ရပ်ကို အကောင်အထည်ဖော်ရန် ယခုတက်ရောက်လာကြသော ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်များကို ဆွေးနွေးပေးရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

**ဦးစားပေးရန် ရွေးချယ်ထား**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူငယ်ဆိုင်ရာကဏ္ဍကြီး (၁၆) ရပ်အနက်မှ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ ကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန် ရွေးချယ်ထားသည့်အတွက် လုပ်ငန်းစဉ်များချမှတ်ရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာကဏ္ဍတွင် အကောင်အထည်ဖော်နေသည့် ဌာနများအနေဖြင့်လည်း အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများအပေါ် ဘဏ္ဍာငွေလျာထားမှု၊ သုံးစွဲနိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူငယ်ရေးရာကိစ္စရပ်များအတွက် အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်မည့်အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်မူကြမ်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်များက အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် ( ၂၀၂၀ – ၂၀၂၄) အရ ဦးစားပေးလုပ်ငန်းဖြစ်သည့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အကြံပြုညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံတို့၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှု စတင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော်  အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် ဗန်ကောက်မြို့ မြန်မာသံရုံး၌ ယနေ့မှစ၍ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်ကြကြောင်း သိရသည်။



ရုရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ မော်စကိုမြို့၌ ကြိုတင်ဆန္ဒမဲပေးရန် တန်းစီစောင့်ဆိုင်းစဉ်။

မြန်မာသံရုံး ပရဝဏ်၌ ဖွင့်လှစ်ထားသည့် မဲရုံသုံးရုံတွင် မဲဆန္ဒရှင် ၃၈၅ ဦး ဆန္ဒမဲလာရောက်ပေးခဲ့ကြပြီး အဆိုပါ ၃၈၅ ဦးအနက် မဲရုံ–၁ တွင် မဲဆန္ဒရှင် ၁၆၂ ဦး၊ မဲရုံ–၂ တွင် မဲဆန္ဒရှင် ၉၈ ဦး၊ မဲရုံ–၃တွင် မဲဆန္ဒရှင် ၁၂၅ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**စည်းကမ်းတကျ ဆန္ဒမဲပေး**

ထို့ပြင် ဂျပန်နိုင်ငံ၌ ရောက်ရှိနေကြသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများသည် ယနေ့တွင် တိုကျိုမြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်ခဲ့ပြီး မဲဆန္ဒရှင် ၁၁၅၉ ဦး စည်းကမ်းတကျ လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။ မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်–၁၉ တားဆီးကာကွယ်ရေး အစီအမံကိုလည်း အလေးထားလိုက်နာဆောင်ရွက်ခဲ့ကြပြီး ကြိုတင်ဆန္ဒမဲပေးရန် လာရောက်ကြသူများကို မြန်မာသံရုံးမှ ဝန်ထမ်းများ၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူငယ် Volunteers များက လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြသည်။

တိုကျိုမြို့ မြန်မာသံရုံးအနေဖြင့် Tokai ဒေသရှိ Aichi, Gifu, Mie, Shizuoka ပြည်နယ်များမှ မြန်မာနိုင်ငံသားမဲဆန္ဒရှင်များအတွက် Aichi ပြည်နယ်၊ နာဂိုယာမြို့၊ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး၌ အောက်တိုဘာ ၁၁ ရက်အထိ မဲရုံခွဲဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကလည်း မော်စကိုမြို့ မြန်မာသံရုံး၌ ယနေ့တွင် မဲဆန္ဒရှင် ၁၀၀ ကြိုတင်ဆန္ဒမဲများ စတင်လာရောက်မဲပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆိုးလ်မြို့ မြန်မာသံရုံး၌ ယနေ့တွင် ဒုတိယနေ့မဲပေးမှု ဆက်လက်ပြုလုပ်ခဲ့ရာ မဲဆန္ဒရှင်ဦးရေ ၁၇၃၇ ဦးကျော်သည် အနယ်နယ်အရပ်ရပ်မှ အဝေးပြေးကားကြီးများကို စင်းလုံးငှား၍လည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းအလိုက်လည်းကောင်း သံရုံးသို့ လာရောက်မဲပေးခဲ့ကြသည်။

အလားတူ ဘရူနိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ဘန်ဒါဆရီဘီဂါဝန်မြို့ မြန်မာသံရုံး၌ ယမန်နေ့မှစတင်၍ ကြိုတင်ဆန္ဒမဲပေးခြင်းကို စတင်ဆောင်ရွက်ခဲ့ရာ ပထမနေ့တွင် ၈၃ ဦးနှင့် ယနေ့ ၇၀ ခန့် လာရောက်ဆန္ဒမဲပေးခဲ့ကြောင်းနှင့် ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပရဟိတအဖွဲ့များက လာရောက်ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကိုဗစ်–၁၉ ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် ကျန်းမာရေးဆိုင်ရာ ချမှတ်ထားရှိချက်များနှင့်အညီ သံရုံးအဝင်ဝတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ Face Mask ဝတ်ဆင်ခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်–၁၉ တားဆီးကာကွယ်ရေးအစီအမံကိုလည်း အလေးထားလိုက်နာဆောင်ရွက်ခဲ့ကြကြောင်းနှင့် ယနေ့တွင် မြန်မာသံရုံးခြောက်ရုံး၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၇၈ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၆၅၀၃ ဦး ရှိသွားပြီ

**နေပြည်တော်  အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက် ည ၈ နာရီမှ အောက်တိုဘာ ၃ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၈၁၉၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၇၈ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၆၅၀၃ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၆၅၀၃ ဦးအနက် သေဆုံးသူ ၃၇၁ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၄၇၉၅ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၅၄၉၇၇၁ | ၄၇၇၇၅၇၇ | ၂၁၃၅၂၆ |
| ၂။ | အိန္ဒိယ | ၆၄၇၃၅၄၄ | ၅၄၂၇၇၀၆ | ၁၀၀၈၇၅ |
| ၃။ | ဘရာဇီး | ၄၈၈၂၂၃၁ | ၄၂၃၂၅၉၃ | ၁၄၅၄၃၁ |
| ၄။ | ရုရှား | ၁၂၀၄၅၀၂ | ၉၇၅၈၅၉ | ၂၁၂၅၁ |
| ၅။ | ကိုလံဘီယာ | ၈၄၁၅၃၁ | ၇၅၃၉၅၃ | ၂၆၃၉၇ |
| ၆။ | ပီရူး | ၈၂၁၅၆၄ | ၆၉၅၆၄၅ | ၃၂၆၀၉ |
| ၇။ | စပိန် | ၈၁၀၈၀၇ | စိစစ်ဆဲ | ၃၂၀၈၆ |
| ၈။ | အာဂျင်တီးနား | ၇၇၉၆၈၉ | ၆၁၄၅၁၅ | ၂၀၅၉၉ |
| ၉။ | မက္ကဆီကို | ၇၅၃၀၉၀ | ၅၄၁၅၁၈ | ၇၈၄၉၂ |
| ၁၀။ | တောင်အာဖရိက | ၆၇၇၈၃၃ | ၆၁၁၀၄၄ | ၁၆၉၀၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၁၉၃၃၀ | ၂၅၅၀၄၆ | ၅၆၇၈ |
| ၂။ | အင်ဒိုနီးရှား | ၂၉၉၅၀၆ | ၂၂၅၀၅၂ | ၁၁၀၅၅ |
| ၃။ | စင်ကာပူ | ၅၇၈၀၀ | ၅၇၅၃၄ | ၂၇ |
| ၄။ | မြန်မာ | ၁၆၅၀၃ | ၄၇၉၅ | ၃၇၁ |
| ၅။ | မလေးရှား | ၁၂၀၈၈ | ၁၀၂၁၆ | ၁၃၇ |
| ၆။ | ထိုင်း | ၃၅၈၃ | ၃၃၈၆ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၉၆ | ၁၀၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၈ | ၂၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# တကယ်လို့ နောက်တစ်ဆင့်ဆိုရင် တချို့လူတွေကို နိုင်ငံတကာမှာလုပ်သလို အိမ်မှာထားဖို့ Contain at Home ပါ

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ်–၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

အားလုံးမင်္ဂလာပါ။ ၂–၁၀–၂၀၂၀ ရက်နေ့ ရန်ကုန်ရဲ့ ကိုဗစ်အခြေအနေက အားလုံးသိတဲ့အတိုင်း ဒီနေ့ ၈၈၆ ဦးဆိုတော့ အရေအတွက် တော်တော်လေး များပါတယ်။ အရင်နေ့တွေက ထွက်နေတဲ့ ၇၀၀ ကျော်ကနေ ယခု ၈၀၀ ကျော်လာပြီး ၉၀၀ နီးပါးဖြစ်သွားတဲ့ သဘောရှိပါတယ်။

ဒါက ကျွန်တော် ထင်ပါတယ်။ မနေ့က Testing Power တက်လာတာ ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ စစ်ဆေးတာတွေ ပိုပြီးများလာတာကြောင့် ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အနေအထားက ကုသမှုစင်တာတွေကို၊ ကိုဗစ်–၁၉ ကုသရေးဌာနတွေကို ပြောင်းရွှေ့ကုသနိုင်ရေးအတွက် ပိုမိုပြီး လိုအပ်လာတာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ ထိန်းနိုင်ပါသေးတယ်။

ကျွန်တော် မနေ့ကပြောသလိုပဲ အောင်မြင့်မိုရ်၊ ရိုးမအသစ် ဒါတွေအတွက် ဆောင်ရွက်နိုင်သလို၊ ပညာရေးကောလိပ်၊ နောက်ယဉ်ကျေးမှုတက္ကသိုလ် ဒါတွေမှာလည်း တိုးချဲ့ပြီး ဆောင်ရွက်လာနိုင်တဲ့အတွက် လက်ရှိအနေအထားက ထိန်းသိမ်းထားနိုင်မယ့် အနေအထားမှာ ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီးပြောရရင် တကယ်တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့၊ နိုင်ငံတော်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ထားချက်တွေက တကယ့်ကို တော်တော်လေးကို အစွမ်းကုန် လုပ်ထားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံမျိုးမှာ လူနာတိုင်းကို အခန်းနဲ့ထားတယ်။ အဲယားကွန်းနဲ့ ထားတယ်။ လူနာ လေးယောက်ကို တစ်ခန်း၊ အဲယားကွန်းနဲ့ ထားတယ်။ ရေပူ / ရေအေးစက်တွေ၊ နောက် အဝတ်လျှော်စက်တွေ ဒီလိုမျိုးနဲ့ ခုနကလို ကျန်းမာရေးစောင့်ရှောက်မှုအတွက် အောက်ဆီဂျင်တိုင်းတဲ့ စက်တွေ၊ Pressure တိုင်းတဲ့စက်တွေ၊ ဒါမျိုးတွေကို လူ လေးယောက် ငါးယောက်ကို တစ်ခု ထားပေးတာ ဒီလိုမျိုး Facilities နဲ့ ဒီလိုမျိုးထားတယ်၊ ကျန်းမာရေးစောင့်ရှောက်သူတွေ ထားထားပေးတယ်ဆိုတာ တကယ်တော့ တော်တော်ကို အစွမ်းကုန် ကြိုးစားပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါကို ပြည်သူလူထုအနေနဲ့ နားလည်ဖို့လိုပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ နိုင်ငံတော်က သူ့အနေအထားနဲ့ ဒါမျိုးကို အစွမ်းကုန် ဆောင်ရွက်ပေးထားတာ ယခုလိုမျိုး လူ ၇၀၀၀ ကျော် / ၈၀၀၀ ကို ပြုစုစောင့်ရှောက်ဖို့အတွက် စီစဉ်ပေးထားတာ အထူးပဲကျေးဇူးတင်ဖို့ ကောင်းပါတယ်။

**ကျွန်တော်တို့လိုနိုင်ငံမျိုးမှာ လူနာတိုင်းကို အခန်းနဲ့ထားတယ်။ အဲယားကွန်းနဲ့ ထားတယ်။ လူနာ လေးယောက်ကို တစ်ခန်း၊ အဲယားကွန်းနဲ့ ထားတယ်။ ရေပူ/ရေအေးစက်တွေ၊ နောက် အဝတ်လျှော်စက်တွေ ဒီလိုမျိုးနဲ့ ခုနကလို ကျန်းမာရေး စောင့်ရှောက်မှုအတွက် အောက်ဆီဂျင်တိုင်းတဲ့ စက်တွေ၊ Pressure တိုင်းတဲ့စက်တွေ၊ ဒါမျိုးတွေကို လူ လေးယောက် ငါးယောက်ကို တစ်ခု ထားပေးတာ ဒီလိုမျိုး Facilities နဲ့ ဒီလိုမျိုးထားတယ်၊ ကျန်းမာရေးစောင့်ရှောက်သူတွေ ထားထားပေးတယ်ဆိုတာ တကယ်တော့ တော်တော်ကို အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။**

တကယ်လို့ Next Step က ဘာလဲဆိုရင် Containment မှာ ယခုဟာက Institution တွေမှာ၊ ကိုဗစ်စင်တာတွေမှာ ထားတာပေ့ါနော်။ တကယ်လို့ နောက်တစ်ဆင့်ဆိုရင် တချို့လူတွေကို နိုင်ငံတကာမှာလုပ်သလို အိမ်မှာထားဖို့ Contain at Home ပါ။ အဲဒီအခါကျရင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လုံခြုံရေးနဲ့ သေချာပေါင်းစပ်ပြီး အဲဒီလိုမျိုး နေနိုင်တဲ့သူတွေကို အဲဒီလိုမျိုးထားပြီး အခက်အခဲရှိတဲ့သူတွေကို ကိုဗစ်စင်တာတွေမှာ ထားပြီးကုသဖို့ ဖြစ်ပါတယ်။ ဒါက နိုင်ငံတော်အနေနဲ့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ စင်ထရယ်ကိုဗစ်ကော်မတီအနေနဲ့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါကလည်း ယခုအချိန်မှာစတင်ပြီး ဆွေးနွေးနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ အနေအထားပေ့ါနော်။

ဆက်ပြီးတက်လာရင် ဘယ်လိုလုပ်မှာလဲ၊ ဒါကို တန်းသွားရင် ဘယ်လိုလုပ်မှာလဲ၊ ထိန်းထားနိုင်ရင် ဘယ်လိုလုပ်မှာလဲဆိုတာကို အခုအချိန်မှာ စတင်ပြီး ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ ဒီဆေးရုံကြီးတွေရဲ့ အနေအထားကိုလည်း ဒီလိုပြောင်းလဲတဲ့အခါမှာ ဖြစ်လာမယ့် ယခုလည်း တိုးတက်များပြားလာနေတဲ့ ပြင်းထန်ရောဂါလက္ခဏာရှိတဲ့သူတွေ ဒါမှမဟုတ် အတော်အသင့်ရောဂါလက္ခဏာရှိတဲ့သူတွေကို ကုသနိုင်ဖို့အတွက်၊ အထူးသဖြင့် ဒီအောက်ဆီဂျင်ပေ့ါနော်။ အောက်ဆီဂျင်ကို ပြည့်ပြည့်ဝဝ ရရှိအောင်ပေးနိုင်ဖို့အတွက်လည်း ယခုအချိန်မှာ စီမံကိန်း၊ စီမံချက်တွေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စကို အဓိကအရေးပေါ်လုပ်ငန်းအနေနဲ့ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ လက်ရှိလောလောဆယ် ကိုဗစ်နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ ကြိုးစားနေတဲ့၊ ဒီတိုက်ပွဲမှာ တိုက်ခိုက်နေတဲ့ နည်းဗျူဟာတွေ၊ စနစ်တွေ ဖြစ်ပါတယ်။

မနေ့က ရန်ကုန်ဆေးရုံကြီးနဲ့ ပတ်သက်ရင် တကယ်တော့ ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေ အရမ်းများလာတယ်။ ကျဉ်းကျပ်လာတယ်။ တကယ်တော့ တော်တော်လေးကို ဒါလူနာတွေအတွက်လည်း အခြေအနေအရ နေရထိုင်ရခက်တဲ့အနေအထား ဖြစ်ပါတယ်။ ဒါတွေကိုလည်း မနေ့က အရေးပေါ် စီစဉ်ဆောင်ရွက်ပြီးတော့ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပါတယ်။

အခု ဒီနေ့လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားမှုနဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ ယခုအစည်းအဝေးလုပ်ဖို့ လုပ်နေပါတယ်။ ရန်ကုန်ဆေးရုံကြီးနဲ့ ယခုလို ဆေးရုံကြီးတွေအတွက် အရေးပေါ် ပြုပြင်ပြောင်းလဲပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် ဒီအစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ကြမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထွက်လာ မယ့် Output တွေနဲ့၊ ဆွေးနွေးဆုံးဖြတ်ချက်တွေနဲ့ ပိုမိုကောင်းမွန်အောင် အစွမ်းကုန်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

# စကားအရာ အင်္ဂါလေးတန်

ကိုရင်ဩ

အမေရိကန်ရွေးကောက်ပွဲကြီး နီးလာချိန် မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြိုင်ဘက်ပါတီကြီး နှစ်ပါတီတို့မှ သမ္မတဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့ အိုဟိုင်းယိုးပြည်နယ် ကလီဗီလန်မြို့၌ စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ည ၉ နာရီတွင် စကားစစ်ထိုးပွဲ ပြုလုပ်ခဲ့ကြရာဝယ် တစ်ဦးနှင့်တစ်ဦး ပယ်ပယ်နယ်နယ် နှုတ်လှံထိုးကြကာ အပြိုင်အဆိုင် စကားနိုင်လုကြရင်း နိုင်ငံရေးမဏ္ဍပ်တိုင်တက်ပြကြသည်ဟူသောသတင်းတစ်ပုဒ်ကို ကျွန်ုပ်တို့ ကြားသိရသောအခါ "လေပြင်းထန်၍ တောမြိုင်ယံလည်း ဒေါသမာန်ထ ဟူးဟူးကြွ၏" ဟူဘိသို့ ထူးထူးခြားခြား လှုပ်လှုပ်ရှားရှား ရှိလှသည့်အမေရိကန်နိုင်ငံရေးလောကကို တစေ့တစောင်း စေ့ငုလေ့လာမိလေ၏။

ရီပတ်ဗလီကန်နှင့် ဒီမိုကရက်တစ်ပါတီကြီး နှစ်ပါတီတို့အကြား ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလသို့ရောက်လာလေတိုင်း "နိုင်ငံရေးစကားစစ်ထိုးပွဲ" ပြုလုပ်ခြင်းမှာ အမေရိကန်နိုင်ငံရေးလောက၏ အစဉ်အလာတစ်ခုဖြစ်သည်။ နိုင်ငံခေါင်းဆောင် လုပ်မည့်သူတို့၏ နှလုံးရည်အသို့ရှိသည်။ နာယကဂုဏ်အသို့ရှိသည်။ အတွေးအခေါ်အသို့ရှိသည်။ ပြဿနာဖြေရှင်းနိုင်စွမ်း အသို့ရှိသည် စသည်တို့နှင့်ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ၏ရှေ့မှောက်တွင် မှတ်ကျောက်တင်ခံနိုင်ရန် "နိုင်ငံရေး စကားစစ်ထိုးပွဲ" ကို ပြုလုပ်ခြင်းဖြစ်သည်။

ထရမ့်နှင့် ဘိုင်ဒင်တို့အကြား စကားစစ်ထိုးပွဲ သုံးကြိမ် ပြုလုပ်ရန် စီစဉ်ထားသည့်အနက် ပထမအကြိမ် စကားစစ်ထိုးပွဲကို စက်တင်ဘာ ၂၉ ရက် ညက ကလီဗီလန်မြို့ရှိ ကေ့စ်စက်စ်တန်တက္ကသိုလ်၌ ပြုလုပ်ခဲ့ရာတွင် နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးကာ မဲဆန္ဒရှင်ပြည်သူများ၏ အကဲဖြတ်မှုကို ခံယူခဲ့ကြသည်။

သမ္မတလောင်းနှစ်ဦးတို့၏ စကားစစ်ထိုးပွဲမှာ "အိုးနင်းခွက်နင်း" နိုင်လှသည့် စကားစစ်ထိုးပွဲ၊ "ကသောင်းကနင်း" နိုင်လှသည့် စကားစစ်ထိုးပွဲ၊ ပြိုင်ဘက်အပေါ် စကားဖြတ်ပစ်ခြင်းဖြင့် မကြာမကြာ 'ကာယိန္ဒြေ' နှောင့်ယှက်သည့် စကားစစ်ထိုးပွဲအဖြစ် စကားစစ်ထိုးပွဲအပြီးတွင်ဝေဖန်သံများ သောသောညံခဲ့ရာ သမ္မတလောင်းများ၏ စကားစစ်ထိုးပွဲများဆိုင်ရာ ကော်မရှင်က နောင်တွင် ပြုလုပ်မည့် စကားစစ်ထိုးပွဲများတွင် စကားစစ်ထိုးသူများ လိုက်နာအပ်သည့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို မကြာမီထုတ်ပြန်မည်ဟု အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့လေသည်။

အရေးကြီးလှသည့် "နိုင်ငံ့အရေး" ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးငြင်းခုံကြရာတွင် လူကြီးလူကောင်း ပီပီသသ၊ နိုင်ငံရေးသမား သရုပ်မှန်မှန် တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိ ဆွေးနွေးမှုဖြစ်ပေါ်စေရန် ဦးတည်သော စည်းမျဉ်းသစ်များကို ထုတ်ပြန်ပေးမည်ဟု အဆိုပါ ကော်မရှင်က ကြေညာခဲ့လေသည်။

ပြိုင်ဘက်များအကြား ဆွေးနွေးငြင်းခုံကြရာတွင် ပြောဆိုနေသူ၏ စကားကို ကြားဝင်နှောင့်ယှက်ခြင်း မပြုနိုင်စေရေးအတွက် စကားစစ်ထိုးပွဲ၏ သဘာပတိ (ဝါ) မော်ဒရေတာက အသံချဲ့ မိုက်ခွက်(ဝါ) မိုက်ကရိုဖုန်းကို လိုအပ်သလို ဖြတ်တောက်နိုင်ခွင့်ပြုရန် ဟူသော စည်းမျဉ်းအပါအဝင် စည်းကမ်းချက်အများအပြားကို ထုတ်ပြန်ပေးလိမ့်မည်ဟု မျှော်လင့်ရသည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း အပြိုင်အဆိုင် အနိုင်ကြဲ မဲဆွယ်စည်းရုံးခွင့် ရှိမည်ဆိုသော်လည်း "တစ်ယောက်စကား တစ်ယောက်နား မခါးရအောင်" ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်သည်မှာ "ကျင့်ဝတ်" ပင် မဟုတ်ပါလော။

ကေန်မူကား သမ္မတလောင်းများ၏ နိုင်ငံရေးစကားစစ်ထိုးပွဲသည် "လက်ဝှေ့ပွဲ" တစ်ပွဲ မဟုတ်၍ ကျောင်းသူ ကျောင်းသားများ၏ "စကားရည်လုပွဲ" နှင့်လည်း မတူချေ။ ပြည်သူများအပေါ် မည်၍မည်မျှ စေတနာထား၍ မည်၍မည်မျှ အလုပ်လုပ်ပေးနိုင်မည်ကို မဲဆန္ဒရှင်ပြည်သူများက အကဲဖြတ်သုံးသပ်နိုင်စေမည့် "နှလုံးရည်ပြပွဲ" ဖြစ်သင့်လှပေသည်။

မိနစ် ၉၀ ကြာ စကားစစ်ထိုးပွဲတွင် "မော်ဒရေတာ" အဖြစ် "မြေခွေးရုပ်မြင်သံကြားဌာန" (FOX NEWS) ၏ အစီအစဉ် တင်ဆက်သူ ခရစ္စဝေါလေ့စ်က တာဝန်ယူပြီး



ကဏ္ဍခြောက်ရပ်အတွက် မေးခွန်းခြောက်ခု ပြင်ဆင်ထားသည်။ ကဏ္ဍတစ်ရပ်လျှင် ၁၅ မိနစ် အချိန်ပေးထားပြီး အမေရိကန် မဲဆန္ဒရှင်များ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေကြရသော အဓိကပြဿနာများနှင့်ပတ်သက်၍ "နှလုံးရည်" မည်သည့် အတိုင်းအတာအထိ ထုတ်ဖော်ပြသနိုင်မည်ကို မှတ်ကျောက်တင်ရန် ရည်ရွယ်သည်။

"ပွဲကြမ်း"နေသော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေး၊ ကပ်ရောဂါကြောင့် ငုပ်လျှိုးသွားခဲ့ရသော စီးပွားရေးကို ပြန်လည် ဦးမော့အောင် ကြိုးပမ်းရေး၊ စံနှုန်းများနှင့် အပြည့်အဝကိုက်ညီမှုရှိသော ရွေးကောက်ပွဲကြီး ကျင်းပရေး၊ လူမျိုးရေးဆိုင်ရာ အကြမ်းဖက်မှု ချုပ်ငြိမ်းရေး၊ တရားရုံးချုပ် တရားသူကြီးတစ်ဦး ခန့်အပ်ရေး၊ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရေး ဟူသော ကဏ္ဍများဖြစ်ကြ၏။

နှစ်ပေါင်းအတန်ကြာကာလအတွင်း အမေရိကန် သမ္မတလောင်းများ၏ စကားစစ်ထိုးပွဲများအနက် "ကြားရနားဝမချမ်းသာ" အဖြစ်ရဆုံး စကားစစ်ထိုးပွဲအဖြစ် မီဒီယာက သုံးသပ်ဖော်ပြလျက်ရှိနေပုံကို ကျွန်ုပ်ကြားသိရ၏။

စကားစစ်ထိုးပွဲတွင် သမ္မတထရမ့်က မကြာမကြာ စကားအရာဖြင့် တစ်ဖက်လူကို ကာယိန္ဒြေနှောင့်ယှက်သည်ဟု ပြောစမှတ်ပြုကြ၏။ ကူးစက်ရောဂါကိစ္စ၊ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စနှင့် စီးပွားရေးကိစ္စတို့နှင့် ပတ်သက်၍ အချေအတင်ဆွေးနွေးကြစဉ်အတွင်း ဘိုင်ဒင်က ထရမ့်ကို " ဟိုလူကြီး၊ ခင်ဗျား ပါးစပ်ကိုပိတ်ထားပေးပါဗျာ" ဟူ၍ မြည်တွန်တောက်တီးခဲ့ရသည်အထိ "သရုပ်ပျက်" ခဲ့ရသည်ဆို၏။

သမ္မတထရမ့်သည် "လူဖြူကြီးစိုးရေးဝါဒ" ထောက်ခံသူ၊ လက်ယာစွန်းရောက် အုပ်စုတစ်စုကို အပြစ်တင်ရှုတ်ချရန် ပျက်ကွက်သူအဖြစ် ဘိုင်ဒင်က တိုက်ခိုက်ခဲ့ရာတွင် ထရမ့်မှာ "ငါးပြေမ ဆားပက်ခံရသလို" လူးလူးလွန့်လွန့်ရှိခဲ့ပြီး ရှုံ့ရှုံ့ရှားရှားအနေအထားဖြင့် "ခါးနှောင့်မလွတ်၊ ခါးသွားမလွတ်"စကားဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရာ "ထော်လော်ကန့်လန့်" စကားစစ်ထိုးပွဲကြီးပါတကားဟု ရုပ်မြင်သံကြားမှန်သားပြင်ပေါ် ရှုစားလျက်ရှိကြကုန်သော မဲဆန္ဒရှင်လူထုက အောချကြရသည်ဆို၏။

ရွေးကောက်ပွဲကြီးကျင်းပရန် ၃၅ ရက်မျှသာလိုတော့ချိန် ရွေးကောက်ပွဲအကြို လူထုသဘောထားဆန္ဒစစ်တမ်းများအရ အမေရိကန်ပြည်သူ ဆယ်ဦးလျှင် တစ်ဦးမှာ မည်သူမည်ဝါကို မဲပေးရမည်မှန်းမသိ "နားဝေတိမ်တောင်" ဖြစ်နေရချိန်တွင် "နှုတ်သီးကောင်း လျှာပါး" သူတို့ပြောစကားများကြောင့် မဲဆန္ဒရှင်အချို့မှာ "ဘူးလုံးနားမထွင်း" မှုန်ဝါးဝါးဖြစ်ရချေပြီ။

တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် စွပ်စွဲပုတ်ခတ်သံများ သောသောညံခဲ့ရ၏။ စကားစစ်ထိုးပွဲကို ကျင်းပချိန်မှာ ရုပ်မြင်သံကြား လူကြည့်အများဆုံးအချိန်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ မျက်လုံးဒေါက်ထောက် အကဲဖြတ်ချက်ကို ခံယူရမည့်အချိန်ဖြစ်ပေရာ အကျော်ဒေးယျ နိုင်ငံရေးသမားကြီးနှစ်ဦးအတွက် စကားအရာအရ "မှဲ့တစ်ပေါက်"အစွန်းအထင်း မခံသင့်သည့် အခါသမယဟု ဆိုနိုင်ပေ၏။

သို့ဖြစ်လင့်ကစား နိုင်ငံရေးအရ "ရင့်ကျက်မှု" ကို ပြသရေးထက် ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုစကားလုံးများက စိတ်လှုပ်ရှားမှုရှိနေပုံကို ရောင်ပြန်ဟပ်လျက် ပြောဆိုမှုများ ရှိခဲ့ပေရာ စကားစစ်ထိုးပွဲ၏ သရုပ်မှန်ကို ဟုတ်မှန်စွာ ဖော်ပြနိုင်ခြင်း မရှိခဲ့ချေ။

စကားစစ်ထိုးကြစဉ် နှစ်ဦးသားမတူကွဲပြားပုံမှာ ထရမ့်က ဘိုင်ဒင်ကို စေ့စေ့ကြည့်၍ ဦးတည်ပြောနေသော်လည်း ဘိုင်ဒင်မှာမူ ပြည်သူကိုမျက်နှာမူသည့်အနေဖြင့် ကင်မရာရှိရာဘက်သို့ ကြည့်၍ကာသာ နေလေသည်။

သူတို့နှစ်ဦးမှာ သက်ကျားအိုအရွယ်တွင် ရှိနေကြသော်လည်း စိတ်ဓာတ်ရေးရာအရ "ဗလ ဒသက" အရွယ် (ဝါ) အားကောင်းမောင်းသန်အရွယ်တွင် ရှိနေကြသည်မှာကား နိုင်ငံရေးသမားများ၏ အင်္ဂါရုပ်ပါပေတည်း။

သမ္မတထရမ့်မှာ သူ၏ စရိုက်လက္ခဏာအတိုင်း တစ်ဖက်လူအပေါ် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းနေခဲ့ပြီး"သွေးကြီးမွေးကြီး" စတိုင်ဖြင့် ဘိုင်ဒင်ကို စိမ်းစိမ်းဝါးဝါး ရှုစားနေပုံကို ရုပ်မြင်သံကြားမှန်သားပြင်ပေါ်ဝယ် မဲဆန္ဒရှင်များ ကြည့်ရှုနေခဲ့ကြ၏။

အသက်၇၄ နှစ်ရှိ ထရမ့်နှင့် အသက် ၇၇ နှစ်ရှိ ဘိုင်ဒင်တို့ စကားစစ်ထိုးခဲ့ကြရာဝယ် မေ့လျော့တတ်သော အဘိုးအိုအဖြစ် ပုံရိပ်ဖော်ကာ "အိပ်ငိုက်နေသော ဂျိုး" ဟူ၍ သမ္မတထရမ့်က ဘိုင်ဒင်ကိုနှိမ်ကာ တိုက်ခိုက်ပုံမျိုးကိုလည်း မဲဆန္ဒရှင်များရှုစားကြရ၏။

"ဘိုင်ဒင်တွင် စဉ်းစားတွေးခေါ်တတ်သော အသိဉာဏ် ရှိပါလေစ" ဟူ၍ ထရမ့်က အကြိမ်ကြိမ် မေးခွန်းထုတ်၍ "ပညာရှိနည်း" ဖြင့် နှိပ်စက်ကလူ ပြုချေ၏။

သွေးဆူသော စကားစစ်ထိုးပွဲအဖြစ် ရှုစားနေသူများ ကြက်သီးမွေးညင်းထရလောက်သော ဆွေးနွေးငြင်းခုန်ပွဲတွင် ဘိုင်ဒင်ကလည်း ထရမ့်ကို "လူလိမ်ကြီး"၊ "လူရွှင်တော်ကြီး"၊ (လူရယ်စရာပုဂ္ဂိုလ်ကြီး)ဟူ၍ ရိသဲ့သဲ့လုပ်ခဲ့လေသည်။

စကားစစ်ထိုးပွဲကို တရားရုံးချုပ် တရားသူကြီး တစ်ဦး ခန့်အပ်ရေး ကွန်ဆာဗေးတစ်ဝါဒီ အေမီကိုနေဘားရက်အား ခန့်အပ်ရေးကိစ္စဖြင့် နိဒါန်းချီခဲ့သော်လည်း နှစ်ယောက် အငြင်းပွားမှုကို မပြကြသေးဘဲ ကမ္ဘာ့ကပ်ရောဂါကိစ္စကို ဆွေးနွေးမည့်ဘက်သို့ လျင်မြန်စွာ ဦးလှည့်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် လူနှစ်သိန်း၏အသက်ကို ဇီဝိန်ချွေခဲ့သော ကိုဗစ်ရောဂါ၊ လူဦးရေခုနစ်သန်းအထိ နာကျည်းမှုကိုဖြစ်စေခဲ့သော ကိုဗစ်ရောဂါသည် ဘိုင်ဒင်က ထရမ့်ကို တိုက်ခိုက်ရန် အခါအခွင့်ဖြစ်စေခဲ့သည်။

ဒီမိုကရက်တို့၏ ပြည်သူတို့အပေါ် စေတနာထားသော "အိုဘားမား ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်" ကို ပယ်ဖျက်ကာ "ထရမ့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်" ချမှတ်ဖော်ဆောင်ခဲ့ခြင်းသည် ကပ်ရောဂါကျရောက်သော အခြေအနေတွင် အမေရိကန်ပြည်သူတို့ကို ပိုမိုဒုက္ခရောက်စေသဖြင့် ထရမ့်အပေါ် ပြည်သူတို့ ယုံကြည်ကြပါသည်လောဟု ဘိုင်ဒင်က မေးခွန်းထုတ်ခဲ့သည်။

ဘိုင်ဒင်ကို ပြန်လည်တုံ့ပြန်ပြောကြားသူ ထရမ့်က တရုတ်နိုင်ငံကို လက်ညှိုးထိုးခဲ့ပြီး အစိုးရ၏ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ကာကွယ်ပြောကြားခဲ့သည်။

အမေရိကန်တွင် ကပ်ရောဂါမကျရောက်မီ အလုပ်လက်မဲ့နှုန်း လျှော့ချနိုင်အောင် ကြိုးပမ်းနိုင်ခဲ့ပုံ၊ စီးပွားရေး ပြန်လည်နာလန်ထူလာစေရေး မိမိ၏ မဟာဗျူဟာသည် ဘိုင်ဒင်၏ မဟာဗျူဟာထက် သာလွန်ပုံ၊ ရောဂါကူးစက်မှုအရှိန်အဟုန် နှေးကွေးသွားချိန်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်သူများ ပုံမှန်လှုပ်ရှားလာနိုင်ပုံ စသည်ဖြင့် ထရမ့်က အလေးပေးပြောဆိုခဲ့လေသည်။

ဗိုင်းရပ်စ်ကပ်ရောဂါမှ ကာကွယ်နိုင်ရေးအတွက် နယ်စပ်ဒေသကို စောစောစီးစီးပိတ်ခဲ့စဉ်က ဘိုင်ဒင်ဝေဖန်ခဲ့ပုံကို ပြန်လည်ကိုးကားကာ သူ၏ကြိုးပမ်းချက်အရ အမေရိကန်ပြည်သူ နှစ်သန်းခန့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်ဟု ထရမ့်က အာစလျှာစ ရွှင်ရွှင်ပြောကြားခဲ့လေသည်။

စီးပွားရေးမူဝါဒရည်ရွယ်ချက်နှင့် ပတ်သက်၍ နှစ်ဦးသား တီးခေါက်ခဲ့ကြရာဝယ် လုပ်ငန်းကြီးများအပေါ် အခွန်တိုးကောက်ပြီး အလုပ်အကိုင်ဖန်တီးပေးရေး အယူအဆကို ဘိုင်ဒင်က တင်ပြခဲ့ပြီး ယင်းအယူအဆ အလုပ်မဖြစ်နိုင်ပုံကို ထရမ့်က ပြန်လည်ချေပခဲ့၏။ ယင်းသို့ဆောင်ရွက်မည့် လုပ်ငန်းသစ်များ ဝင်မလာနိုင်ဘဲ ရှိရင်းစွဲလုပ်ငန်းများပင်လျှင် စီးပွားရေးလောကမှ ထွက်သွားလိမ့်မည်ဟု ထရမ့်က ပြိုင်ဘက်ဦးနှောက် ကျွမ်းပြန်ကျအောင် ပြန်လည်ထိုးနှက်ခဲ့၏။

"လူမျိုးရေး"ကိစ္စ ဆွေးနွေးကြရာဝယ် ထရမ့်ရော ဘိုင်ဒင်ပါ "လူဖြူ" ဖြစ်နေပေရာ အမေရိကန် လူမည်းမဲဆန္ဒရှင်များ၊ လူနည်းစုမျိုးနွယ် မဲဆန္ဒရှင်များ သူတို့နှစ်ဦးစလုံးအပေါ် အားရကျေနပ်မှု မရှိခဲ့ကြချေ။

အမေရိကန်ရဲ့အရာရှိများ လက်ချက်ဖြင့် လူမည်းများ သေဆုံးရမှု၊ လူမျိုးရေးဆန္ဒပြပွဲများ အဆက်မပြတ်ဖြစ်ပွားလာမှုတို့နှင့်ပတ်သက်၍ ထရမ့်ကို အပြစ်တင်ရန် ဘိုင်ဒင်က ဦးတည်ခဲ့သော်လည်း အိုဘားမားလက်ထက်တွင်လည်း အလားတူ လူမျိုးရေးပြဿနာများ ရှိခဲ့ပါသည်ဟု ထရမ့်က "ပိဿာလေးဖြင့် နံဘေးပစ်သလို" ပြန်လည်ဝေဖန်ခဲ့ကာ "လေဖမ်း ဒန်းစီး" အပြောမျိုး ရိုးနေပါပြီဗျာ ဟူသော အခွင့်ကို ထင်ဟပ်ပြသခဲ့သည်။

ထရမ့်-ဘိုင်ဒင် စကားစစ်ထိုးပွဲ၏ အနိုင်အရှုံးကို ပြည်သူများက ဆုံးဖြတ်ရန်ဖြစ်သော်လည်း ပြိုင်ဘက်များအကြား မိမိခေါင်းဆောင်ဘက်မှ ကာကွယ်ပြောကြားသံများ ပေါ်ထွက်လာသည်။ သို့ဖြစ်စေကာမူ နိုင်ငံရေးသုံးသပ်သူများကမူ အိုးနင်းခွက်နင်းနိုင်လှသည့် စကားစစ်ထိုးပွဲ၊ ကသောင်းကနင်းနိုင်လှသည့် စကားစစ်ထိုးပွဲဟူ၍ စကားစစ်ထိုးပွဲ၏ "မော်ဒရေတာ" ခရစ္စဝေါလေ့စ်ကိုယ်တိုင် ဝေဖန်ခဲ့ပြီး သမ္မတထရမ့်ကို အပြစ်စကားဆိုခဲ့သည်။

စကားစစ်ထိုးပွဲအပြီး မဲဆွယ်စည်းရုံးရေးခရီးစဉ်များအတွင်း ဆက်လက်ဆောင်ရွက်ရန်ရှိနေစဉ် သမ္မတထရမ့်ကိုယ်တိုင်နှင့် သမ္မတကတော်တို့ ကိုဗစ်ပိုးကူးစက်ခံခဲ့ရသည်။ သမ္မတထရမ့်ကို မေရီလန်းပြည်နယ် အီသီဒါမြို့ရှိ ဝေါလ်တာရိဒ် စစ်ဆေးရုံတွင် ကုသပေးနေကြောင်း အောက်တိုဘာ ၃ ရက်တွင် သတင်းပေါ်ထွက်လာသည်။ ထရမ့် ကျန်းမာစေကြောင်း ကမ္ဘာ့ခေါင်းဆောင်များက ဆုတောင်းပေးလျက်ရှိကြသည်။

အောက်တိုဘာလအတွင်း နောက်ထပ် စကားစစ်ထိုးပွဲ နှစ်ပွဲရှိနေသေးရာ မဲဆန္ဒရှင်ပြည်သူတို့မှာ ဆက်လက်စောင့်ကြည့်နေကြပေဦးမည်။

ပထမအကျော့စကားစစ်ထိုးပွဲကို ကမ္ဘာ့နိုင်ငံများကလည်း လေ့လာစောင့်ကြည့်ခဲ့ကြပြီး ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများ ပွမ်းတီးခြင်း၊ နိုင်ငံခြားရေးမူဝါဒအရ ခြောက်ပြားဟောင်းကြီး ဖွင့်ပုံမျိုးဖြစ်နေခြင်း၊ မျှော်လင့်ချက်ရောင်ခြည်ကို ပေးစွမ်းနိုင်သည်ထက် တုန်လှုပ်ဖွယ်၊ ဝမ်းနည်းဖွယ် အဆိုအမိန့်များ ပါဝင်နေခြင်းရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်လာသည်။ အမေရိကန်၏ ဒီမိုကရေစီစံနှုန်းများကို ဖော်ပြရမည့် စကားစစ်ထိုးပွဲသည် သမ္မတလောင်းတို့၏ ပြည်သူတို့အပေါ် ထားရှိအပ်သော စေတနာ၊ နှလုံးရည်ပြည့်ဝမှု၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြောမှု၊ ဒီမိုကရေစီရှင်သန်မှုတို့ကို ထင်ဟပ်ပေသော် နတ်လူသာစုခေါ်ပေလိမ့်မည်။

စကားအရာ၌ သုဘာသိတ (ပြေပြစ်စွာ ပြောဆိုခြင်း)၊ ပီယဝါစာ (ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုခြင်း)၊ သစ္စာ(ဟုတ်တိုင်း မှန်ရာ ပြောဆိုခြင်း)၊ ဓမ္မ(တရားသဖြင့် ပြောဆိုခြင်း)ဟူ၍ အင်္ဂါလေးပါးရှိပုံကို ကျွန်ုပ် အလေးမူမိရင်း "စကားအရာ အင်္ဂါလေးတန်"ဟု ကျူးရင့်မိပါသတည်း။ ။

DAILY NEWS BULLETIN.

# ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသော သမ္မတထရမ့်ထံ တောင်းဆုပြုသည့်ပေးစာတစ်စောင် မြောက်ကိုရီးယားခေါင်းဆောင် ပေးပို့

**ပြုံယမ်း အောက်တိုဘာ ၃**

သမ္မတထရမ့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်သတင်းများထွက်ပေါ်ခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က သမ္မတထရမ့်ထံ အမြန်ဆုံးနေပြန်ကောင်းစေရန် ဆန္ဒပြုသည့် စာချွန်လွှာတစ်စောင်ကို ယနေ့ပေးပို့ခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်နှင့် ဇနီး မီလာနီယာထရမ့်တို့ အမြန်ဆုံးကျန်းမာရေး ပြန်လည်ကောင်းမွန်စေရန် ဆန္ဒပြုသည့် ပေးစာတစ်စောင်ကို ခေါင်းဆောင်ကင်က သမ္မတထရမ့်ထံ ပေးပို့ခဲ့ကြောင်းနှင့် အဆိုပါပေးစာတွင် သမ္မတတို့ဇနီးမောင်နှံနှစ်ဦး ကိုဗစ်-၁၉ ရောဂါကပ်ဆိုးမှ ကျော်လွှားကာ နိုင်ငံ့တာဝန်များကို ထမ်းရွက်နိုင်ပါစေကြောင်း ဆန္ဒပြုထားသည်ဟု သည်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါပေးစာသည် ဗိုင်းရပ်စ်ကူးစက်ခံရသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးထံပေးပို့သော ခေါင်းဆောင်ကင်၏ ပထမဆုံးသော ပေးစာဖြစ်သည်။

သမ္မတထရမ့်နှင့် ခေါင်းဆောင်ကင်တို့သည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပကာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါနျူကလီးယားအရေးဆွေးနွေးမှုသည် သိသာထင်ရှားသော ရလဒ်ထွက်ပေါ်မှုမရှိသော်လည်း ခေါင်းဆောင်နှစ်ဦးအကြား အပြန်အလှန် ပေးစာပေးပို့မှုများ ရှိနေဆဲဖြစ်သည်။

ခေါင်းဆောင်ကင်၏ သမ္မတထရမ့်ထံ နောက်ဆုံးအကြိမ်ပေးပို့ခဲ့သော ပေးစာတွင် ၎င်းတို့နှစ်ဦးအကြား ကောင်းမွန်သောဆက်ဆံရေးမှာ ခိုင်မြဲလျက်ရှိနေဆဲဖြစ်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

အလားတူ ဂျပန်ဝန်ကြီးချုပ် ဆူဂါက သမ္မတထရမ့် အမြန်ဆုံးကျန်းမာရေး ပြန်လည်ကောင်းမွန်စေရန် ဆန္ဒပြုပါကြောင်း ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

သမ္မတထရမ့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ကို ကြားသိရချိန်တွင် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်းနှင့် မကြာမီအချိန်တွင် နေပြန်ကောင်းလာစေရန် မျှော်လင့်ဆုတောင်းလျက်ရှိကြောင်း ဝန်ကြီးချုပ် ဆူဂါက အင်္ဂလိပ်နှင့် ဂျပန်ဘာသာနှစ်မျိုးစလုံးဖြင့် ရေးသားထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



သမ္မတထရမ့်နှင့် ခေါင်းဆောင်ကင်တို့ ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကာပယ်လာဟိုတယ်၌ ပထမဆုံးအကြိမ် တွေ့ဆုံစဉ်။



# ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရဟု ဆို

**ဗန်ကောက် အောက်တိုဘာ ၃**

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာမှာ ပြီးခဲ့သည့်လအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရ၍ ဆေးရုံ၌ ကုသမှုခံယူခဲ့ပြီးနောက် ပျောက်ကင်းသက်သာသွားပြီဟု ၎င်းနှင့်နီးကပ်သည့် သတင်းရပ်ကွက်တစ်ခုက ပြောကြားခဲ့သည်။

အသက် ၇၁ နှစ်အရွယ် သက်ဆင်မှာ လက်ရှိအချိန်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်း၌ နေထိုင်လျက်ရှိပြီး စက်တင်ဘာလလယ်အတွင်း ဆေးရုံ၌ သီတင်းနှစ်ပတ်ကြာ ကုသမှုခံယူခဲ့ရကြောင်း သိရသည်။ "သက်ဆင်က ပြီးခဲ့တဲ့လအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပေမယ့် အခုသက်သာပျောက်ကင်းသွားပါပြီ" ဟု သက်ဆင်နှင့် နီးကပ်မှုရှိသော ဖုထိုင်းပါတီမှ အမည်မဖော်လိုသည့် သတင်းရင်းမြစ်တစ်ခုက ပြောသည်။ သက်ဆင်မှာ စားသောက်ဆိုင်တစ်ခုသို့ သွားရောက်ပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်ဟု ယူဆရသည်။

သက်ဆင်သည် ၂၀၀၆ ခုနှစ် တပ်မတော်မှ အာဏာသိမ်းမှုတွင် ရာထူးမှဖြုတ်ချခံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ထွက်ပြေးသွားခဲ့သည်။ သက်ဆင်အား အဂတိလိုက်စားမှုစွဲချက်များဖြင့် ထိုင်းနိုင်ငံ၌ စီရင်ချက်ချမှတ်ခဲ့သည်။ သက်ဆင်၏ညီမတော်စပ်သူ ယင်လပ်မှာ ၂၀၁၁ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး နောက်သုံးနှစ်အကြာတွင် ထိုင်းတပ်မတော်၏ နောက်တစ်ကြိမ်အာဏာသိမ်းမှုအတွင်း ရာထူးမှဖယ်ရှားခံခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ၂၀၂၁ ခုနှစ်မကုန်မီ ပြည်သူ သန်း ၁၆၀ ကို ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးပေးရန် အင်ဒိုနီးရှားအစိုးရ စီစဉ်

**ဂျကာတာ အောက်တိုဘာ ၃**

အင်ဒိုနီးရှားနိုင်ငံက ၂၀၂၁ ခုနှစ်မကုန်မီ ပြည်သူ သန်း ၁၆၀ ကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးရန် မျှော်လင့်နေကြောင်း သိရသည်။ ထောင်ချီသော ကျွန်းများဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ကို ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးပေးရန် စီမံချက်တစ်ရပ် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံး အင်ဒိုနီးရှားနိုင်ငံ၌ အလုပ်လုပ်ကိုင်သော ပြည်သူများအား ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးရေးကြိုးပမ်းမှုများကို အစိုးရက အလေးထား ဆောင်ရွက်မည်ဖြစ်သည်။ စီမံချက်အရ အင်ဒိုနီးရှားနိုင်ငံ လူဦးရေ ၂၆၈ သန်း၏ ၇၀ ရာခိုင်နှုန်းဖြစ်သည့် အသက် ၁၉ နှစ်မှ ၅၉ နှစ်အရွယ် ပြည်သူများအပြင် ကပ်ရောဂါတိုက်ဖျက်ရေးတွင် ရှေ့မျက်နှာစာမှပါဝင်နေသည့် ကျန်းမာရေးလုပ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများကို ဦးစားပေးကာ ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးမည်ဟု စီးပွားရေးရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး အဲလန်ဂါဟာတာတိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီက တစ်ရက်လျှင် ဗိုင်းရပ်စ်ကူးစက်မှု ၄၀၀၀ ခန့် မြင့်တက်လာခဲ့ရာ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်က ဖြစ်ပွားခဲ့သည့် အာရှဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း နိုင်ငံ့စီးပွားရေးမှာ ပထမဆုံးအကြိမ် ကျဆင်းလာခဲ့သည်။ တရုတ်နိုင်ငံမှ Sinovac Biotech Ltd. က ထုတ်လုပ်သော ဗိုင်းရပ်စ်ကာကွယ်ဆေး တစ်မျိုးနှင့် ဂျကာတာမြို့တော်အခြေစိုက် PT Lakbe Farma က တောင်ကိုရီးယားနိုင်ငံမှ Genexine Co. နှင့် ပူးတွဲထုတ်လုပ်သည့် ဗိုင်းရပ်စ်ကာကွယ်ဆေးအပါအဝင် အင်ဒိုနီးရှားနိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေးများ အပြီးသတ်အဆင့် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရည်မှန်းချက်ပြည့်မီရန် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၃၇၀ လိုအပ်ပြီး ပထမအဆင့်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၃၆ သန်းကို ယခုနှစ် စတုတ္ထသုံးလအတွင်း ဖြန့်ဝေမည်ဟု မျှော်မှန်းရကြောင်း ဟာတာတိုက ပြောသည်။

**ကိုးကား-ဘလွန်းဘာဂ့်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၄၈၇၀၉၀၂ | ဦး |
| သေဆုံးသူ | ၁၀၃၃၉၇၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၉၂၀၃၇၅ | ဦး |

# ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ် မကြာမီ အသက်ဝင်တော့မည်

**ကုလသမဂ္ဂ အောက်တိုဘာ ၃**

ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် သဘောတူညီလက်မှတ်ရေးထိုးသည့်နိုင်ငံအရေအတွက် ပြည့်မီတော့မည်ဖြစ်သည့်အတွက် မကြာမီအချိန်တွင် အဆိုပါစာချုပ်စတင်အသက်ဝင်လာတော့မည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အဆိုပါစာချုပ်တွင် သဘောတူညီလက်မှတ်ရေးထိုးရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် သဘောတူညီလက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၄၆ နိုင်ငံ ရှိပြီဖြစ်သည်။ စာချုပ်စတင်အသက်ဝင်ရန် နိုင်ငံလေးနိုင်ငံသာ လက်မှတ်ရေးထိုးရန် လိုတော့သည်။ နိုင်ငံပေါင်း ၅၀ သဘောတူညီလက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အကြာတွင် စာချုပ်စတင်အသက်ဝင်မည်ဖြစ်သည်။

အယ်လ်ဂျီးရီးယားနှင့် ဂျမေကာနိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့နှစ်နိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် မကြာမီ သဘောတူညီလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောကြားခဲ့သည်။

အလားတူ အင်ဒိုနီးရှားနှင့် လိုက်တင်ရှတိုင်းနိုင်ငံခြားရေးဝန်ကြီးများသည် စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်ပြီး အပြုသဘောဆောင်သောထင်မြင်ချက်များကို မှတ်ချက်ပြုပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ် မကြာမီအချိန်တွင် စတင်အသက်ဝင်လာရန် မျှော်လင့်ပါကြောင်းနှင့် နျူကလီးယားလက်နက် ကမ္ဘာပေါ်မှ ကင်းစင်ပပျောက်ရေးသည် ကမ္ဘာ့နိုင်ငံများ၏ ပြင်းပြသောဆန္ဒဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# သမ္မတထရမ့် ဗိုင်းရပ်စ်ကူးစက်ခံထားရသည့်အတွက် ရွေးကောက်ပွဲနှောင့်နှေးကြန့်ကြာနိုင်သလားဆိုသည့် မေးခွန်းများ မြင့်တက်လျက်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်သမ္မတထရမ့် ဗိုင်းရပ်စ်ကူးစက်မှုခံထားရသည့်အတွက် လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်သလားဆိုသည့် မေးခွန်းများ မြင့်တက်လျက်ရှိသည်။

လက်ရှိအချိန်တွင် သမ္မတထရမ့်သည် Walter Reed National Military Medical Center ၌ ဆေးကုသမှုခံယူလျက်ရှိသည်။ အဆိုပါဆေးရုံတွင် အနည်းဆုံး ၁၀ ရက်ခန့် ဆေးကုသမှုခံယူရမည်ဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိသော်လည်း သမ္မတထရမ့်အနေဖြင့် ရွေးကောက်ပွဲအတွက် လူအများအပြားတက်ရောက်သော ဟောပြောပွဲများ ကျင်းပကာ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့သည်။ သို့သော် ရောဂါကူးစက်ခံထားရသည့်အတွက် သမ္မတထရမ့်သည် ဖလော်ရီဒါပြည်နယ်တွင် မဲဆွယ်စည်းရုံးရေးလုပ်ဆောင်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ ထို့ပြင် ထောက်ခံမဲရရှိရန် အလွန်ခက်ခဲသော ပြည်နယ်များဖြစ်သည့် ဝစ်ကွန်ဆင်နှင့် အရီဇိုးနားပြည်နယ်များတွင်လည်း မဲဆွယ်စည်းရုံးရေး လုပ်ဆောင်မည့် အစီအစဉ်များကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပထမဆုံးအကြိမ် စကားစစ်ထိုးပွဲပြီးနောက် ဂျိုးဘိုင်ဒင်က ရောဂါ ရှိ၊ မရှိ ဆေးစစ်မှုခံယူခဲ့ရာ ရောဂါမရှိသည့် ရလဒ်ထွက်ပေါ်ခဲ့ကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။

ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာပြီး မဲဆွယ်စည်းရုံးရေးအတွက် ၎င်းအား ထောက်ခံသည့် ပြည်သူများနှင့် တွေ့ဆုံပွဲများ ကျင်းပလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။



Real Clear Politics နိုင်ငံရေး ဝက်ဘ်ဆိုက်၏ စစ်တမ်းများအရ နိုင်ငံတစ်ဝန်းတွင် ဂျိုးဘိုင်ဒင်အား ထောက်ခံသူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး သမ္မတထရမ့်အား ထောက်ခံသူ ၄၃ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ပြင် ထောက်ခံမဲရရှိရန် အကြိတ်အနယ် ယှဉ်ပြိုင်ရသော ပြည်နယ်များတွင်လည်း ဂျိုးဘိုင်ဒင်က သမ္မတထရမ့်ကို ဦးဆောင်လျက်ရှိသည်။

သမ္မတထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့၏ ဒုတိယအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။ သို့သော် သမ္မတထရမ့် ဗိုင်းရပ်စ်ကူးစက်ခံထားရသည့်အတွက် မည်သို့ အပြောင်းအလဲများ ဖြစ်လာမလဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

❖



# ရုရှားနိုင်ငံထုတ် ပထမအသုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဗင်နီဇွဲလားနိုင်ငံ လက်ခံရရှိ

**ကာရာကတ်စ် အောက်တိုဘာ ၃**

ဗင်နီဇွဲလားအာဏာပိုင်များသည် ယမန်နေ့က ရုရှားနိုင်ငံထုတ် ပထမအသုတ် စပွတ်ညစ်-ဗွီ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ လက်ခံရရှိခဲ့ပြီး နိုင်ငံအတွင်း အဆင့်(၃) လက်တွေ့စမ်းသပ်မှုများ စတင်ရန်စီစဉ်နေကြောင်း ကြေညာခဲ့သည်။

ပထမအသုတ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၀၀၀ မှာ မိုင်ကီးတီးယားမြို့တော်ရှိ ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဗင်နီဇွဲလားဒုတိယသမ္မတ ဒယ်လ်စီရိုဒရီဂွတ်ဇ်က ဗိုင်းရပ်စ်ကာကွယ်ဆေးများ တင်ပို့မှုက သမိုင်းဝင်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် (၃) လက်တွေ့စမ်းသပ်မှုများတွင် ပါဝင်မည့် အနောက်ကမ္ဘာမှ ပထမဆုံးနိုင်ငံဟု ဆိုသည်။

"ဗင်နီဇွဲလားနိုင်ငံမှာ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် (၃) လက်တွေ့စမ်းသပ်မှုတွေကို ဒီလအတွင်း စတင်မှာဖြစ်ပါတယ်" ဟု ကျန်းမာရေးဝန်ကြီး ကားလို့စ်အယ်လ်ဗာရာဒိုက ပြောသည်။ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ဗင်နီဇွဲလားနိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်ရန် ကာရာကတ်စ်မြို့၌ ကာကွယ်ဆေးစက်ရုံ တည်ဆောက်ရေးအတွက် အာဏာပိုင်များက ရုရှားနိုင်ငံနှင့် လက်တွဲဆောင်ရွက်မည်ဟု ၎င်းက ပြောသည်။

"ရုရှားနဲ့ဗင်နီဇွဲလားနိုင်ငံမှာ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် (၃) လက်တွေ့စမ်းသပ်မှုတွေပြီးဆုံးရင် အစုလိုက်အပြုံလိုက် ထုတ်လုပ်မှုစတင်မှာဖြစ်ပါတယ်"ဟု အယ်လ်ဗာရာဒိုက ဆိုသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# နယူးဇီလန်၌ ကြိုတင်ဆန္ဒမဲပေးမှု စတင်

**ဝယ်လင်တန် အောက်တိုဘာ ၃**

နယူးဇီလန်နိုင်ငံ၌ နိုင်ငံသားများက ကြိုတင်ဆန္ဒမဲပေးရာတွင် လက်ရှိဝန်ကြီးချုပ် ဂျင်စင်ဒါအာဒန်အနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကို အောင်မြင်စွာတိုက်ဖျက်နိုင်ခဲ့ပြီး နိုင်ငံအတွင်းရှိ အခြားအရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သဖြင့် မဲအသာစီးရရှိလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရန် မဲရုံပေါင်း ၄၅၀ ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံတွင် ကြိုတင်ဆန္ဒမဲပေးခြင်းစနစ်မှာ ရေပန်းစားလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ကျင်းပသော ရွေးကောက်ပွဲတွင် ဆန္ဒမဲအားလုံး၏ ၄၇ ရာခိုင်နှုန်းကို ကြိုတင်ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။ ဂျန်စင်ဒါအာဒန်က ယနေ့တွင် ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း ဖေ့စ်ဘွတ်မှ ပြောကြားခဲ့သည်။

"မနေ့က မဲရုံတွေဖွင့်ပါတယ်။ လွယ်ကူစွာမဲပေးနိုင်အောင် ဆောင်ရွက်ထားတာတွေ့ရပါတယ်"ဟု ၎င်းက ပြောကြားသည်။

အာဒန်ခေါင်းဆောင်သော လေဘာပါတီအနေဖြင့် အစိမ်းရောင်ပါတီ၊ နယူးဇီလန်အမျိုးသားရေးပါတီတို့နှင့် မဟာမိတ်ဖွဲ့ထားပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော မဲဆွယ်စည်းရုံးရေးကာလအတွင်း ကွန်ဆာဗေးတစ်အမျိုးသားရေးပါတီကို ယှဉ်ပြိုင်ခဲ့ရသည်။ ယမန်နှစ်အတွင်း ဘာသာရေးအဆောက်အအုံ နှစ်ခုအား လူဖြူအမျိုးသားရေးဝါဒီများက တိုက်ခိုက်ခဲ့ခြင်းနှင့် မီးတောင်ပေါက်ကွဲသောအရေးများအား ဖြေရှင်းနိုင်ခဲ့ခြင်းတို့ကြောင့် အာဒန်အား ပြည်တွင်း ပြည်ပမှ ထောက်ခံမှုများရရှိခဲ့သည်။ ကြိုတင်ဆန္ဒမဲများ၏ ရလဒ်များကို အောက်တိုဘာ ၁၇ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – စိုးသူရ**



# အရှေ့တောင်အာရှနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ခုနစ်သိန်းကျော်ရှိလာ

**ဂျကာတာ အောက်တိုဘာ ၃**

ယနေ့စစ်တမ်းများအရ အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု စုစုပေါင်း အရေအတွက်သည် ခုနစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁၆၆၇၈ ဦးရှိလာခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများအနက် ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံးနေရာတွင် ရောက်ရှိနေသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်အရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၄၆၁၇ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်ကာ ဆေးရုံများမှ ဆင်းသွားပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၆၁၆ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၉၅၄၉၉ ဦးရှိပြီး အရှေ့တောင်အာရှနိုင်ငံများအနက် ဒုတိယအများဆုံးနေရာတွင် ရှိနေကြောင်း သိရသည်။ လက်ရှိအချိန်အထိ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၂၂၅၀၅၂ ဦးရှိပြီး သေဆုံးသူ ၁၁၀၅၅ ဦးရှိကြောင်း သိရသည်။

အလားတူ စင်ကာပူနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၇၈၀၀ ဦးရှိလာခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများအနက် အဆင့် (၃) နေရာတွင်ရောက်ရှိလျက်ရှိသည်။ လက်ရှိအချိန်အထိ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၅၇၅၃၄ ဦးရှိပြီး သေဆုံးသူ ၂၇ ဦးရှိကြောင်း သိရသည်။




ထိုင်းနိုင်ငံတွင် ယနေ့ ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ရှစ်ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၅၈၃ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၈၆ ဦးရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ သေဆုံးသူ ၅၉ ဦးရှိခဲ့ပြီဖြစ်သည်။

မလေးရှားနိုင်ငံတွင် ယနေ့ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၀၈၈ ဦးရှိလာခဲ့ပြီဖြစ်သည်။ ယင်းတို့အနက် ၁၀၀၉၅ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့ပြီး သေဆုံးသူ ၁၃၇ ဦးရှိခဲ့ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နိုဟစ်မန် အဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယနေ့ဆေးမှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၇၈ ဦးထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၅၀၃ ဦးရှိခဲ့သည်။ ယင်းတို့အနက် ၄၇၉၅ ဦး ပြန်လည်သက်သာလာခဲ့ပြီး ၃၇၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇၈ ဦးရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၂၇၅ ဦးရှိခဲ့သည်။ သေဆုံးသူ တစ်ဦးမျှမရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၉၆ ဦး၊ လာအိုနိုင်ငံတွင် ၂၃ ဦးနှင့် ဘရူနိုင်းနိုင်ငံတွင် ၁၄၆ ဦးရှိကြောင်း the Worldometer မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မဘိမ်းနှင့် မိုင်းပန်မြို့နယ်တို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်　အောက်တိုဘာ ၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီတွင် မဘိမ်းမြို့နယ် တုံကွာကျေးရွာအုပ်စု တုံကွာကျေးရွာအနီး တုံကွာ-စီပိန်းကျေးရွာသွား ကားလမ်းတွင် ထက်ရှိုင်း မောင်းနှင်ပြီး မအေးနန္ဒာရည်နှင့်ကျော်ဇေယျာတို့ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၅၈၀၀ နှင့် လက်ကိုင်ဖုန်းတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၆ နာရီခွဲက မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းပန်မြို့ အနောက်ရပ်ကွက်နေ မနန်းဆိုင်ဟန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၆၇၀ နှင့် ငွေကျပ် ၁ ဒသမ၂၂၉၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မအေးနန္ဒာရည်၊ ထက်ရှိုင်း၊ ကျော်ဇေယျာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ　အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အတွင်းသို့ အဓိကဝင်ရောက်နိုင်သည့် နေရာနှစ်ခုတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၆ နာရီမှစတင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များသည် မြို့နယ်အတွင်း အဓိကဝင်ရောက်နိုင်သည့် တောင်လေးလုံး-ခေါင်တိုင်လမ်းနှင့် ညောင်ရွှေ-ပေါင်းပိုင်းလမ်းဆုံ၊ ကျွန်းတောင်-ကျောက်တလုံးလမ်းနှင့် စံကား-နန်းပန်လမ်းဆုံနေရာတို့တွင် နေ့စဉ်ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများဝတ်ဆင်၍ သွားလာကြစေရေးအတွက် ကြီးကြပ်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း၊ မြို့နယ်အတွင်း ဝင်ရောက်လာသည့် ပြည်သူများ၊ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များအား စနစ်တကျ မှတ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**



# အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်ရှူစက် လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်းတပ်ဖွဲ့ဝင် မိသားစုများမှ လှူဒါန်းသည့် အောက်ဆီဂျင်ရှူစက်နှစ်လုံး (တန်ဖိုးငွေကျပ် ၁၂၃၀၀၀၀)အား ကျောင်းအုပ်ကြီး ရဲမှူးကြီးမောင်မောင်ဦးက အမှတ်(၂) တပ်မတော် ဆေးရုံခုတင် ၇၀၀ အောင်ပန်းမြို့သို့ ပေးအပ်လှူဒါန်းရာ တပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ထားဝယ်မြို့နှင့် ဘုတ်ပြင်းမြို့တို့၌ စိတ်ကြွဆေးပြားနှင့်ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

**ထားဝယ်　အောက်တိုဘာ ၃**

ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ရဲအုပ် နိုင်လင်းစိုး ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီက ထားဝယ်မြို့ ဗျော်တောဝရပ်ကွက်နေ ရဲမင်းအောင်(ခ) ကုလား၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ၎င်းနှင့်စိုးပြည့်အောင်(ခ)လပြည့်တို့အား စိတ်ကြွဆေးပြား ၁၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို စစ်ဆေးမေးမြန်းရာ ထားဝယ်မြို့ တလိုင်းထိန်ရပ်ကွက်နေ အောင်သန်းဦးထံမှ ဝယ်ယူရရှိကြောင်းသိရှိရပြီး သွားရောက်ဖမ်းဆီးရာ အောင်သန်းဦးနှင့်အတူ စည်သူဟိန်း(ခ)စည်သူတို့နှစ်ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံသိမ်းဆည်းရရှိသဖြင့် ၎င်းတို့လေးဦးအား ထားဝယ်မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဝင်းကြိုင် ဦးစီးပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်း မြို့မရဲစခန်းမှ ဒုရဲအုပ် မင်းလွင် ဦးစီးအဖွဲ့နှင့်ပူးပေါင်းကာ ယမန်နေ့ည ၇ နာရီတွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ဟန်ကပြု ကျေးရွာအုပ်စု ကြိမ်မဲတောင်ကျေးရွာနေ ထွန်းဦး၏ နေအိမ်အား မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၆ ပြား၊ ဘိန်းစာမှုန့် ၁၈ ထုပ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**



အောင်သန်းဦး၊ စည်သူဟိန်း(ခ)စည်သူ









# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၃၅ ရက်သာ

လိုတော့သည်။




## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

## ရမည်းသင်းမြို့၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပရာ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဌေးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။ အထူးရဲသင်တန်းသား ၂၄၇ ဦးတို့အား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ အောက်တိုဘာ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

## ကျိုက်မရောဒ်၌ ရွေးကောက်ပွဲဆိုင်ရာ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေ

**ကျိုက်မရော အောက်တိုဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေထားသည့် လက်ကမ်းစာစောင်နှင့် ပိုစတာစောင်ရေ ၃၀၀၀ ကို ကျိုက်မရောမြို့ ပြည်သူ့ဈေးကြီးရှေ့နှင့် မြို့လယ်လမ်းဆုံ၌ ယနေ့ နံနက် ၉နာရီက ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းများကို မြို့နယ်အသီးသီး၌ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ် ကပ်ထားကြေညာပြီးဖြစ်ရာ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးခွင့် မဆုံးရှုံးရအောင် မဲဆန္ဒရှင်စာရင်းများကို သွားရောက်ကြည့်ရှုကြရန် အသိပေးသည့် လက်ကမ်းစာစောင်နှင့် ပိုစတာများကို လက်ဝယ်အရောက် ဖြန့်ဝေပေးရခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါ/ မပါသွားရောက်ကြည့်ရှုရမည့်အသိ ရှိစေရန်နှင့် ပြည့်စုံမှန်ကန်သည့်မဲစာရင်းများဖြစ်စေရေး လှုံ့ဆော်အသိပေးခြင်းဖြစ်ကြောင်း ကျိုက်မရောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းရှင်က ပြောသည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပရဟိတအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်    အောက်တိုဘာ ၃

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**အားလုံးမင်္ဂလာပါ။ ချစ်ခင်လေးစားရပါသော ပြည်သူလူထုကြီးခင်ဗျာ**

မိမိတို့နိုင်ငံမှာ ပါလီမန်ဒီမိုကရေစီစနစ် ရပ်ဆိုင်းသွားတာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ကပါ။ အဲဒီအချိန်မှာ ကျွန်တော့်အသက် ၁၄ နှစ်ပင်မပြည့်သေးပါ။ နှစ်ပေါင်း ၄၉ နှစ်အကြာ ၂၀၁၁ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ လွှတ်တော်တွေ အသစ်ပေါ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာပါတယ်။

နှစ်ပေါင်း ၄၉ နှစ်အတွင်း နိုင်ငံ့အရေးနှင့် ယှဉ်တွဲဖြစ်ပေါ်လာခဲ့တဲ့ ပါတီနိုင်ငံရေးမျိုးစုံကို ကြုံတွေ့ခဲ့ရတယ်။ တော်လှန်ရေးကောင်စီကာလ လူနဲ့ ပတ်ဝန်းကျင်တို့ရဲ့ အညမည သဘောတရားဖြင့် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးပြီး အာဏာသုံးရပ်ကို ရယူအုပ်ချုပ်ခဲ့တယ်။ သဘောတရားရေးကောင်းလှတဲ့ လမ်းစဉ်ပါတီအစိုးရသည် ၁၉၈၈ လူထုအုံကြွမှုအရေးအခင်းမှာ အာဏာ လက်လွှတ်ခဲ့ရတယ်။ အကြောင်းရင်းမှာ စီးပွားရေးကျဆင်းခြင်းကို ပြည်သူတွေ လက်မခံနိုင်တော့၍ဖြစ်တယ်။ သင်ခန်းစာယူစရာပါ။

ပြည်ခိုင်ဖြိုးပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ရလို့ အစိုးရဖွဲ့နိုင်ခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ သောင်ပြိုကမ်းပြို အနိုင်ရခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အစိုးရဖွဲ့ပြီး တိုင်းပြည်အုပ်ချုပ်နေပါတယ်။

ကံအားလျော်စွာ ကျွန်တော့်အနေနဲ့ ပါတီစုံဒီမိုကရေစီခေတ်ဦးမှာ အာဏာရပါတီ၊ အစိုးရအသီးသီးတို့ရဲ့ နိုင်ငံရေးသဘောတရား၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ပုံကို ကောင်းစွာသိရှိခဲ့ရပါတယ်။ တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီ၊ နဝတ၊ နယက အစိုးရအသီးသီးတို့ အကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ အာဏာရှင်ဆိုတာ ခေတ်တိုင်းမှာရှိနေတတ်တာကို သတိပြုမိပါတယ်။ ပြည်သူများကတော့ အာဏာရှင်ဆိုရင် ဘယ်လိုအာဏာရှင်မျိုးကိုမှ မကြိုက်ပါ။ ဒါကြောင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေးအတွက် အားလုံးက အစွမ်းကုန် ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ ခေတ်အဆက်ဆက်က နမူနာယူစရာများ၊ သင်ခန်းစာယူစရာများကိုရရှိထားလို့ သတိနှင့်ယှဉ်ပြီး နိုင်ငံနှင့်ပြည်သူ့ဘဝ ပိုမိုတိုးတက် ကောင်းမွန်အောင် မိမိတို့ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ထားရပါတယ်။

**ပြည်သူလူထုကြီးခင်ဗျာ**

အထူးကော်မရှင်ဥက္ကဋ္ဌတာဝန်ယူပြီး သုံးနှစ်အကြာမှာနိုင်ငံမှာ ဖြစ်ပေါ် ပြောင်းလဲနေတဲ့ အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံရေးပါတီတစ်ရပ်ထူထောင်ပြီး နိုင်ငံနှင့် ပြည်သူများဘဝ တိုးတက်မြင့်မားရေးအတွက် လွတ်လပ်၊တက်ကြွ၊ နိုးကြားစွာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ မိမိအသက်အရွယ်နှင့်ဘဝအခြေအနေအရ စွန့်လွှတ်တယ်ဆိုတာထက် စွန့်စားတွက်ချက်ပြီး အားလုံးအတွက်၊ နိုင်ငံ့အတွက် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ကောင်းကျိုးဆောင်လို့အမည်ရတဲ့ UBP ပါတီကို မှတ်ပုံတင်ခွင့်ရပြီး တစ်နှစ်ကျော် အကြာမှာ ပြည်သူများရဲ့ ယုံကြည်မှု၊ အားပေးမှု၊ ထောက်ခံမှု၊ ဝန်းရံမှုတို့ကြောင့် အစိုးရဖွဲ့စည်းနိုင်မယ့် ပါတီကြီးတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ မြို့နယ်ပေါင်း ၂၆၁ မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၉၂၇ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

မိမိဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာဖော်ထုတ်တဲ့ အခါ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုအားနည်းခြင်း၊ ကိုယ်ကျိုးစီးပွားနှင့် အဖွဲ့အစည်း၏အကျိုးစီးပွားကို ရှေ့တန်းတင်လွန်းခြင်း၊ နိုင်ငံ့အကျိုးစီးပွား အတွက် ဖွဲ့စည်းထားကြတယ်ဆိုတဲ့ အဖွဲ့အစည်းတွေသည်ပင်လျှင် အချင်းချင်းရန်သူလို၊ ရန်ဘက်လိုသဘောထား၍ အပြုတ်တိုက်၊ အပြတ်ရှင်းလိုကြခြင်းများကြောင့် ပြည်သူများဒုက္ခကြီးငယ်ကျရောက်ပြီး နိုင်ငံလည်း နိမ့်ကျနောက်ကျနေရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကောင်းကျိုးဆောင်ပါတီသည် နိုင်ငံရေးသင်ခန်းစာရယူ၍ နိုင်ငံနှင့်နိုင်ငံသား အကျိုးစီးပွားအတွက်ဆိုလျှင် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်မည်။ ပါတီအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်မည်။ သူတစ်ပါးမကောင်းကြောင်းမပြောနဲ့ ကိုယ်ကောင်းအောင်နေ။ သူတစ်ပါးကိုအပြစ်မပြောနဲ့။ ကိုယ်အပြစ်မဖြစ်အောင်နေ။ ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေနဲ့။ ဘာပဲလုပ်လုပ် ဥပဒေနှင့်အညီလုပ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် အသစ်လည်းတည်ဆောက်၊ အဟောင်းကိုလည်းမြှင့်တင်မည်ဟု သွေးစည်းညီညွတ်ရေးအတွက်၊ အမျိုးသားအကျိုးစီးပွားအတွက်၊ တရားဥပဒေစိုးမိုးရေးအတွက်၊ အခြေခံမူနဲ့ သဘောတရားများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**ပြည်သူလူထုကြီးခင်ဗျာ**

ကောင်းကျိုးဆောင်ပါတီသည် ရှေ့ကတာဝန်ယူသွားသည့် ပါတီနှင့် အစိုးရအဖွဲ့တို့၏ တည်ဆောက်မှုများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ထားမှုများကို လက်ဆင့်ကမ်းသယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကောင်းကျိုးဆောင်ပါတီသည် ပြည်သူများရလိုတဲ့ အဖွဲ့အစည်းမျိုး၊ အစိုးရမျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်လို့ စေတနာကောင်း၊ အရည်အချင်းကောင်း၊ အတွေ့အကြုံကောင်းရှိသူများကို စုစည်းထားရှိပါတယ်။

ကောင်းကျိုးဆောင်ပါတီသည် ယနေ့ကာလ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့ ဖိအားများ၊ အကျပ်အတည်း၊ အခက်အခဲများကို စာနာနားလည်မှု အပြည့်ရှိပါတယ်။

အရေးထဲအရာပေါ် မြွေပူရာကင်းမှောင့်ဆိုသလို အထွေထွေအခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ဖိအားပေးမှုတွေ ကြုံတွေ့နေရတဲ့နိုင်ငံနှင့်ပြည်သူတွေဟာ ကိုဗစ်–၁၉ကပ်ရောဂါရဲ့ နှိပ်စက်မှုကြောင့် အလုပ်အကိုင်များဆုံးရှုံး၊ စီးပွားရေးများစွာထိခိုက်၊ စိတ်ပိုင်းဆိုင်ရာ ဖိစီးခံစားမှုတွေရှိပြီး ထမင်းနပ်မှန်အောင်စားရဖို့နဲ့ ဘဝရှင်သန်ရအောင် ကြိုးစားရုန်းကန်နေရပါတယ်။ အငယ်စား၊ အသေးစား၊ အလတ်စားအပါအဝင် လုပ်ငန်းရှင်များကလည်းလုပ်ငန်းတွေ အတော်များများရပ်ဆိုင်းရသလို လုပ်ငန်းတွေလျှော့ချခဲ့ကြရပါတယ်။

တောင်သူလယ်သမားများကလည်း အကြွေးနွံနစ်နေ၍ အတော်ကြီး အဆင်မပြေကြပါ။ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ပို့ဆောင်မှုလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသူများ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတသမားများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ အနေ့ယာဉ်လုပ်သားများ၊ တစ်နေ့လုပ် တစ်နေ့စားပြည်သူများ၊ အခြေခံအလုပ်သမားများသည်လည်း ခက်ခဲစွာရပ်တည်ရုန်းကန်နေကြရပါတယ်။ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို မိမိရပ်ရွာမှာ အလုပ်အကိုင်အဆင်မပြေကြလို့ နိုင်ငံရပ်ခြားသွားရောက် အလုပ်လုပ်နေကြစဉ်မှာပဲ ကိုဗစ်ကြောင့် ကိုယ့်နိုင်ငံကို ပြန်လာကြရပါတယ်။ အလုပ်အကိုင်အဆင်မပြေမှုတွေ၊ စီးပွားရေး လုပ်ငန်းမျိုးစုံယိုင်လဲမှုတွေကို ပြန်လည်ထူထောင်ဖို့ အရေးကိစ္စက အင်မတန်ကြီးလေးပါတယ်။

**ပြည်သူလူထုကြီးခင်ဗျာ**

ကောင်းကျိုးဆောင်ပါတီ(UBP)သည် ပြည်သူများအကြောင်းကို အမှန်အတိုင်း၊ အရှိပကတိအတိုင်းသိရှိရန်နှင့် ပြည်သူများ၏ လိုအပ်ချက်အခက်အခဲများကိုသိမြင်ပြီး စားဝတ်နေရေး၊ လူမှုရေးအခြေအနေတွေ ယနေ့အခြေအနေထက် ပိုပြီးကောင်းမွန်အောင် မှန်ကန်ထိရောက်သည့် လက်ငင်း၊ ရေတို၊ ရေရှည် အစီအမံများရေးဆွဲပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံကို တည်ဆောက်တဲ့နေရာမှာ ပြည်သူ့မျက်နှာနဲ့ တိုင်းပြည်မျက်နှာကြည့်ပြီး ပြည်သူ့အကျိုးစီးပွားနဲ့ တိုင်းပြည်အကျိုးစီးပွားကို ဦးစားပေးရမှာပါ။ မိမိတို့ပါတီကတော့ **“ပြည်သူက ပထမ၊ ပြည်သူက အဓိက”**ဖြစ်တယ်လို့ ခံယူထားတဲ့ အတွက် တိုင်းရင်းသားများရဲ့ ဖက်ဒရယ်အခွင့်အရေးနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးရရှိရေးကို ဦးစားပေးဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

ကောင်းကျိုးဆောင်ပါတီ(UBP)သည် ပြည်သူများကတာဝန်ပေးအပ်လျှင် နိုင်ငံကို–

၁။ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံထူထောင်မည်။
၂။ ပြည်သူတစ်ဦးချင်းစီနဲ့ နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်။
၃။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတဲ့လူမှုရေးကဏ္ဍများကို စနစ်တကျ ဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်မည်။
၄။ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်တို့ သဟဇာတဖြစ်အောင် ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်။
၅။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဥပဒေအရပ်ရပ်ကို ခေတ်ကာလနှင့် လျော်ညီသော ဥပဒေများ ဖြစ်လာစေရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ် ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်သွားမည်။
၆။ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားမျှတရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်။
၇။ ပြည်သူလူထု တွေ့ကြုံဆောင်ရွက်နေရသည့် လုပ်ငန်းကဏ္ဍတိုင်းတွင် လွယ်ကူချောမွေ့အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရန် မူဝါဒများနဲ့ စံပြုလုပ်ထုံးလုပ်နည်း(SOP)များဖြစ်ပေါ်ရေး၊ သတင်းအချက်အလက်နှင့် စာရင်းအင်းအချက်အလက်စနစ် ထိရောက်မှန်ကန်မြန်ဆန်စွာ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**ပြည်သူလူထုကြီးခင်ဗျာ**

ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် ကဏ္ဍနယ်ပယ် အသီးသီးတွင် ဖြစ်ပေါ်နေသော–

၁။ မြေယာနှင့်ဆက်စပ်သက်ဆိုင်သည့် ကိစ္စရပ်များ၊
၂။ မဟာဗျူဟာဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု လျော့နည်းစေရန် သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝတိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များ၊
၃။ တောင်သူလယ်သမားများအတွက် စိုက်စရိတ်ချေးငွေနှုန်းများနှင့် ပြန်ဆပ်ကာလကို တိုးမြှင့်ရေးကိစ္စရပ်နှင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ၏ ထိုက်တန်သည့် ဈေးနှုန်းနှင့် ဈေးကွက် အာမခံချက်ရရှိရေးကိစ္စရပ်များ၊




၄။ အလုပ်သမားများ၊ အလုပ်ရှင်များလုပ်ငန်းခွင် အဆင်ပြေစေရေး၊ လုပ်ခလစာနှင့် ဝင်ငွေတိုးမြှင့်ရေးကိစ္စရပ်များ၊
၅။ ဝန်ထမ်းများ အဆင့်နှင့် လျော်ညီစွာ ဂုဏ်သိက္ခာရှိရှိ တာဝန်ထမ်းဆောင်နိုင်ရန် လစာနှင့်စရိတ် တိုးမြှင့်ခံစားရရှိရေး ကိစ္စရပ်များနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးအဆင်ပြေစေရေးဆိုင်ရာ ကိစ္စရပ်များ၊
၆။ အငယ်စား၊ အသေးစား၊ အလတ်စား၊ အကြီးစား စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီး ရရှိရေးနှင့် အားပေးမြှင့်တင်ရေး ကိစ္စရပ်များ၊
၇။ အလုပ်လုပ်လိုသော အရွယ်ရောက်သူတိုင်း အလုပ်အကိုင်ရရှိရေး ကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်သွားပါမယ်။
၈။ ထို့အတူပြည်သူလူထုကို “အချိန်ကုန်၊ ငွေကုန်၊ လူပန်း” ဖြစ်နေရတဲ့ **အခွန်အခဆိုင်ရာ ကိစ္စရပ်များ၊ လိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ တင်ဒါဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်နှင့်မီတာခဆိုင်ရာ ကိစ္စရပ်များ၊ မြို့ဝင်ကြေးဆိုင်ရာကိစ္စရပ်များ၊ စည်ပင်ဆိုင်ရာကိစ္စရပ်များ၊ မှတ်ပုံတင်ရရှိရေးဆိုင်ရာကိစ္စများကို ဆောလျင်စွာ** ဖြေရှင်းဆောင်ရွက်သွားပါမယ်။
၉။ **အထူးအစီအမံတစ်ရပ်အနေဖြင့်** ကိုဗစ်–၁၉ ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သော ကျန်းမာရေး၊ ပညာရေးတို့အပြင် လက်ရှိအလုပ်အကိုင်နှင့် စီးပွားရေးလုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ကိုက်ညီသော လူမှုစီးပွားရေးပုံစံသစ်တွင် ပြည်သူများဘဝရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ကောင်းကျိုးဆောင်ပါတီသည် လုပ်ဆောင်မှုမှန်သမျှကို ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ၊ မှန်ကန်မျှတစွာ ဆုံးဖြတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျာ**

ဒီမိုကရေစီဆိုတာ ပြည်သူက အစိုးရတစ်ရပ်ကို ရွေးချယ်တင်မြှောက်ရုံဖြင့် မလုံလောက်သေးဘဲ အစိုးရက ပြည်သူများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနဲ့ လူမှုဘဝလုံခြုံအောင် ဆောင်ရွက်ပေးနိုင်မှ ဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးသဘောတရား ပြည့်စုံပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်မှာ ပြည်သူ့တာဝန်၊ အစိုးရတာဝန်ဆိုတာရှိပါတယ်။ တာဝန်ကျေတဲ့ အစိုးရတစ်ရပ်ဖြစ်မှ ပြည်သူနဲ့ တိုင်းပြည်အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ ပြည်သူများအတွက် ပိုကောင်းအောင်ပြောင်းပေးနိုင်တဲ့ အစိုးရတစ်ရပ် ရွေးချယ်ပေးရန် လိုအပ်နေပါပြီ။

သို့ဖြစ်ပါ၍ ပြည်သူများကလည်း **“ပိုပြီးကောင်းအောင်ပြောင်းပေးနိုင်တဲ့၊ အပြောနှင့် အလုပ်ညီညွတ်တဲ့ ကောင်းကျိုးဆောင်ပါတီ UBP”** ကို **“အရွေးမှန်လို့အမှန်ရွေးပြီး”** ပြောင်းလဲထောက်ခံမဲပေးကြပါ။ ကောင်းကျိုးဆောင်ပါတီ (UBP)ကလည်း အပြောနှင့်အလုပ် ညီညွတ်ပါမယ်။ ပြည်သူများအတွက် တာဝန်ကျေပွန်ပါမယ်လို့ ရဲရဲဝံ့ဝံ့ ကတိပြုပါတယ်။

ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## “ပြည်ထောင်စုကောင်းကျိုးဆောင်ကြစို့”

**ရေး – အောင်နိုင်စန်း**
**ဆို – ရွှန်းလဲ့အောင် (ယဉ်ကျေးမှုတက္ကသိုလ်)**

ပြည်ထောင်စုရဲ့ကောင်းကျိုးဆောင် တာဝန်ထမ်းစို့မောင်
ကျန်းမာ၊ လန်းဖြာသော လူ့ဘောင် ပညာတိုးတက်အောင်
ဘဝအဆင့်အတန်းမြင့်မားကြအောင် ဦးတည်အမြဲရွက်ဆောင်
ကြီးပွားတိုးတက်စေဖို့ တိုင်းပြည်ကောင်းကျိုးဆောင်

မျိုးဆက်သစ်တို့ တိုးတက်အောင် စုပေါင်းခွန်အားနဲ့ဆောင်
ဒီမိုကရေစီနိုင်ငံတော် ဖက်ဒရယ်စနစ်နဲ့နေ
သစ္စာအဓိဋ္ဌာန်လေးနက်စွာ တို့ကြိုးစားကြမှာ
မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ တို့ဖွဲ့စည်းခဲ့တာ

တို့တိုင်းပြည်၊ တို့အကျိုး အစဉ်မျှော်ကိုးလို့ ဆောင်ရွက်မည်
ကဏ္ဍစုံတိုးတက်ရေးမှာ စေတနာကောင်းနဲ့ အစဉ်ရပ်တည်
မြို့တိုင်းနဲ့ရွာတိုင်းမှာကွယ် တရားဥပဒေအုပ်စိုး
လုပ်ငန်းနှင့်အခွင့်အလမ်းသာတယ် စည်ပင်ကာဖွံ့ဖြိုး

လူမှုစီးပွားဘဝလုံခြုံအောင် အခွင့်အလမ်း မျှတခြင်းကိုဖော်ဆောင်
လူမှုစီးပွားဘဝလုံခြုံအောင် အခွင့်အလမ်း မျှတခြင်းကိုဖော်ဆောင်
အခွင့်အလမ်း မျှတခြင်းကိုဖော်ဆောင်
အများအကျိုးကို ထမ်းဆောင်စို့မနှေး ... ။

# ဖက်ဒရယ်ပြည်ထောင်စုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　အောက်တိုဘာ　၃

**ဖက်ဒရယ်ပြည်ထောင်စုပါတီ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

မင်္ဂလာပါခင်ဗျား...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တောင်ပေါ်မြေပြန့်ဒေသအသီးသီးမှာ နေထိုင်တဲ့ ၁၃၅ မျိုးသော ညီနောင်တိုင်းရင်းသားများ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား.....။

ကျွန်တော်ကတော့ ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) ရဲ့ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦးဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ပါတီကို ၂၀၁၃ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ အမှတ်စဉ်(၇၁)နဲ့ (၂၄.၁၂.၂၀၁၃)ရက်နေ့မှာ တရားဝင် နိုင်ငံရေးပါတီအဖြစ် ခွင့်ပြုချက်ရပြီးတဲ့ ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ထူးခြားတဲ့ပါတီ တစ်ပါတီဖြစ်ပါတယ် ခင်ဗျား။ လူတစ်ဦးချင်းမှသည် ပါတီတစ်ရပ်ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ဘဲ လူမျိုးတူရာစုဖွဲ့ထားကြတဲ့ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များဟာ မိမိတို့မိခင်ပါတီများမှ တရားဝင်နုတ်ထွက်ရပါတယ်။ ဒီလိုနုတ်ထွက်ပြီးမှ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ဒီတိုင်းရင်းသားများသည်လည်း နောက်ခံပါတီအင်အားရှိတဲ့ ကိုယ်စားလှယ်များက တည်ထောင်သူများအဖြစ် ပါဝင်ကာ ဒီ..ဖက်ဒရယ်ပြည်ထောင်စုပါတီကို တည်ထောင်ခဲ့ကြခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများမှ နုတ်ထွက်ကိုယ်စားလှယ်များ စုဖွဲ့ဦးဆောင်တည်ထောင်ပြီး မြန်မာနိုင်ငံသားအားလုံးပါဝင်တဲ့၊ နိုင်ငံအနှံ့မှလူမျိုးစုအားလုံးပါဝင်နိုင်တဲ့ ထူးခြားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ် ခင်ဗျာ..။

ဒီအပြင် ၁၉၆၂ ခုနှစ်နောက်ပိုင်း နာမည်ဆိုးအတပ်ခံရပြီး မြန်မာနိုင်ငံမှ စွန့်ပယ်ခံခဲ့ရတဲ့ ဖက်ဒရယ်ဆိုတဲ့ဝေါဟာရကို ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးကဏ္ဍမှာ ပြန်လည်၍ တရားဝင် ပထမဆုံးအသုံးပြုခဲ့တဲ့ပါတီဖြစ်လို့ ထူးခြားပါတယ်ဆိုရင်လည်း မမှားပါဘူးခင်ဗျား။ ဖက်ဒရယ်ဆိုတာ ခွဲထွက်ခြင်းမဟုတ်၊ ခွဲထွက်ခြင်းမဖြစ်ရအောင် ကာကွယ်တဲ့စနစ်တစ်ရပ်ဖြစ်ကြောင်း နားလည်မှုပြန်လည်ရလာစေလို့ ဒီအမည်နဲ့ ပါတီတည်ထောင်ခွင့်ပြုခဲ့တာဟာလည်း ထူးခြားချက်တစ်ရပ်ပါ ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ နိုင်ငံကြီး(၂)ခုကြားမှာတည်ရှိနေတဲ့ နိုင်ငံဖြစ်ပေမယ့် နိုင်ငံကြီး (၁)နိုင်ငံတော့မဟုတ်ပါ။ တောင်တန်း၊ မြေပြန့်၊ ပင်လယ်ပြင်စသဖြင့် ပထဝီအနေအထား၊ အပူ၊ အအေးမတူတဲ့ သဘာဝအနေအထားစသဖြင့် ကွဲပြားကြတဲ့နေရာများမှာ ဌာနေတိုင်းရင်းသားစုံဟာလည်း သူတို့တည်ရာရပ်ဝန်းများနှင့် လိုက်လျောစွာနေထိုင်ခဲ့ကြပါတယ်။ ဓလေ့စရိုက်၊ ဘာသာစကား၊ အယူဝါဒ၊ ယဉ်ကျေးမှု၊ စာပေနဲ့ထုံးတမ်းစဉ်လာများကို မတူကွဲပြားစွာသုံးနှုန်းလျက် ရှေးပဝေသဏီ နှစ်ပေါင်းထောင်ကျော်ကာလမှ ယနေ့တိုင် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် အတူတကွနေထိုင်လာခဲ့ကြပါတယ်။

ဒီလိုနိုင်ငံနယ်နိမိတ်တစ်ခုအတွင်းမှာ ပဋ္ဌာန်းဆက်များအဖြစ် ဒေသအလိုက် မတူညီမှုများနဲ့ ရှင်သန်ရပ်တည်နေကြရာမှာ အားလုံးကိုပုံစံတစ်မျိုးတည်း၊ အယူဝါဒတစ်မျိုးတည်း စသဖြင့် တစ်မျိုးတည်းဆိုတဲ့ စကားရပ်နဲ့ လွှမ်းခြုံမယ်ဆိုရင်တော့ ကွဲအက်မှုများ၊ တန်ပြန်မှုများရှိတတ်ကြတာ သဘာဝတစ်ရပ်ပါခင်ဗျား။ မတူညီမှုများကြားမှာ တူညီမှုများကို တူရာစု၍ ထိုအစုများကိုမှ တူသောဆုံရပ်မှာ ပေါင်းစည်းစေခြင်းကတော့ ထာဝရပေါင်းစည်းမှုကို ရစေနိုင်ပါမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျား။ ထိုသို့ ပေါင်းစည်းနိုင်စေရန်မှာလည်း ပြည်နယ်၊ ပြည်မ၊ တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ တန်းတူပြဋ္ဌာန်းခွင့်၊ တန်းတူအုပ်ချုပ်ခွင့်၊ တန်းတူတရားစီရင်ခွင့်နှင့် သယံဇာတအချိုးကျခံစားခွင့်တို့အပေါ်မှာ တည်နေသည်ဟု ယုံကြည်ပါတယ် ခင်ဗျား။

ထိုသို့ ယုံကြည်သည့်အလျောက် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရား(၃)ပါးအပေါ်တွင် ရပ်တည်၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရန် ကျွန်တော်တို့ပါတီက အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါတယ်ခင်ဗျား။

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားပါတီများကို အခြေပြုထားသော ပါတီဖြစ်သည်နှင့်အညီ တိုင်းရင်းသားအရေးကို အရေးအကြီးဆုံးကဏ္ဍအဖြစ် သတ်မှတ်ပါတယ်။ တိုင်းရင်းသား (လူနည်းစု) မျိုးနွယ်များ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် ပါတီ၏ အဓိကမူဝါဒတစ်ရပ်ဖြစ်ပါတယ်။ ထို့အပြင် လူများစုတိုင်းရင်းသားများကလည်း ထိုအချက်ကို သတိမူမိရန်၊ အတူတကွ ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြရန် လူမျိုးကြီးဝါဒနှင့် အစွန်းရောက်လူမျိုးရေးဝါဒနှစ်ရပ်ကို ရှောင်ကြဉ်ကြရန်လည်း ဆောင်ရွက်ကျင့်သုံးလျက်ရှိပါတယ်။

နိုင်ငံခြားရေးသည်လည်း ပါတီအတွက်အရေးကြီးပါတယ်။ လက်ရှိကာလတွင် နယ်နိမိတ်ချင်းထိစပ်နေသော အင်အားကြီး(၂)နိုင်ငံနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအကျိုးအတွက် ရေရှည်ဆက်ဆံရေး ထူထောင်ရပါမယ်။

စီးပွားရေးကဏ္ဍမှာတော့ တောင်ပေါ်မြေပြန့်ထွက် သယံဇာတအပါအဝင် ထွက်ကုန်ပစ္စည်းစုံကို ဈေးကွက်တွင် ကုန်ချောအဖြစ်ဖြင့်သာ တင်ပို့နိုင်ရန် ဦးစားပေးဆောင်ရွက်ရပါမယ်။ ဒီအတွက် ခေတ်ပညာတတ်လူငယ်များကို အဆင့်မြင့်နည်းပညာများရရှိရေး ပြည်တွင်း၊ ပြည်ပသို့ စေလွှတ်ရယူစေပါမယ်။ မျှတသော ပြည်တွင်းဈေးကွက်ယှဉ်ပြိုင်မှုကိုလည်း ဖန်တီးပေးရပါမယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအားလုံး အဆင်ပြေစေရေး ရေရှည်ကြည့်၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ၊ အခြေခံအဆောက်အအုံများကို ဖန်တီးပေးရပါမယ်။

နိုင်ငံတော်၏ အဓိကလုပ်ငန်းဖြစ်ခဲ့တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာလည်း နိမ့်ကျနေမှုအားလုံးကို ဥပဒေနှင့်အညီ မြှင့်တင်ထိန်းကျောင်းပေးရပါမယ်။ စိုက်ပျိုးရေးနည်းစနစ်အတွက် အဆင့်မီနည်းပညာတက္ကသိုလ်များ၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ၊ ပြည်တွင်းတွင်ထုတ်လုပ်နိုင်ရေးအတွက် အဆင့်မီစက်ရုံများ ဖော်ဆောင်ပေးရပါမယ်။ လယ်ယာမြေအပါအဝင် မြေဟူသမျှကို မတရားသိမ်းပိုက်ခြင်းများ လုံးဝမရှိစေဘဲ ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်မှုကို တရားဝင်ဖြစ်ရန် ဆောင်ရွက်ပေးရပါမယ်။

သစ်တောကဏ္ဍ၊ မွေးမြူရေးကဏ္ဍတို့တွင်လည်း တရားမဝင်ထုတ်လုပ်မှုများကို နှိမ်နင်းခြင်း၊ တစ်ပင်ခုတ် ဆယ်ပင်စိုက်စနစ်များ အသက်သွင်းပေးခြင်း၊ တစ်ပိုင်တစ်နိုင် စည်းကမ်းမဲ့မွေးမြူရေးစနစ်မှ စနစ်တကျစီးပွားဖြစ်မွေးမြူရေးစနစ်သို့ တွန်းတင်ခြင်း၊ သစ်နှင့်မွေးမြူရေးထွက်ကုန်ချောများသာ နိုင်ငံတကာသို့ တင်ပို့နိုင်ရေး ကူညီခြင်းများဖြင့် တောင်တန်းမြေပြန့်မခွဲဘဲ စီးပွားရေး အဆင်ပြေစေရပါမယ်။

နိမ့်ကျလျက်ရှိသော ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကိုလည်း အခြေခံမှစ၍ တစ်ထစ်ချင်းမြှင့်တင်ပါမည်။ အခြေခံလူတန်းစားတစ်ရပ်လုံးအား နေ့စဉ်ခြိမ်းခြောက်နေသော အစားအစာလုံခြုံမှုကို နိုင်ငံတော်မှ တာဝန်ယူနိုင်ရန် ကြိုးပမ်းပါမယ်။ မြို့နယ်တိုင်း မတတ်နိုင်သေးလျှင်ပင် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများတိုင်းတွင် အစားအစာအား စစ်ဆေးပေးနိုင်မည့် အဆင့်မီဓာတ်ခွဲခန်းများကို မြန်နိုင်သမျှအမြန်ဆုံး တည်ဆောက်ဖွင့်လှစ်ပေးရပါမည်။ တိကျစွာစစ်ဆေး၍ ထိရောက်စွာ အရေးယူပေးရပါမည်။ ဒါမှ လူထုရဲ့ ကျန်းမာရေးဘဝကို မြှင့်တင်ပေးနိုင်ပါမည်။ ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေး ပညာရှင်များမွေးထုတ်ခြင်း၊ ပစ္စည်းပြည့်စုံသည့်ဆေးရုံများ တည်ဆောက်ခြင်းများ ဆောင်ရွက်ရပါမည်။

နိုင်ငံ့ဝန်ထမ်းများနှင့် အလုပ်သမားများကို ဤကျန်းမာရေး၊ ပညာရေးကဏ္ဍတွင် အခမဲ့ခံစားခွင့်ရရှိရေးကိုလည်း ဆောင်ရွက်ပေးရပါမည်။ ဝန်ထမ်းနှင့်မိသားစု (သတ်မှတ်ချက်ဖြင့်)ဟာ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွင် အခမဲ့ဆေးကုသခွင့်၊ မိသားစုဝင်များသည် ပညာရေးဌာန၏ စာသင်ရာဌာနတိုင်းတွင် အခမဲ့ပညာသင်ကြားခွင့်ရရှိရပါမည်။ လိုအပ်၍ ပြည်ပတွင်ရယူရန်ရှိခဲ့ပါကလည်း နိုင်ငံတော်၏ စရိတ်ဖြင့် ခံစားခွင့်ရရှိစေရပါမည်။ အငြိမ်းစားရယူမည့် ဝန်ထမ်းများအတွက် နောင်ရေးမပူပန်စေရန် ၎င်းအခြေချမည့်အရပ်တွင် ရာထူးနှင့်ကိုက်ညီသည့် နေအိမ်ကို ချီးမြှင့်ငွေအစား ပေးအပ်ချီးမြှင့်ပါမည်။ အငြိမ်းစားမယူမီကာလတွင်လည်း ဝန်ထမ်း၊ အလုပ်သမားများ၏ စားဝတ်နေရေးအတွက် လစာအပြင် ရိက္ခာများ၊ ဝတ်စုံများ၊ ဝန်ထမ်းအိမ်ရာများဖြင့် ထောက်ပံ့ပေးပါမည်။ အဘက်ဘက်မှ လိုလေသေးမရှိ ဖြည့်ဆည်းထားပေးသည့်ကြားမှ အဂတိလိုက်စားမှုများပေါ်ပေါက်ခဲ့ပါက မထင်မှတ်နိုင်အောင် ပြင်းထန်သည့် အရေးယူမှုမျိုးဖြင့် ပြစ်ဒဏ်ချမှတ်ရပါမည်။

နိုင်ငံ၏ဝန်ထမ်း၊ အရာထမ်းနှင့် အလုပ်သမားကဏ္ဍများတွင် အရည်အချင်းတူများကို အခွင့်အရေးပေးပါက အမျိုးသမီးနှင့် လူငယ်များကို ဦးစားပေးအဆင့်ထားပါမည်။ ကျား/မ၊ လူကြီး/ လူငယ်မရွေး အရည်အချင်းသာသူကို ဦးစားပေးခံစားစေရမည့် ယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်ပါမည်။

ဤဖက်ဒရယ်ပြည်ထောင်စုပါတီ FUP သည် ပြည်နယ်–ပြည်မ၊ တောင်တန်း–မြေပြန့် မခွဲခြားဘဲ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ညီနောင်တိုင်းရင်းသားအားလုံး၏ တန်းတူညီမျှရေးကို အခြေခံ၍ အရာအားလုံးကို ချဉ်းကပ်ပါသည်။ သို့မှသာ တိုင်းရင်းသားအားလုံး အပြန်အလှန် ယုံကြည်လေးစားမှု၊ စည်းလုံးမှုတို့ဖြင့် ငြိမ်းချမ်းမှုကိုရရှိပါမည်။ ထိုသို့ ငြိမ်းချမ်းမှုသာ နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ဆောက်ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်တန်းမြေပြန့် မခွဲခြားဘဲ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားပေါ်တွင် အခြေခံ၍ တစ်ဦး၊ တစ်ဖွဲ့ချင်း၏ လွတ်လပ်မှုနှင့် အခွင့်အရေးကို အလေးထားပြီး လူနည်းစုကို အခြေပြုသော ပြည်သူအားလုံးအတွက် တရားမျှတမှု၊ ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးမည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကမောင်းတံဖြစ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုပါတီ FUP ကို မဲပေးကြဖို့ တောင်းဆိုမေတ္တာရပ်ခံအပ်ပါတယ်....ခင်ဗျား။

တောင်ပေါ်မြေပြန့်မှ ညီနောင်သားချင်းများအားလုံး ကပ်ကြီး(၃)ပါး၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးကြပါစေကြောင်း၊ နိုင်ငံရေးအရ ဖြစ်ပေါ်လာသော နိုင်ငံရေးရွေးကောက်ပွဲတွင် နိုင်ငံရေးစစ်စစ်ကိုသာ ရွေးချယ်နိုင်ကြပါစေကြောင်း၊ ကိုယ်စားလှယ်အရွေးမှန်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ခင်ဗျား။

### ဖက်ဒရယ်ပြည်ထောင်စုပါတီ

၁။　တိုးတက်မယ့် ဒို့ရှေ့လမ်းအတွက် ....... ဦးဆောင်နိုင်ဖို့
　　မျှတတဲ့ လူ့အခွင့်အရေးနဲ့ ....... ရပ်တည်နိုင်ဖို့
　　ငြိမ်းချမ်းရေးပန်းပွင့်များနဲ့ ....... အလှဆင်နိုင်ဖို့
　　ဖက်ဒရယ်ပြည်ထောင်စုပါတီ ....... လာပြီ။

၂။　တိုင်းရင်းသားစည်းလုံးမှုနဲ့ ....... ချစ်ခင်နိုင်ဖို့
　　လွတ်လပ်တဲ့ စနစ်သစ်များနဲ့ ...... မည်သို့နိုင်စေဖို့
　　မျှတတဲ့ ဒို့အခွင့်အလမ်းတွေ ....... တန်းတူညီဖို့
　　ဖက်ဒရယ်ပြည်ထောင်စုပါတီ ... လာပြီ။

CHO:　အနီရောင်ဆိုတာ ရဲရင့်ခြင်းနဲ့ ပြတ်သားတဲ့ အရောင်အဆင်း
　　အဖြူရောင်ဆိုတာ ရိုးသားခြင်းနဲ့ သစ္စာရှိခြင်း၊
　　အဖြူရောင်ကြယ်စင် သုံးပွင့်အဓိပ္ပာယ်
　　လွတ်လပ်ခြင်း
　　တရားမျှခြင်း
　　တန်းတူညီမျှခြင်း ...... တို့ဖြစ်ဖို့
　　ဖက်ဒရယ်ပြည်ထောင်စုပါတီ
　　ဒီမိုကရေစီလမ်းနဲ့ ထပ်တူညီ ... ပြည်သူတွေကို လမ်းပြပေးမယ့်
　　အက်ဖ်ယူပီ ပါတီ

အင်အားသစ်ခရီး / အိပ်မက်အသစ်　အတွက် အမှန်မဲပေးကြမည်

Solo

၁....၂.....CHO:

## ဒလမြို့နယ်၌ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၇၉၄၈ ဦးရှိပြီး မဲရုံပေါင်း ၁၈၂ ရုံ ထားရှိမည်

**ရန်ကုန်　အောက်တိုဘာ　၃**

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ် ကပ်ထားကြေညာပြီးဖြစ်ရာ မဲစာရင်းတွင် မိမိအမည်စာရင်း ပါ/ မပါ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၂၇၉၄၈ ဦး၊ ကရင်မဲဆန္ဒရှင် ဦးရေ ၁၈၁၆ ဦးနှင့် ရခိုင်မဲဆန္ဒရှင် ဦးရေ ၄၁၇ ဦး၊ မသန်စွမ်းမဲဆန္ဒရှင် ဦးရေ ၂၀၀ ကျော်၊ မဲရုံပေါင်း ၁၈၂ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာရာတွင်လည်း မိမိအမည် ပါ/မပါ လာရောက်ကြည့်ရှုကြရန် လိုအပ်ကြောင်း၊ လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်များ စာရင်းကို ဝက်ဘ်ဆိုက်၊ မိုဘိုင်းဖုန်းများတွင် ကြည့်ရှုနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ အမည်များကို http://bit.ly/yangon-voters တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးသိန်းထံမှ သိရသည်။

ထို့အတူ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲတပ်ဖွဲ့ဝင် ၁၈၂ ဦး ခန့်အပ်ပြီး အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှစ၍ တစ်လတိတိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင် (ခ) စူကျားခိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

**(က) ပါတီ၏ မူဝါဒများ။**

၁။ ပြည်ထောင်စု ထာဝရတည်တံ့ခိုင်မြဲရေးကို ဦးတည်ပါသည်။

၂။ တိုင်းရင်းသားလူမျိုးစုများအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး အစဉ်အမြဲ အပြန်အလှန်လေးစားကြပြီး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အတူတကွ နေထိုင်သွားအောင် ဦးတည်ပါသည်။

၃။ အချုပ်အခြာအာဏာသည် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထုတစ်ရပ်လုံးထံ အမြဲတည်ရှိ၍ ၎င်းတို့ကသာ အချုပ်အခြာအာဏာသုံးရပ်တို့၏ ပိုင်ရှင်အစစ်ဖြစ်သည်။

၄။ လူထုကိုအခြေပြုသော ပါတီစုံဒီမိုကရေစီစနစ်အမှန်ပေါ်ထွန်းလာရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ဆောက်ရေး စသည်တို့ကို ဦးတည်ရည်ရွယ်သည်။

၅။ တိုင်းရင်းသားလူမျိုးစုများအားလုံးနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးတို့အတွက် " တန်းတူညီမျှမှု (EQUALITY)၊ တရားမျှတမှု(JUSTICE)၊ လွတ်လပ်မှု(FREEDOM)၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ" အမှန်တကယ်ရရှိခံစားလာနိုင်အောင် ကျွန်ုပ်တို့ပါတီက ဦးတည်ရည်ရွယ်သည်။

၆။ ကျွန်ုပ်တို့ပါတီသည် "ပြည်သူလူထုအတွက် (FOR THE PEOPLE)၊ ပြည်သူလူထုထံမှ (FROM THE PEOPLE)၊ ပြည်သူလူထုထံသို့ (TO THE PEOPLE)နှင့် ပြည်သူ့အကျိုးရှေးရှုလုပ်ဆောင်မည်" စသည်တို့ကို ဦးထိပ်ထားသောပါတီ ဖြစ်ပါသည်။

၇။ မည်သူ မည်သည့်အဖွဲ့ အစည်းမဆို တရားဥပဒေ၏အထက်၌ မရှိစေရ၊ လူတိုင်းသည် တရားဥပဒေ၏ရှေ့တွင် တန်းတူမှုရှိရမည်။ လူတိုင်းသည် တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုရှိစေပြီး တရားဥပဒေကို ရိုသေလေးစား လိုက်နာဆောင်ရွက်ရမည်။

၈။ နိုင်ငံသူနိုင်ငံသားတိုင်းသည် ဘာသာရေးကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိရမည်။ လူမျိုးဘာသာ အသားအရောင်မတူသူများအပေါ် မုန်းတီးခွဲခြားဆက်ဆံခြင်း မပြုလုပ်ရ။ ကျား/မ တန်းတူရေးနှင့် တစ်လင်တစ်မယားစနစ်ကိုလည်း ထွန်းကားရန် ဦးတည်ပါသည်။

၉။ တောင်သူလယ်သမားနှင့်ပတ်သက်ရင် "လယ်လုပ်သူတိုင်း လယ်ပိုင်ရှိရမည်၊ ယာလုပ်သူတိုင်း ယာပိုင်ရှိရမည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း လယ်ယာခြံမြေများကို လက်ဝါးကြီးအုပ်သည့်စနစ် ပပျောက်သွားအောင် ဦးတည်ဆောင်ရွက်နိုင်မှသာ ယနေ့မိမိတို့၏ လယ်ယာခြံမြေ ဆုံးရှုံး၍ မတတ်နိုင်သည့်နောက်ဆုံး နိုင်ငံခြားများသို့ သန်းပေါင်းများစွာ သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဆင်းရဲဒုက္ခများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

၁၀။ ၂၀၀၈– ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးထားခဲ့သော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" တို့တွင် စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် (SELF–ADMINISTRATION RIGHT) နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် (SELF–DETERMINATION RIGHT) တို့ကို လက်တွေ့အမှန်ရရှိလာအောင် အကောင်အထည်ဖော်ပေးကြပါရန် ဦးတည်လိုလားနေပါသည်။

၁၁။ ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် "ချစ်ကြည်ရင်းနှီး စွာဆက်ဆံပေါင်းသင်းနေထိုင်ရေး" ဆိုသည့်မူကိုလည်း ဦးတည်နေပါသည်။

၁၂။ မူးယစ်ဆေးဝါးမှန်သမျှ တိုက်ဖျက်ရေးကိုလည်း အမြဲဦးတည်ပါသည်။

**(ခ) ပါတီ၏လုပ်ငန်းစဉ်များ**

၁။ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ"ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ကမ္ဘာ့အစိုးရများ၊ INGO နှင့် NGO အဖွဲ့အစည်းများမှ အကူအညီရယူနိုင်ပါက ရယူလျက် "သာယာလှပသော ကမ္ဘာမြေကြီးကို မပျက်စီးရအောင်" ကျွန်ုပ်တို့ပါတီက မိမိတို့တတ်နိုင်သလောက် စဉ်ဆက်မပြတ် ကြိုးစားလုပ်ကိုင်သွားမည်။

၂။ ပြည်ထောင်စုအတွင်းရှိ သမိုင်းဝင်ပစ္စည်းများ၊ အဆောက်အအုံများ၊ စေတီဘုရားကျောင်းကန်များ၊ တောရိုင်းကျေးငှက်သတ္တဝါများ၊ သစ်တောများ ပျက်စီးပျောက်ကွယ်မသွားအောင် ကျွန်ုပ်တို့ပါတီဝင်များက တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်နေပါသည်။ အထူးသဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုရားကျောင်းများနှင့် ဒုတိယကမ္ဘာစစ်အတွင်း ယနေ့ ပြည်ထောင်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကျွန်ုပ်တို့ ကိုးကန့်ဒေသတွင် အသက်ပေါင်း (၂၀၀) ခန့် ပေးဆပ်ခဲ့ပြီး ဖက်ဆစ်ဂျပန်ကို တိုက်ခိုက် ကျဆုံးခဲ့သည့် ကိုးကန့် တိုင်းရင်းသား စစ်သည်တော် များအား ရည်စူး၍ ယနေ့ "တာရွှေတန်ဈေးအထက်" မားမားမတ်မတ် ရပ်တည်လျက်ရှိသည့် "အမှတ်တရကျောက်တိုင်" ကို ပျက်စီးပျောက်ကွယ်မသွားအောင် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကိုယူပြီး ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

၃။ ကိုးကန့်ဒေသအပါအဝင် ပြည်ထောင်စုတစ်ခုလုံး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လျက် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရယူကာ ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော "ONE BELT ONE ROAD ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု" ကမ္ဘာ့စီးပွား ဖွံ့ဖြိုးမှုစီမံကိန်းကြီးမှ ပြည်ထောင်စုတစ်ခုလုံးအတွက် အပြုသဘောဆောင်သော ကိုယ့်ဘက်သူ့ဘက် အကျိုးစီးပွားရှိနိုင်သော လုပ်ငန်းများ ဖြစ်ထွန်းလာနိုင်အောင် ကျွန်ုပ်တို့ပါတီမှ ဥပဒေဘောင်အတွင်းမှ တတ်စွမ်းသလောက် ကြိုးစားဆောင်ရွက်နေပါသည်။

အချုပ်အနေဖြင့် နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ကာ အေးချမ်းသာယာပြီး နိုင်ငံသူနိုင်ငံသားအပေါင်းတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သပြီး နိဂုံးချုပ် တင်ပြအပ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါအပြင် အခြားရောဂါများပါ ဖုန်းဖြင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူနိုင်

**ရန်ကုန် အောက်တိုဘာ ၃**

လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်–၁၉ ရောဂါအပြင် အခြားရောဂါများနှင့်ပတ်သက်၍ ပြည်သူများ ကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများကို တယ်လီဖုန်းမှတစ်ဆင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူနိုင်သည့် TELE_CONSULTATION of health Issue during COVID ERA အစီအစဉ်ကို အောက်တိုဘာ ၁ ရက်မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့မှ သိရသည်။

"လက်ရှိမှာ ကိုဗစ်ကပ်ရောဂါကြောင့် ကိုဗစ်ကိုပဲ ဦးစားပေးလုပ်ဆောင်နေရတယ်။ ဒါပေမယ့် ကိုဗစ်မဟုတ်တဲ့ ရောဂါတွေလည်းရှိနေတယ်။ အဲဒီရောဂါတွေကို အာရုံစိုက်မှုအပိုင်း လျော့နည်းလာကြတယ်။ ကိုဗစ်မဟုတ်တဲ့ ရောဂါတွေနဲ့ သေဆုံးမှုဟာလည်း မြင့်တက်လာကြတယ်။ အဲဒီအတွက် ဒီအစီအစဉ်က ကိုဗစ်ရော၊ ကိုဗစ်မဟုတ်တဲ့ ပြဿနာတွေပါ ဖြေရှင်းနိုင်ဖို့၊ ဆွေးနွေးနိုင်ဖို့၊ အကြံဉာဏ်ရယူနိုင်ဖို့ကို မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ဦးဆောင်ပြီး ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု အဆိုပါအဖွဲ့၏ အတွင်းရေးမှူး ဒေါက်တာဝင်းဇော်က ပြောသည်။

ယင်းအစီအစဉ်ကို ရန်ကုန်မြို့အတွင်း အလုံ၊ ဗဟန်း၊ အင်းစိန်၊ မရမ်းကုန်း၊ စမ်းချောင်း၊ လမ်းမတော်၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ မြောက်ဒဂုံ၊ ပုဇွန်တောင်၊ လှိုင် စသည့် မြို့နယ် ၁၂ မြို့နယ်၌ တစ်မြို့နယ်လျှင် ဆရာဝန်ငါးဦးအဖွဲ့ဖြင့် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ ကိုဗစ်ကာလအတွင်းမှာ မိဘပြည်သူတွေရဲ့ ကျန်းမာရေးပြဿနာတွေကို တစ်တပ်တစ်အား ဖြေရှင်းပေးနိုင်ဖို့အတွက် အဝေးကနေ တယ်လီဖုန်းကို အသုံးပြုပြီးတော့ တိုင်ပင်ဆွေးနွေးအကြံဉာဏ်ပေးတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူလိုသည့် ပြည်သူများအနေဖြင့် ဆက်သွယ်ရမည့် မြို့နယ်အလိုက် ဆရာဝန်များ၏ ဖုန်းနံပါတ်များကို မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Myanmar Medical Association Facebook Page နှင့် General Practitioners' Society Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အဓိကထားလုပ်ဆောင်နေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်နေကြောင်း၊ လက်ရှိအချိန်တွင် တစ်မြို့နယ်လျှင် ဆရာဝန်ငါးဦးနှုန်းဖြင့် ဆောင်ရွက်နေသော်လည်း လုပ်အားပေးစေတနာ့ဝန်ထမ်းရရှိမှု အပေါ်မူတည်၍တစ်ဖွဲ့လျှင်အနည်းဆုံး ငါးဦးမှ ၁၅ ဦး အထိ ထားရှိသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်မေးမြန်းမှုအနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိမည်သည့်ဒေသကမဆို ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဒေါက်တာဝင်းဇော်က ပြောသည်။

**အေးမင်းသူ**

## ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လုပ်ကိုင်ခွင့်ရရှိခဲ့

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် ငွေကျပ် သိန်း ၂၉၀၀ ထုတ်ချေးခဲ့ကာ ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဖြင့် ကျေးရွာပေါင်း ၁၃ ရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အဖွဲ့ဝင် ၂၄၀ အား ချေးငွေကျပ် ၁၅၆ ဒသမ ၅၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အဖွဲ့ဝင် ၁၂၆ ဦးအား ချေးငွေကျပ် ၇၉ ဒသမ ၈၀ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ရန်အတွက် အဖွဲ့ဝင် ၄၉ ဦးအား ချေးငွေကျပ် ၄၁ ဒသမ ၉၀ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် အဖွဲ့ဝင် သုံးဦးအား ချေးငွေကျပ် ၂ ဒသမ ၃၀ သန်းအား ကျေးရွာကော်မတီဝင်များထံမှတစ်ဆင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**

## မိုင်းယောင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာထားမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ အောက်တိုဘာ ၁ ရက်မှစတင်၍ ဒုတိယအကြိမ် ကပ်ထားကြေညာထားမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းနှင့် တာဝန်ရှိသူများက ယနေ့ ကြည့်ရှုစစ်ဆေးသည်။

မိုင်းယောင်းမြို့နယ်တွင် မဲရုံပေါင်း ၆၈ ရုံ ဖွင့်လှစ်ရန် လျာထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၆၅၄၉ ဦး ရှိကြောင်း၊ မဲစာရင်းတွင် မိမိတို့၏အမည် ပါ၊ မပါ သွားရောက်ကြည့်ရှုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမှိုင်ခမ်းထံမှ သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ မဲဆန္ဒရှင်များစာရင်း ဒုတိယအကြိမ် ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များစာရင်းကို ဇူလိုင် ၂၅ ရက်မှ စ၍ ဩဂုတ် ၁၄ ရက်အထိ ပထမအကြိမ် ကပ်ထားကြေညာခဲ့ပြီးနောက် ပြင်ဆင် ရန်ရှိသည်များကို ပြင်ဆင်ပြီးသည့် ဒုတိယအကြိမ် မဲဆန္ဒရှင်များစာရင်းကို ယခု အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် ဒုတိယအကြိမ် အသိပေးထုတ်ပြန်ကြေညာထားရှိရာ ရန်ကုန်မြောက် ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းနေ ပြည်သူများ ရပ်ကွက် ၂၁ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ရက်ကွက်များအလိုက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ နေရာအသီးသီးတို့၌ လာရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အင်းစိန်မြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများအရ မဲဆန္ဒရှင် စုစုပေါင်း အမျိုးသား အမျိုးသမီး ၂၂၉၉၅ ဦးရှိပြီး မဲပေးနိုင်ရေးအတွက် မဲရုံပေါင်း ၁၈၈ ရုံဖြင့် ယခု ဒုတိယအကြိမ် ကြေညာပေးထားသည့် မဲဆန္ဒရှင်စာရင်းများအား အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် နောက်ဆုံးအကြိမ်အဖြစ် ကပ်ထားကြေညာထားမည်ဖြစ်ကာ ပြည်သူများ မဲစာရင်းများကို လာရောက်ကြည့်ရှုကြရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လက်ဆေးရန် လက်ဆေးကန်များ ထားရှိပေးခြင်း၊ လက်သန့်ဆေးရည်များ ထားရှိပေးခြင်း စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

**မြဝတီ အောက်တိုဘာ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က တကယ့်စိတ်ရင်း စေတနာအမှန်ဖြင့် လနှင့်ချီပြီး ဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်း အများကြီး ရှိနေပြီး ဌာနဆိုင်ရာတွေအနေဖြင့် တာဝန်အရ ဆောင်ရွက်နေတယ်ဆိုပေမယ့်လည်း တကယ့်စိတ်ထဲက စိတ်ရင်းပါမှ ဒီအလုပ်ကဆောင်ရွက်လို့ရတာဖြစ်ပါကြောင်း၊ ဒါကြောင့် ပေါ့ပေါ့တန်တန် သဘောမထားဘဲ တကယ်အလေးအနက်ထားပြီး အသိအမှတ်ပြုချင်လို့ ကိုယ်တိုင်လာရောက်ပေးအပ်ရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်း ၂၃၃ ဦးအတွက် တစ်ဦးလျှင်ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၆၆ သိန်းအား စေတနာ့ဝန်ထမ်းများကိုယ်စား မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့နာယက ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်ထံသို့လည်းကောင်း၊ ဌာနဆိုင်ရာစေတနာ့ဝန်ထမ်း ၅၀၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၅၃ သိန်းအား မြဝတီခရိုင် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံသို့လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုအမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုထောက်ပံ့ငွေများအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့၊ ရပ်ကွက်၆/၇စီမံကိန်းတွင်နေထိုင်သူများထဲမှ ပမာဏအနေဖြင့် ၃၇ ဦးကို မြေနေရာအသိအမှတ်ပြုလွှာ(ယာယီမြေပေးမိန့်)ထုတ်ပေးခြင်း အခမ်းအနားကို တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိများက မြေနေရာအသိအမှတ်ပြုလွှာ (ယာယီမြေပေးမိန့်)နှင့် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် SMS(စာတို)ပေးပို့ခြင်းမှတစ်ဆင့် ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အထောက်အပံ့ပြုလှူဒါန်းလိုသူ MPT သုံးစွဲသူများအနေဖြင့် SMS မှတစ်ဆင့် ပါဝင်လှူဒါန်းနိုင်မည့်အစီအစဉ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယနေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသူ MPT သုံးစွဲသူ ပြည်သူများအနေဖြင့် 9900 သို့ 500 ဟုရိုက်နှိပ်ပြီး SMS(စာတို) ပေးပို့ခြင်းဖြင့် တစ်ကြိမ်လျှင် အလှူငွေကျပ် ၅၀၀ ကို အကြိမ်အရေအတွက် ကန့်သတ်ထားခြင်းမရှိဘဲ မိမိတို့ဖုန်းဘေလ်ရှိသရွေ့ ပါဝင်လှူဒါန်းနိုင်မည်ဖြစ်ရာ ဝန်ဆောင်ခ ပေးရန်မလိုကြောင်း သိရသည်။

ထို့ပြင် GSM/WCDMA စနစ်ကို အသုံးပြုသည့် ကြိုတင်ငွေဖြည့်စနစ်ကို သုံးစွဲသူ ဖြစ်စေ၊ အသုံးပြုပြီးမှ ငွေပေးချေသည့်စနစ်ကို သုံးစွဲသူဖြစ်စေ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပြီး အသုံးပြုပြီးမှ ငွေပေးချေသည့်စနစ်ကို သုံးစွဲသူများအတွက် လှူဒါန်းလိုက်သည့် ငွေပမာဏကို ငွေတောင်းခံလွှာတွင် ထည့်သွင်း ကောက်ခံသွားမည်ဖြစ်ရာ ကြိုတင်ငွေဖြည့်စနစ်အသုံးပြုသူများအတွက် ငွေဖြည့်သွင်းထားသည့် ပမာဏထဲမှ နုတ်ယူသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ပထမလှိုင်းအတွင်း SMS (စာတို) ပေးပို့လှူဒါန်းခြင်းအစီအစဉ်မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကျော်ကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ လှူဒါန်းနိုင်ခဲ့ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကိုလည်း ထပ်မံလှူဒါန်းခဲ့ကြောင်း၊ ယခု ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ပြန်လည်မြင့်တက်လာချိန်တွင် MPT သုံးစွဲသူအများပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပါဝင်လှူဒါန်းနိုင်ရန်အတွက် အဆိုပါ SMS(စာတို) ပေးပို့လှူဒါန်းခြင်း အစီအစဉ်ကို ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း MPT-KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီးမှ ဒုတိယအရာရှိချုပ် ဦးမျိုးသန်းက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ဆက်သွယ်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများအဖြစ် ဖိုင်ဘာအင်တာနက် ချိတ်ဆက်ပေးခြင်း၊ အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးခြင်း၊ ဆင်းမ်ကတ်နှင့် ငွေဖြည့်ကတ်များလှူဒါန်းခြင်း၊ သုံးစွဲသူပြည်သူများသို့ နှာခေါင်းစည်းလှူဒါန်းခြင်းနှင့် နိုင်ငံတစ်ဝန်းရှိ မိဘမဲ့ဂေဟာများသို့ အခြေခံစားသောက်ကုန်များလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယင်းအပြင် ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာအတွက် လိုအပ်သော မြန်နှုန်းမြင့် ဖိုင်ဘာအင်တာနက်လိုင်းများ တိုးချဲ့ဆောင်ရွက်ပေးခဲ့ပြီး ဧရာဝတီဖောင်ဒေးရှင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် ကိုဗစ်-၁၉ အရေးပေါ် ကုသရေးဌာန ဧရာဝတီစင်တာ(သုဝဏ္ဏ)တွင် အင်တာနက်အသုံးပြုနိုင်ရန် မြန်နှုန်းမြင့် ဖိုင်ဘာအင်တာနက်လိုင်းများ၊ ဝိုင်ဖိုင်နှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

## ငါန်းဇွန်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းကပ်ထားမှု ကြည့်ရှုစစ်ဆေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေ



**ငါန်းဇွန် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ရွေးကောက်ပွဲဆိုင်ရာ လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေခဲ့သည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒုတိယအကြိမ် မဲစာရင်းများ ကြေညာထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မဲစာရင်း လာရောက်ကြည့်ရှုကြသူများ၊ မြို့မစည်ပင်သာယာဈေးစသည့် လူစည်ကားရာနေရာများ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

❒ **ကိုဗစ်-၁၉ မှ**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာ နေ့စဉ် ကိုဗစ်လူနာတွေတိုးနေပါတယ်။ များပြားလာတဲ့ ကိုဗစ်လူနာတွေကို ထားနိုင်ဖို့ ယခုလိုကန့်သတ်စောင့်ကြည့်စခန်းတွေ တိုးချဲ့ဖွင့်လှစ်နေခြင်းဖြစ်ပါတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ်လူနာ ၆၀၀၀ ခန့်ကို ဝန်ဆောင်မှုပေးနေတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

"Fortune Plaza ကို Happy Covid Center အဖြစ် စတင်ဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေကြပြီ။ အကောင်းဆုံးနဲ့ အမြန်ဆုံးပြင်ဆင်နေပါပြီ။ ကိုဗစ်လူနာတွေ သက်သောင့်သက်သာနဲ့ စိတ်ကြည်လင် ပျော်ရွှင်စွာနေနိုင်ဖို့ ဦးစားပေး စီစဉ်နေပါတယ်"ဟု သာကေတမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းကျော်က ပြောသည်။

အဆိုပါ စင်တာအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် We love Yangon အဖွဲ့၊ Fortune Plaza မှ တာဝန်ရှိသူများ၊ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပရဟိတအဖွဲ့များ ပူးပေါင်းကာ စက်တင်ဘာ ၂၈ ရက်မှ စတင်၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးရန် ခန့်မှန်းထားကြောင်း၊ ကိုဗစ်လူနာ ၆၀၀ မှ ၁၀၀၀ ကြား ထားရှိနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

Fortune Plaza Covid Center တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးစနစ်၊ ကောင်းမွန်သည့် Free Wifi၊ လုံလောက်သည့် Air Condition စနစ်များနှင့် ရေပူရေအေးနှစ်မျိုးသုံး Water Cooler များ၊ စာကြည့်တိုက်၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် အထောက်အကူပြုပစ္စည်းများ၊ အနားယူအပန်းဖြေနိုင်သည့် ဧရိယာများကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

တာဝန်ထမ်းဆောင်မည့် ဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းများအတွက် ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ အဝတ်အခြောက်ခံစက်များနှင့် Hair Dryer များကို စီမံဆောင်ရွက်ထားရှိမည်ဖြစ်ပြီး လိုအပ်သည့် သောက်ရေသန့်များကို ကုသရေးစင်တာပြီးစီးသည်အထိ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စားသောက်ရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၊ We Love Yangon တို့နှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ကုသရေးစင်တာတွင် အထူးကြပ်မတ်စောင့်ရှောက်မှုအခန်းများ ( HDU / ICU ) ပါရှိမည့်အပြင် ရေချိုးခန်းနှင့်သန့်စင်ခန်းများကိုလည်း လုံလောက်မှုရှိစေရန် ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**မြင့်မောင်**






ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့



ကျားဝါဖေ့ဖေ့
ပါပါးကြီး
မိသားစုကာတွန်းများ


always prepared
Robert Baden Powell









# မင်းဘူးမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မင်းဘူး(စကု) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်ရှိ စည်ပင်သာယာဈေးသစ် ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် မြို့နယ်ခန်းမဆောင် အဆောက်အအုံသစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးပစ္စည်းစုဆောင်းထားရှိမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**





# မြစ်ကြီးနားမြို့ပေါ် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားမှုအခြေအနေ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒုတိယအကြိမ်မဲစာရင်းကပ်ထားကြေညာထားမှုအခြေအနေနှင့် မြို့တွင်းရေဝပ်တင်ကျန်နေသည့်နေရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပလနကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ပမ္မတီးရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မဲစာရင်းမှန်ကန်မှုရှိစေရေး၊ မဲပေးပိုင်ခွင့်ရှိသူများအား မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပမ္မတီးရပ်ကွက် ဘုံမောနယ်မြေအတွင်း မိုးရွာသွန်းမှုကြောင့် ရေဝပ်တင်ကျန်လျက်ရှိသည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး လတ်တလော အခြေအနေအရ ရေဝပ်သည့်နေရာများမှ ရေများဖယ်ထုတ်ပေးနိုင်ရေးအတွက် ရေစုပ်စက်များဖြင့် ထုတ်ယူဖယ်ရှားနိုင်ရေး စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ UMFCCI ၌ ကျင်းပခဲ့ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အသင်းချုပ်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ယခုကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက်ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့်ဆက်စပ်မှုရှိနေသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ကုန်စည်စီးဆင်းမှုအခက်အခဲများရှိနေခြင်း၊ လက်ရှိပဲခူးတိုင်းဒေသကြီးတွင် ကုန်တင်ယာဉ်များပိတ်ဆို့နေမှုများကြုံတွေ့နေရခြင်း၊ ကုန်တင်ယာဉ်ဂိတ်များ ပိတ်ခြင်း၊ ဖွင့်ခြင်းများဖြင့် မတည်ငြိမ်မှုများရှိနေခြင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Test Kits များဖြင့် စစ်ဆေး၍ ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်းကို အလျင်အမြန်ထုတ်ပေးရန် လိုအပ်ခြင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဟင်းသီးဟင်းရွက် ကုန်တင်ယာဉ်များ၏ အခက်အခဲများ၊ ရန်ကုန်တိုင်းဒေသကြီးမှ အခြားသော တိုင်းဒေသကြီးများသို့ တင်ပို့သည့် အသား၊ ငါးတို့၏ ကုန်ဈေးနှုန်းနှင့် လည်ပတ်စီးဆင်းနေမှုအခြေအနေများ၊ ဘုရင့်နောင် ကုန်စည်ဒိုင်အတွင်း ဝင်ရောက်လာသည့် စားသောက်ကုန်များ၏ ကုန်ဈေးနှုန်းအခြေအနေများ စသည်တို့ကို တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**မင်းဘူး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွက် သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ကြေးနှင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း သက်ကြီးဘိုးဘွားများအား ထပ်ဆောင်းထောက်ပံ့ငွေများကို အောက်တိုဘာ ၃ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၈၀၉ ဦးအတွက် သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဘိုးဘွားများအား ထပ်ဆောင်းထောက်ပံ့ငွေစုစုပေါင်း ကျပ် ၄၈၅ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ကျော်စိုးဝင်း(မင်းဘူး)**

**တုံတာ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်တုံတာမြို့၌ လူမှုဝန်ထမ်းဦးစီးဌာနမှ နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် အသက် ၈၀ မှ ၈၅ နှစ်အတွင်း ထောက်ပံ့ငွေများပေးအပ်ခြင်းကို အောက်တိုဘာ ၂ ရက် ညနေက ပြုလုပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် တုံတာမြို့အုပ်ချုပ်ရေးမှူး ဦးဆလိုင်းတင့်နိုင်ဝင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သော ဘိုးဘွားတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တုံတာမြို့အတွင်းရှိ အသက် ၈၀ မှ ၈၅ နှစ်ကြား သက်ကြီးဘိုးဘွား ခုနစ်ဦးအား အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှိုင်လှိုင်ငြိမ်း(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ သစ္စာနိုင်ရောင်းဝယ်ရေးသမဝါယမအသင်းမှ အသင်းသား အသင်းသူများအား ထောက်ပံ့ငွေပေးအပ်



**စဉ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်နိုင်ရပ်ကွက်တွင် ဖွဲ့စည်းထားသော သစ္စာနိုင်ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသား အသင်းသူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ရာတွင် စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သစ္စာနိုင်ရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးထွန်းမောင်က ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း အသင်းသားအသင်းသူများအား ထောက်ပံ့ငွေများပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သစ္စာနိုင် ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသားတစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် အသင်းသား ၁၈၀ တို့အား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၈ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ရှစ်ဦးအား သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်

**ချင်းရွှေဟော် အောက်တိုဘာ ၃**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီ အဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ရှစ်ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူရှစ်ဦးမှာ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦးတို့ ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်မှ ခုနစ်ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအားစနစ်တကျ စီစဉ် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၆၀ နှင့် အမျိုးသမီး ၆၉၁၈ဦး တို့ ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၅၄၇၈ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

**ဇင်ဇင်
(ပြန်/ဆက်)**





## နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသား ကိုးဦးအား လွှဲပြောင်းပို့ဆောင်

**တာချီလိတ် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးကို မြန်မာတာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ စနစ်တကျ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြသည်။ ထိုင်းနိုင်ငံသားများသည် ကိုဗစ် -၁၉ကူးစက်ရောဂါ မဖြစ်ပွားမီက တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေထိုင်ခဲ့ကြသူများဖြစ်ပြီး ကိုဗစ်-၁၉ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံ အလုပ်ရုံများဖွင့်လှစ်ခြင်းမရှိတော့သဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်။

နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသား ၁၀ ဦးကို တာချီလိတ်မြို့ လဝကဌာနခွဲ (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်ဦးဆောင်သည့်တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့မှ ဦးစည်သူမောင် (အတွင်းရေးမှူး၊CNCMC ) တို့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှတံတား(၂) တာဝန်ခံရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိ Songsok Pakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရောဂါကာကွယ်ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများကို ယမန်နေ့မွန်းလွဲပိုင်းက လာရောက်လှူဒါန်းခဲ့သည်။



ထိုသို့လှူဒါန်းရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှိုင်သာယာမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုရန်အတွက် မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်၊ ဂွမ်းကပ် အစုံ ၁၀၀၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာတုံး သုံးတုံးတွဲ အစုံ ၁၀၀၊ ရေချိုးခွက်၊ သောက်ရေခွက်၊ ဆပ်ပြာခွက် အစုံ ၁၀၀၊ Surgical Gown အထည် ၅၀၊ Surgical Mask အခု ၁၅၀၀၊ မျက်နှာအကာ အခု ၅၀၀၊ လက်အိတ် ၁၀၀ ပါ ငါးဘူး၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီလီတာပါ ၁၀ဘူး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီလီတာပါ ၁၀ ဘူး၊ အရက်ပြန် ၅၀၀ မီလီလီတာပါ ၁၀ ဘူး စုစုပေါင်း ငွေကျပ် ၁၆၁၀၇၀၀ တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပေးအပ်လှူဒါန်းရာတွင် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီကိုယ်စား လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **မြသန္တာဝင်း(ပြန်/ဆက်)**


## ဝေါမြို့ပြည်သူ့ဆေးရုံရှိ ကိုဗစ်-၁၉လူနာများ ကုသပေးနိုင်ရန် ကုသဆောင်များတိုးချဲ့

**ဝေါ အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်တွင် ယမန်နေ့ နံနက်ပိုင်းက ဝေါမြို့ပြည်သူ့ဆေးရုံ ၌ထားရှိသော ကိုဗစ်-၁၉ လူနာများအား ဆေးကုသမှုပေးနိုင်ရန် ဆေးကုသဆောင်များ တိုးချဲ့ ဆောင်ရွက်မှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည် နှင့် ဝေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီမှ လိုအပ်ချက်များကူညီ ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခုအခါ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဝေါမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်သော ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ လုံလောက်စေရေးနှင့် ထိတွေ့လူနာများ သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်မဖြစ်စေရေး၊ စောင့်ကြည့်လူနာများ ရောဂါမပြန့်ပွားစေရန် လိုအပ်သောကာကွယ်ရေးသုံးပစ္စည်းများ ဆေးရုံတွင် ပြည့်စုံရေးတို့အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က ဝေါမြို့နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း
(ပြန်/ဆက်)**



# ခန္ဓာကိုယ်ရောဂါပြီးစနစ်နှင့် ကိုဗစ်-၁၉ ရောဂါ

ဒေါက်တာဝင်းအောင် (သုတေသီ)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

လက်ရှိအချိန်ကာလ ကမ္ဘာတစ်ဝန်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပိုးသည် လျင်မြန်စွာ နာရီမပြတ် ကူးစက်ပျံ့နှံ့လျက်ရှိပြီး သေဆုံးသူများလည်း နေ့စဉ်တိုးပွားများပြားလျက်ရှိနေပါသည်။ ထုတ်ပြန်ချက်များအရ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရသူပေါင်း ၃၄ သန်းကျော်နှင့် သေဆုံးသူပေါင်း တစ်သန်းကျော်ရှိပြီး မြန်မာနိုင်ငံတွင် ကူးစက်ခံရသူ ၁၅၅၂၅ ဦးနှင့် သေဆုံးသူ ၃၅၃ ဦးရှိပါသည်။ ရောဂါပိုးကူးစက်ခံရခြင်းကြောင့် အခြေအနေဆိုးရွားသူများနှင့် သေဆုံးသူများ၏ အများစုမှာ ကိုယ်ခံအားနည်းသူများ၊ နာတာရှည်ရောဂါများဖြစ်သော ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ အဆုတ်၊ ကျောက်ကပ်၊ အဝလွန်၊ နှလုံးနှင့် သွေးကြောရောဂါ အခံရှိသူများနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ ယေဘုယျအားဖြင့် ကိုယ်ခံအားကောင်းလျှင် ရောဂါပိုးအလွယ်တကူ ကူးစက်နိုင်ခြင်းမရှိပါ။ အခန့်မသင့်၍ ကူးစက်ခြင်းခံရစေကာမူ ရောဂါခံစားရမှု ဆိုးရွားပြင်းထန်ခြင်းမရှိသည့်အပြင် သေဆုံးမှုလည်း လျော့နည်းပါသည်။ ယခုဆောင်းပါးတွင် ရောဂါပိုးဝင်ရောက်ခြင်းကို ကာကွယ်မှုပေးနိုင်ပြီး ရောဂါပိုးဝင်ရောက်လာပါကလည်း တိုက်ထုတ်၊ ဖျက်ဆီးပေးနိုင်သည့် ခန္ဓာကိုယ်၏ ရောဂါပြီးစနစ်အကြောင်းနှင့် ဖော်ပြပါစနစ်ကြီး ပိုမိုကောင်းမွန်စေရေးအတွက် လိုက်နာဆောင်ရွက်သင့်သည်များကို တင်ပြလိုပါသည်။

**(၁) ခန္ဓာကိုယ်ရောဂါပြီးမှု**

သက်ရှိလူသားတိုင်းတွင် ခန္ဓာကိုယ်ကိုအန္တရာယ်ပြုစေနိုင်မည့် ပြင်ပမှရောဂါပိုးများနှင့်အဆိပ်အတောက်များ ဝင်ရောက်လာပါက ခုခံကာကွယ်မှု ပြုနိုင်သော ရောဂါပြီးမှု ဖြစ်စေသည့်စနစ် (immune system) များ ရှိပါသည်။

**မွေးရာပါပင်ကိုရောဂါပြီးမှု**

ပြင်ပရောဂါပိုးများကို ကာကွယ်တိုက်ထုတ်နိုင်ရန် မွေးရာပါ အရေပြား၊ အမွှေးအမှင်၊ ခန္ဓာကိုယ်တွင်းအင်္ဂါအချို့၊ သွေးဖြူဥများနှင့် သွေးတွင်းရှိ တချို့သော ဓာတ်ပစ္စည်းတို့ကြောင့် လူသားတိုင်းသည် ပင်ကိုရောဂါပြီးမှု ယေဘုယျအားဖြင့် ရရှိထားကြပါသည်။ ရောဂါပိုးဝင်ရောက်ကူးစက်ခြင်း မခံရမီကတည်းက သဘာဝမှ ပေးထားသော ရောဂါပြီးမှုဖြစ်ပြီး ရောဂါပိုးကို ဦးစွာ ချက်ချင်းစတင်ကာကွယ်၊ တိုက်ထုတ်နိုင်သည့် ရောဂါပြီးမှု ဖြစ်ပါသည်။ ပိုးကို တိကျမှတ်မိသော ရောဂါပြီးမှု တော့ မဟုတ်ပါ။

**မွေးပြီးနောက်ပိုင်းမှ ရရှိသည့် ရောဂါပြီးမှု**

မွေးရာပါပင်ကိုမဟုတ်ဘဲ မွေးပြီးနောက်ပိုင်းမှ ရရှိလာသည့် ရောဂါပြီးမှုဖြစ်ပါသည်။ နှစ်မျိုးရှိပါသည်။

**အခြားမှအသင့်ရရှိသည့် ရောဂါပြီးမှု**


ရောဂါပိုးကို ခုခံကာကွယ်မှုပြုနိုင်သည့် ကိုယ်ခံအားပဋိပစ္စည်း (Antibody) များကို ခန္ဓာကိုယ်မှကိုယ်တိုင် ထုတ်ပေးခြင်းမဟုတ်ဘဲ ပြင်ပမှအသင့်ရရှိသည့် ရောဂါပြီးမှု ဖြစ်ပါသည်။ ဥပမာ- ကိုယ်ဝန်ဆောင်စဉ်ကာလတွင် မိခင်၏သွေးတွင်းရှိ ကိုယ်ခံအားပဋိပစ္စည်းများကို အချင်းမှတစ်ဆင့် သန္ဓေသားမှရရှိခြင်းနှင့် မိခင်၏နို့ရည်မှ တစ်ဆင့် မွေးကင်းစရင်သွေးငယ်မှ ရရှိခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ရောဂါပြီးမှုဖြစ်ပါသည်။ ထို့အပြင် ရောဂါပိုးကူးစက်ခံရပြီး ပျောက်ကင်းသွားသည့် လူနာများ၏ သွေးတွင်းကျန်ရစ်ခဲ့သော ပဋိပစ္စည်းများပါဝင်သောသွေးရည်ကြည်ကို ရောဂါဖြစ်နိုင်ခြေများသည့် သို့မဟုတ် လက်ရှိရောဂါ ခံစားနေရသည့်လူနာများအား ထိုးနှံပေးခြင်းဖြင့် ရောဂါကာကွယ်ကုသရာတွင် ဖြေဆေးအဖြစ်အသုံးပြုသည့်ရောဂါပြီးမှု ဖြစ်ပါသည်။ (ဥပမာ-အသည်းရောင် အသားဝါဘီပိုး ဖြေဆေး၊ ခွေးရူးပိုးဖြေဆေး)။ သို့သော် ဖော်ပြပါရောဂါပြီးကာကွယ်မှုကာလသည် ရက်ပိုင်းမှသည် လပိုင်းအထိသာ ရှိပါသည်။


**ပြင်ပမှလှုံ့ဆော်မှုကြောင့် ရရှိသည့်ရောဂါပြီးမှု**

မွေးရာပါပင်ကိုနှင့် ပြင်ပမှအသင့်ရရှိသည့် ရောဂါပြီးမှုများမဟုတ်ဘဲ ပြင်ပမှလှုံ့ဆော်မှုကြောင့် ခန္ဓာကိုယ်ရောဂါပြီးစနစ်၏ တုံ့ပြန်မှုဖြင့် ရရှိလာသည့် ရောဂါပြီးမှု ဖြစ်ပါသည်။ ရောဂါပိုးကို တိကျမှတ်မိသော ရောဂါပြီးမှု ဖြစ်ပါသည်။ နှစ်မျိုးရှိပါသည်။

**ရောဂါပိုးကြောင့်ရရှိသည့် သဘာဝရောဂါပြီးမှု**

ခန္ဓာကိုယ်တွင်းသို့ ရောဂါပိုးဝင်ရောက်ပြီးနောက် ရောဂါပြီးစနစ်၏တုံ့ပြန်မှုကြောင့်ပေါ်ထွက်လာပြီး ရောဂါပျောက်ကင်းသွားသည့်အခါ ခန္ဓာကိုယ်တွင်းကျန်ရစ်ခဲ့သော ပဋိပစ္စည်းများကြောင့် ဆက်လက်ရရှိသည့် ရောဂါပြီး









ကာကွယ်မှုဖြစ်ပါသည်။ သို့သော် ကူးစက်ခံရသူသည် ရောဂါမပျောက်မီအချိန်ပိုင်းတွင် အန္တရာယ်ရှိနိုင်ပါသည် (ဥပမာ- အသည်းရောင်အသားဝါဘီရောဂါ၊ ဝက်သက်ရောဂါ)။ အချိန်အားဖြင့် နှစ်ပိုင်းမှသည် တစ်သက်တာအထိ ရောဂါပြီး ကာကွယ်မှုပေးနိုင်ပါသည်။

**ကာကွယ်ဆေးကြောင့် တုံ့ပြန်ရရှိသည့်ရောဂါပြီးမှု**

ကာကွယ်ဆေးထိုးနှံမှုခံယူသူများတွင် ခန္ဓာကိုယ်ရောဂါပြီးစနစ်၏ တုံ့ပြန်မှုကြောင့် ကိုယ်ခံအားပဋိပစ္စည်းများ ရရှိသည့် ရောဂါပြီးမှု ဖြစ်ပါသည်။ ထိုးနှံမှုခံယူသူအတွက် အန္တရာယ်လုံးဝကင်းပါသည်။(ဥပမာ- ဘီပိုးကာကွယ်ဆေး၊ မေးခိုင်ကာကွယ်ဆေး၊ ရာသီတုပ်ကွေး ကာကွယ်ဆေး) အချိန်အားဖြင့် နှစ်ပိုင်းမှသည် အချိန်အတိုင်းအတာတစ်ခုအထိ ရောဂါပြီး ကာကွယ်နိုင်မှု ရရှိနိုင်ပါသည်။

**ပြည်သူလူထု အုပ်စုတစ်ရပ်ရောဂါပြီးမှု**

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထုအတွင်း ရောဂါခုခံကာကွယ်မှုရရှိနိုင်မှုတွင် အလေးထားရန်လိုအပ်သော ရောဂါပြီးမှု ဖြစ်ပါသည်။ ပြည်သူလူထုအတွင်း အုပ်စုတစ်ရပ်ရှိလူများသည် မိမိခန္ဓာကိုယ်တွင် ရောဂါပိုးကို ကာကွယ်နိုင်မည့် ပဋိပစ္စည်းများ အမှန်တကယ်ရှိ၍မဟုတ်ဘဲ မိမိ၏ပတ်ဝန်းကျင်ရှိ လူအများစုတွင် အဆိုပါပဋိပစ္စည်းများရှိနေပြီးဖြစ်ခြင်းကြောင့် ဖော်ပြပါ ရောဂါပြီးလူများက တစ်ဆင့် မိမိအားရောဂါပိုးကူးစက်ခြင်းမရှိနိုင်တော့ဘဲ မိမိမှာ ရောဂါပြီးသကဲ့သို့ အခြေအနေတစ်ရပ် ရရှိထားခြင်းကို ဆိုလိုပါသည်။ ကူးစက်ရောဂါပိုးသည် အဆိုပါပိုးကိုခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်းရှိနေသော ရောဂါပြီးလူများထံ ဝင်ရောက်ကူးစက်ခြင်း၊ ပျံ့နှံ့ခြင်းနှင့် တခြားလူများသို့ ထပ်မံကူးစက်စေခြင်း မရှိသဖြင့် ပြည်သူလူထုအတွင်း ရောဂါကာကွယ်သည့် ပဋိပစ္စည်းများမရှိသေးသည့် လူတစ်အုပ်စုအတွက် ကူးစက်နိုင်ခြေ လွန်စွာနည်းပါးသွားမည်ဖြစ်ပါသည်။ တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်၍ ရောဂါပြီးမှု ရရှိခြင်းဖြစ်ပါသည်။ အထက်ပါလူတစ်အုပ်စု ရောဂါပြီးမှု အခြေအနေကို ရရှိနိုင်ရန်အတွက် ပြည်သူလူထုအတွင်းရှိ လူအားလုံး၏ (ရောဂါပိုး၏ ကူးစက်လွယ်နိုင်မှုပေါ်မူတည်၍) ၆၀ မှ ၉၀ ရာခိုင်နှုန်းခန့်တွင် ရောဂါပိုးကို ကာကွယ်နိုင်သည့်ပဋိပစ္စည်းများ (ရောဂါပိုးကူးစက်ခံရ၍သော်လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံမှုခံယူ၍သော် လည်းကောင်း) ရှိနှင့်နေရမည် ဖြစ်ပါသည်။ သို့ရာတွင် ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှု၊ ရောဂါကူးစက်နိုင်စွမ်း (ရောဂါပိုးကူးစက်မှုညွှန်းကိန်း) ပြောင်းလဲမှု၊ အချိန်ကာလ၊ အခြေအနေနှင့် ဖြစ်ပွားသည့် နေရာဒေသအပေါ်မူတည်၍ လူထုအုပ်စုတစ်ရပ် ရောဂါပြီးမှုရရှိရန် လိုအပ်သည့်ရာခိုင်နှုန်းမှာလည်း ပြောင်းလဲလာနိုင်ပါသည်။ ယခင် ကနဦးထက် ပိုတိုး/လျော့လာနိုင်ပါသည်။

**(၂) ရောဂါပြီးစနစ်အခြေခံသော ကာကွယ် /ကုသဆေးနှင့် ကိုဗစ်-၁၉ ရောဂါ**

**ကိုဗစ်-၁၉ ရောဂါပြီး ကာကွယ်ဆေး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း နိုင်ငံ ၂၀ ခန့်တွင် စမ်းသပ်သုတေသနပြုလျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၄၂ မျိုးရှိပါ သည်။၂၉ မျိုးသည် လူသားများအပေါ်တွင် စမ်းသပ်လျက်ရှိပြီး ကိုးမျိုးသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ယခုနှစ်အတွင်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကြေညာထားပါသည်။ သို့သော် အစွမ်းထက်၍ အန္တရာယ်ကင်းသော ရောဂါကာကွယ်ဆေးများကို ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းခန့်မှသာ အောင်မြင်စွာထုတ်လုပ်နိုင်ပြီး ကမ္ဘာတစ်ဝန်းနိုင်ငံများမှ ရရှိနိုင်မည်ဖြစ်ကြောင်း WHO က ခန့်မှန်းထားပါသည်။

**ကိုဗစ်-၁၉ ရောဂါပြီး ကုသဆေး**

ကိုဗစ်-၁၉ ရောဂါ ဆိုးရွားစွာခံစားရပြီး ပြန်လည်ကောင်းမွန်ကျန်းမာလာသောလူနာများ၏သွေးမှ ထုတ်ယူထားသည့်ကိုယ်ခံအား ပဋိပစ္စည်းများ ပါဝင်သောသွေးရည်ကြည် (Convalescent Plasma) ကို ကိုဗစ်-၁၉ ရောဂါ ခံစားရ၍ အခြေအနေဆိုးရွားသူများအား ထိုးနှံကုသပေးသည့် ကုထုံးဖြစ်ပါသည်။ ထူးခြားသိသာစွာ ရောဂါသက်သာလာသည့် အထောက်အထားများ တွေ့ရှိရသဖြင့် အမေရိကန်နိုင်ငံ FDA က ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်းက အရေးပေါ်သုံးစွဲခွင့် (Emergency Use Authorization) ပြုထားကြောင်း သိရှိရပါသည်။ သို့သော် လက်ရှိအချိန်အထိ WHO က တရားဝင်အသိအမှတ်ပြု တိကျထိရောက်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ကိုဗစ်-၁၉ ရောဂါပိုးကို သေစေသော ကုသဆေး မရှိသေးပါ။ ဖော်ပြပါဆေးများသည် လူသားများအပေါ်တွင် ရောဂါကိုကာကွယ်ကုသနိုင်စွမ်းမည်မျှရှိနိုင်မည်၊ ထိုးပြီးမည်မျှအချိန်အထိ ကာကွယ်ကုသမှုပေးနိုင်မည်၊ ရေရှည်အန္တရာယ်ကင်းမှု ရှိ၊ မရှိ တို့ကို ဆက်လက်စမ်းသပ်သုတေသနပြု စောင့်ကြည့်လေ့လာရဦးမည်ဖြစ်ပါသည်။

**လူထုအုပ်စုတစ်ရပ် ကိုဗစ်-၁၉ ရောဂါပြီးခြင်း**

၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုညွှန်းကိန်း (Ro) သည် နှစ်မှ သုံးအထိ ရှိပါသည်။ ကိုဗစ်-၁၉ရောဂါရှင် တစ်ဦးမှတစ်ဆင့် တခြားသောရောဂါပိုး မရှိသေးသူ လူကောင်းနှစ်ဦးမှ သုံးဦးအထိ ကူးစက်မှု ပြုနိုင်သည်ဟု ဆိုလိုပါသည်။ ပုံသေနည်း (1- 1/Ro) ဖြင့် တွက်ချက်ကြည့်ပါက လူထုအုပ်စုတစ်ရပ်ရောဂါပြီးမှု ရရှိရန်လိုအပ်သည့် ရာခိုင်နှုန်းမှာ ပြည်သူလူထုအားလုံး၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိတွင် ရောဂါကာကွယ်နိုင်သည့် ပဋိပစ္စည်းရှိနေမှ၊ ရောဂါပြီးနေမှသာ လူထုအုပ်စုတစ်ရပ်သည် ကိုဗစ်-၁၉ရောဂါပိုး ရောဂါပြီးမှုရရှိနိုင်မည် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် မျိုးရိုးဗီဇပြောင်းလဲလာမှုကြောင့် ယခင်ထက် ၁၀ ဆခန့်ပိုမိုကူးစက်လွယ်၊ ကူးစက်မြန်သည့် အခြေအနေတွင် ရှိလာကြောင်းသိရှိရပါသည်။ ထို့ကြောင့် ကိုဗစ်-၁၉ရောဂါပိုးကူးစက်မှုညွှန်းကိန်းနှင့် လူထုအုပ်စုတစ်ရပ်ရောဂါပြီးမှုရရှိရန် လိုအပ်သည့် ရာခိုင်နှုန်းမှာလည်း ယခင်ထက်ပိုများလာနိုင်သည်ဟု ခန့်မှန်းရပါသည်။ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်ပါ လက်ရှိကာလတွင် အချိန်တိုအတွင်း အထက်ဖော်ပြပါရာခိုင်နှုန်းရရှိရန် မလွယ်ကူသေးပါ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခံယူမှု အမြန်ဆုံးရရှိမှသာ ဖြစ်နိုင်ခြေ ရှိမည် ဖြစ်ပါသည်။

**(၃) ရောဂါပြီးမှုကိုယ်ခံအား ပိုမိုကောင်းမွန်စေရေးအတွက် လိုက်နာဆောင်ရွက်သင့်သည်များ**

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခြင်းခံရသော လူနာများ၏ ၇၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာလုံးဝမပြသူများ ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလဆန်း စစ်တမ်းများအရ ကူးစက်ခံရသူအားလုံး၏ ၄၀ ရာခိုင်နှုန်းသည် ရောဂါလုံးဝမပြင်းထန်ပါ။ ကျန် ၄၀ ရာခိုင်နှုန်းသည် အနည်းငယ်သာပြင်းထန်ပြီး အဆုတ်ရောင်ရောဂါ အသင့်အတင့်ခံစားရပါသည်။ ကျန် ၁၅ ရာခိုင်နှုန်းသည် ရောဂါဆိုးရွားပြင်းထန်သောကြောင့် အောက်ဆီဂျင်ကုထုံးဖြင့် ကုသမှုပေးရပြီး ကျန် ၎င်း ရာခိုင်နှုန်းသည် ရောဂါလွန်စွာဆိုးရွားသဖြင့် အသက်ရှူထောက်ကူပြုစက်ဖြင့် ကုသမှုပေးရပါသည်။ တင်ပြပါ ရောဂါဝေဒနာဆိုးရွားခြင်း မရှိသူ ၈၀ ရာခိုင်နှုန်းသည် အထူးကြပ်မတ်ကုသမှုများပေးရန်မလိုဘဲ ကျန်းမာစွာ ဆေးရုံမှဆင်းခွင့်ပြုခံရသူများ ဖြစ်ကြပါသည်။ အဆိုပါသူများသည် အများစုမှာ လူငယ်လူရွယ်များဖြစ်ခြင်း (သက်ကြီးရွယ်အိုများ မဟုတ်ခြင်း)နှင့် ရောဂါအခံကြီးကြီးမားမားမရှိသူများ ဖြစ်ကြသကဲ့သို့ ရောဂါကာကွယ်မှု၊ ရောဂါပြီးမှုနှင့် ကိုယ်ခံအားကောင်းမွန်သူများလည်း ဖြစ်ကြပါသည်။ အသက်အရွယ်နှင့် ရောဂါအခံများရှိနေခြင်းတို့ကို ပြောင်းလဲ၍မရနိုင်သော်လည်း ရောဂါကူးစက်ခံရခြင်း မရှိသေးသူနှင့် ရှိနေပြီးသူတို့၏ ရောဂါပြီးမှုတွင် ကိုယ်ခံအားကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွားမှု၊ ခံစားရမည့် နောက်ဆက်တွဲ ရောဂါဆိုးရွားမှု နှင့် သေဆုံးမှုတို့ကို ကာကွယ်၊ လျော့ပါးအောင် ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တိကျထိရောက် စိတ်ချရသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးနှင့် လူထုအုပ်စုတစ်ရပ် ရောဂါပြီးမှု မရရှိနိုင်မီ ယခုကာလတွင် ပြည်သူများသည် မိမိခန္ဓာကိုယ်ရှိ ရောဂါပြီးကိုယ်ခံအားစနစ်ကို ပိုမိုကောင်းမွန်စေရန်နှင့် ရောဂါပိုးများကို အမြဲအသင့် အနေအထားဖြင့် တုံ့ပြန်တိုက်ထုတ်၊ ဖျက်ဆီးပေးနိုင်သည့် အင်အားများ မိမိတွင် အပြည့်ရှိနေစေရန်အတွက် အောက်ဖော်ပြပါ အစာအာဟာရ စားသုံးမှုနှင့် နေထိုင်မှုအလေ့အထတို့ကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါမည်။

စာမျက်နှာ ၂၆ သို့ ❖

**ခန္ဓာကိုယ်တွင်းသို့ ရောဂါပိုးဝင်ရောက်ပြီးနောက် ရောဂါပြီးစနစ်၏တုံ့ပြန်မှုကြောင့် ပေါ်ထွက်လာပြီး ရောဂါပျောက်ကင်းသွားသည့်အခါ ခန္ဓာကိုယ်တွင်း ကျန်ရစ်ခဲ့သော ပဋိပစ္စည်းများကြောင့် ဆက်လက်ရရှိသည့်ရောဂါပြီးကာကွယ်မှု ဖြစ်ပါသည်။ သို့သော် ကူးစက်ခံရသူသည် ရောဂါမပျောက်မီ အချိန်ပိုင်းတွင် အန္တရာယ်ရှိနိုင်ပါသည် (ဥပမာ- အသည်းရောင်အသားဝါဘီရောဂါ၊ ဝက်သက်ရောဂါ)။ အချိန်အားဖြင့် နှစ်ပိုင်းမှသည် တစ်သက်တာအထိ ရောဂါပြီး ကာကွယ်မှုပေးနိုင်။**

❖ စာမျက်နှာ ၂၅ မှ

**အစာအာဟာရ**

သင့်တင့်မျှတ၍ ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးပါ၊ ရောဂါပြီးစနစ်ကို ပိုမိုကောင်းမွန်စေသည့် စားသုံးသင့်သောအစားအစာများမှာ– လတ်ဆတ်သောအသီးအနှံ၊ အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်နှင့် ချဉ်သောအသီးများ ဖြစ်သည့် – သံပရာသီး၊ သံပရိုသီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ ကွဲကောသီး၊ ပန်းသီး၊ ဖရဲသီး၊ ခရမ်းချဉ်သီး၊ ငရုတ်ပွသီး၊ ဆီးဖြူသီး၊ မာလကာသီး၊ ငှက်ပျောသီး၊ ကြက်ဟင်းခါးသီး၊ သင်္ဘောသီး၊ ဖရုံသီး၊ ဘူးသီး၊ ကီဝီသီး၊ မုန်ညင်းထုပ်၊ ပန်းမုန်လာ၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီ၊ ဟင်းနုနယ်၊ ရဲယို၊ အာလူး၊ ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ တရုတ်နံနံပင်၊ အစေ့အဆန်များ၊ ဗာဒံစေ့၊ နေကြာစေ့၊ နန္နင်း၊ နွယ်ချို၊ သစ်သီးဖျော်ရည်၊ လက်ဖက်ရည်ကြမ်းအစိမ်း (Green Tea)၊ ငါး၊ အမဲ၊ ကြက်၊ ဘဲ၊ ငန်း၊ ကြက်ဆင်သား၊ ကြက်ပေါင်းရည်၊ အရိုးပြုတ်ရည်၊ ခရု၊ ကဏန်း၊ ခုံးကောင်၊ ဆယ်လမွန်ငါး၊ သံလွင်ဆီ၊ ဟင်းရွက်ဆီ၊ ငါးကြီးဆီ၊ နို့၊ ကြက်ဥ၊ ပဲအမျိုးမျိုး၊ ကွေကာအုပ်၊ အချဉ်ဖောက်ထားသော ဒိန်ချဉ်၊ ကင်ချီနှင့် ဂေါ်ဖီရွက်သနပ်တို့ ဖြစ်ပါသည်။ ရောဂါပြီးစနစ်ကို လျော့နည်းကျဆင်းစေသည့် ရှောင်ရန်သင့်သော အစားအစာများမှာ– အရက်၊ ဆိုဒါ၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ သကြား၊ အချိုလွန်ကဲသောအရည်နှင့် အစာများ၊ ကယ်လိုရီများသော အစာများနှင့် ပြုပြင်စီမံထားသော အစာများ ဖြစ်ပါသည်။

**နေထိုင်မှုအလေ့အထ**

မိမိ၏ကိုယ်ခံအားစနစ် ကောင်းမွန်စေရန် အိပ်ချိန်လုံလောက်ပါစေ၊ အိပ်ရေးဝပါစေ၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ၊ ပူပင်သောက စိတ်ဖိစီးမှုလျှော့ပါ၊ အကောင်းမြင်ဝါဒထားပါ၊ ပုံမှန်တရားထိုင်ပါ၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ နွေးနွေးထွေးထွေးနေပါ၊ အအေးမခံပါနှင့်၊ နံနက်ပိုင်းတွင် နေပူဆာလှုံပါ၊ လေကောင်းလေသန့်ရှူပါ၊ အရက်နှင့် ဆေးလိပ်မသောက်ပါနှင့်၊ ဖြတ်ပါ၊ ရေများများသောက်ပါ၊ ခန္ဓာကိုယ်အလေးချိန်ထိန်းပါ၊ အဝမလွန်ပါစေနှင့်၊ CoQ 10၊ Probiotics၊ ဗီတာမင်အေ၊ ဘီစစ်၊ ဘီတွဲ၊ စီ၊ ဒီ၊ အီးနှင့် ဇင့်သတ္တုဓာတ်ပါသော ဆေးဝါးများ သောက်နိုင်ပါသည်။

**အကြံပြုတင်ပြချက်**

ကိုဗစ်–၁၉ ရောဂါပိုးသည် ကမ္ဘာပေါ်တွင်ယခင်က တစ်ခါမျှကူးစက်ဖြစ်ပွားခြင်း လုံးဝမရှိသေးသော ဗိုင်းရပ်စ်ပိုးသစ်တစ်မျိုးဖြစ်၍ ကမ္ဘာပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ တိကျမှတ်မိသောရောဂါပြီးမှု လုံးဝမရှိသေးသဖြင့် ကူးစက်မှုလွန်စွာလွယ်ကူပါသည်။ ကိုဗစ်–၁၉ ရောဂါပိုးအတွက် တိကျထိရောက်စိတ်ချရသော ကာကွယ်ဆေး၊ ကုသဆေးနှင့် ပြည်သူလူထု အုပ်စုတစ်ရပ် ရောဂါပြီးမှု မရရှိနိုင်မီ လက်ရှိအချိန်ကာလတွင် ပြည်သူများသည် မိမိ၏ရောဂါပြီးကိုယ်ခံအားတို့ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးနိုင်သော အထက်တင်ပြပါ အာဟာရစားသုံးမှုပုံစံနှင့် နေထိုင်မှုအလေ့အထများအတိုင်း လိုက်နာဆောင်ရွက်ခြင်း ပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ယခု ကာလတွင် ပြည်သူများသည် မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါပိုးကူးစက်မှု၊ ရောဂါဖြစ်ပွားမှု၊ နောက်ဆက်တွဲဆိုးကျိုးများနှင့် သေဆုံးမှုများ လျော့နည်းပပျောက်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ချမှတ်သောစည်းကမ်းချက်များနှင့် ထုတ်ပြန်သောလမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရပါမည်။ လူတိုင်းလူတိုင်းသည် မိမိ၏ကျန်းမာရေးကိုမိမိကာကွယ်စောင့်ရှောက်ခြင်း၊ မိမိသို့ တစ်ပါးသူများထံမှ ရောဂါပိုးမကူးစက်စေရန်နှင့် မိမိမှလည်း တစ်ပါးသူများထံသို့ရောဂါပိုးမကူးစက်စေရန် ကာကွယ်ပြုမူ နေထိုင်ခြင်းတို့ ပြုရပါမည်။

ယနေ့နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်မှာ "ပြည်သူသာလျှင် အဓိက" ဖြစ်ကြောင်းကိုလည်းကောင်း၊ "ပိုမိုကောင်းမွန်သော ရောဂါပြီးခုခံကာကွယ်နိုင်မှု" ရရှိနိုင်ရန် လိုက်နာဆောင်ရွက်သင့်သည်များကို လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်အတွက် ကျန်းမာရေးဌာနအငြိမ်းစားဝန်ထမ်းဟောင်း သုတေသီတစ်ဦးအနေဖြင့် မိမိနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို အောင်မြင်စွာ အမြန်ဆုံးကျော်လွှားသွားနိုင်ရေး နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များတွင် တစ်ဖက်တစ်လမ်းမှအထောက်အကူပြု ပါဝင်ကူညီလိုသောဆန္ဒဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဒီးမော့ဆိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဒီးမော့ဆို အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဒီးမော့ဆိုမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ကျောက်လမ်း ၁၂ မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ပေ ၁၁၀၀၊ သစ်သားတံတား ၃၅ ပေ ပြုပြင်ခြင်းတစ်ခု၊ လမ်းချဲ့ခြင်းလုပ်ငန်းတစ်ခု၊ Box Culvert ၂၃ စင်းကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၉၃ ဒသမ ၁၂၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများမှာ ခူးပရာကျေးရွာအုပ်စု ခူးပရာ–ကန်ကလုပ်–စနိုက်(ခေါင်းကိုင်) ကျေးရွာချင်းဆက်မြေလမ်း(၇/၄)မိုင်ပေါ်တွင်(၂/၀)မိုင် ကျောက်ခင်းခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ခူးပရာ–ဒေါရောက်ခူးကျေးရွာချင်းဆက်မြေလမ်း (၅/၀)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ခူးပရာ–ဘာဒို–ဆီးဆောင်ကျေးရွာချင်းဆက်လမ်း (၅/၃)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ခူးပရာကျေးရွာအုပ်စု ခူးပရာ–ဘီးသူထက်–ဘီသူအောက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါရောက်ခူ ကျေးရွာအုပ်စု ဒေါရောက်ခူ–ဟန်လီ–မော်သီဒို ကျေးရွာချင်းဆက်လမ်း (၁၅/၂)မိုင်အနက် ကျောက် ၁၀ မိုင် ခင်းပြီးကျန် (၅/၂)မိုင်မှ (၂/၀)မိုင် ကျောက်ခင်းခြင်းနှင့် Box Culvert ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါရောက်ခူကျေးရွာအုပ်စု ဒေါရောက်ခူ–ခူးဘာဒို ကျေးရွာချင်းဆက်လမ်း (၃/၄)မိုင် အနက် (၂/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ပန်ပက်ကျေးရွာအုပ်စု ဒေါကေးရွာလယ်လမ်း ပေ ၁၁၀၀ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယင်းကျေးရွာချင်းဆက်လမ်းနှင့် Box Culvert လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် နယ်စပ်ဒေသရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများအနေဖြင့် ကယား ပြည်နယ်ရှိ ဒီးမော့ဆို၊ ဖရူဆို၊ လွိုင်ကော်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်များသို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်



# ရုံးပတီသီးဈေးကောင်းသဖြင့် စိုက်ပျိုးသူများ အဆင်ပြေကာ စိုက်ပျိုးသူများပြား

**ကောလင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်ရှိ ကျေးရွာများသည် ဒေါင်းမြူးချောင်းကို အခြေခံကာ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး ရုံးပတီသီးကို ဈေးကောင်းသဖြင့် စိုက်ပျိုးသူများ အဆင်ပြေပြီး စိုက်ပျိုးသူများပြားလာကြောင်း သိရသည်။

"တစ်ဧကစိုက်ကို မျိုးဖိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုး၊ ထွန်ယက်ခ စုစုပေါင်းကုန်ကျစရိတ် တစ်သိန်းခွဲခန့် ကုန်ကျပါတယ်။ ယခင်နှစ်က ဒီအချိန်ဆို ဧကဝက်စိုက်တာ နေ့စဉ်ကောက်ရပြီး တစ်ခါကောက်ကို အတောင့် ၂၀၀၀၀ အထိတော့ ရပါတယ်။ ဒါပေမယ့် အတောင့်အကြီးအသေးပေါ် မူတည်ပြီး ရုံးပတီသီးတစ်တောင့်ကိုနှစ်ကျပ်ကနေ သုံးကျပ်အထိ ရောင်းရတော့ အမြတ်နည်းတယ်။ အခုနှစ်လည်း ရုံးပတီသီးမျိုးစေ့ နှစ်ပြည်စိုက်ထားပါတယ်။ ကောက်နေတာကတော့ သုံးပတ်လောက်ရှိပြီဆိုတော့ အတောင့် ၂၅၀၀၀ လောက်တော့ရပါပြီ ရုံးပတီသီးတစ်တောင့်ကို အကြီးအသေးပေါ် မူတည်ပြီး ခြောက်ကျပ်ကနေ ခုနစ်ကျပ်အထိ ကောလင်းမြို့ပေါ်က ဖောက်သည်တွေဆီ ပို့ပေးရတယ်။ ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်တဲ့ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလဆိုပေမယ့် ရုံးပတီသီးဈေးကောင်းတော့ စိုက်တဲ့သူတွေ အဆင်ပြေပါတယ်"ဟု အုပ်ဖိုကျေးရွာမှ ဦးမောင်ထွန်းက ပြောသည်။

ရုံးပတီသီးဧကဝက်စိုက်ကို အလုပ်သမားတစ်ယောက်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် နှစ်ယောက် ပုံမှန်အကောက်ငှားထားသဖြင့် အလုပ်သမားများလည်း နေ့စဉ်ဝင်ငွေရရှိကြောင်း ၎င်းက ပြောသည်။

"အခုနှစ်က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဆိုပေမယ့် ရုံးပတီသီးက လိုသလောက်မရသဖြင့် အခင်းရှင်ဆီမှာ မျှခိုင်းရတာပါ။ ဒါတောင် မိမိလိုသလောက်မရဘူး။ ရုံးပတီသီးများကို တစ်ဆင့်ဝယ်ယူပြီး ဖားကန့်၊ မိုးညှင်း၊ မိုးကောင်း စသည့်မြို့များနှင့် မန္တလေး၊ မုံရွာ၊ ကန့်ဘလူ၊ ရွှေဘို စတဲ့ မြို့တွေဆီ ကား၊ ရထားတွေနဲ့ တင်ပို့ပေးရပါတယ်"ဟု တစ်ဆင့်ပြန်လည်ရောင်းချသူ မကြိုင်က ပြောပြသည်။

မြင့်ထွန်းမင်း(ကောလင်း)

# ချောင်းဦးမြို့နယ် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးသည့် တောင်သူများ ကိုဗစ်–၁၉ ကာလ ဝင်ငွေပုံမှန်ရရှိရေးနှင့် ဈေးကွက်ရရှိရေး၊ ဓာတုဆေးများ လျှော့ချသုံးစွဲနိုင်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးခဲ့သည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ကွင်းများ၌ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ မျိုးကွဲပယ်ခြင်းလုပ်ငန်းများကို တောင်သူများ အချိန်မီ ဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာ အာဟာရဓာတ်များ တိုးတက်လာစေရန် လယ်ယာစွန့်ပစ်ပစ္စည်းများ အကျိုးရှိစွာ အသုံးချပြီး EM သဘာဝမြေဩဇာအဖြစ် သုံးစွဲနည်းများ ဆွေးနွေးသရုပ်ပြခြင်းတို့ကို ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးနှင့် နည်းပညာပြန့်ပွားရေးစင်တာ ကွင်းတာဝန်ခံများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ချောင်းဦးမြို့နယ်၌ ဆန်စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုများအပြင် အခြားသီးနှံ စိုက်ပျိုးလုပ်ကိုင်သည့် လုပ်ကွက်ငယ်တောင်သူများလည်းရှိကြရာ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ အသုံးပြုရာတွင် ဓာတုဆေးများ လျှော့ချသုံးစွဲနိုင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေးနှင့် သီးနှံပိုးမွှားရောဂါဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြုနိုင်ရေးတို့အတွက် စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကွင်းတာဝန်ခံများဖြစ်ကြသည့် ဦးကျော်သူရထွန်းနှင့် ဦးအောင်ကျော်သူတို့ထံမှ သိရသည်။

ဆူးပုပ်ကြီး သီးနှံစိုက်ပျိုးရောင်းချရာတွင် တစ်ကြိမ်စိုက်ပျိုးပြီးပါက ၁၀ နှစ်ခန့် ခူးယူရောင်းချနိုင်ကြောင်း၊ တစ်ကြိမ်ခူးပါက ဆူးပုပ်ပိဿာ ၃၀ မှ ၄၀ ခန့်ရရှိကြောင်း၊ ရေပုံမှန်သွင်းပေးလျှင် နှစ်ရက်ခြားတစ်ခါ ခူးယူရရှိကြောင်း၊ ရာသီမရွေး ခူးယူရောင်းချနိုင်သဖြင့် စီးပွားရေးတွက်ခြေကိုက်ကြောင်းနှင့် ရောင်းချရာတွင်လည်း ပြန်လည်ရောင်းချသည့် ကုန်စိမ်းဈေးသည်များက ခြံအရောက်လာရောက်ဝယ်ယူသဖြင့် အဆင်ပြေစွာ ရောင်းချရကြောင်း ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာမှ အိမ်ခြံဝင်းစိုက်ခင်းအဖြစ် ဆူးပုပ်ကြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့် တောင်သူ ဒေါ်ချောပိုထံမှ သိရသည်။



ဆူးပုပ်စိုက်ခင်း သုည ဒသမ ၆ ဧက ခူးရာတွင်လည်း မိသားစုလုပ်အားဖြင့် ခူးယူရောင်းချနိုင်သဖြင့် တစ်နှစ်လျှင် ငွေကျပ် ၂၈ သိန်းခန့် ရရှိကြောင်း၊ ကိုဗစ်–၁၉ ကာလဖြစ်သော်လည်း ပုံမှန်ဝယ်ယူသူများအား ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာ၊ ဆူးလေကုန်းကျေးရွာ၊ ရွှေဒါးကျကျေးရွာ၊ ထန်းတောကြီးကျေးရွာ၊ ကြက်သွန်ဈေးကျေးရွာ၊ အမြင့်ကျေးရွာများရှိ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံစိုက်ခင်းများအနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း စိုက်ပျိုးဆောင်ရွက်နေမှု အရှိန်အဟုန် လျော့ကျမှုမဖြစ်ပေါ်စေရန်နှင့် စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေပုံမှန်ရရှိရေး၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက အနီးကပ် ကွင်းဆင်းကူညီဆောင်ရွက်ပေးနေကြခြင်းဖြစ်ကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်



၂၀၁၉ အာရှ ယူ-၁၉ ပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်ခဲ့စဉ်။

# ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ ပထမအဆင့်ခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်းပါဝင်သော အုပ်စုများ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲအုပ်စုပွဲများအား လက်ခံကျင်းပခွင့်ရရှိသည့် အိမ်ရှင်နိုင်ငံများကို ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ရာ မြန်မာအသင်း ပါဝင်သော အုပ်စုများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

**အုပ်စုရှစ်ခုခွဲကျင်းပမည်**

အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ နှစ်ခုစလုံး၏ ခြေစစ်ပွဲများကို အသင်းပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုစီခွဲ၍ ကျင်းပမည်ဖြစ်ကာ လေးသင်းခြောက်အုပ်စုနှင့် ငါးသင်း နှစ်အုပ်စုပါဝင်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား ယူ-၂၀ ပြိုင်ပွဲနှင့် ယူ-၁၇ ပြိုင်ပွဲ၏ ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး အာရှယူ-၂၀ ခြေစစ်ပွဲပထမအဆင့်ကို မတ်လနှင့် အာရှ ယူ-၁၇ ခြေစစ်ပွဲ ပထမအဆင့်ကို ဧပြီလတွင် ကျင်းပမည်ဖြစ်သည်။ အာရှဖလားယူ- ၁၇ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲများကို ဩစတြေးလျ၊ ဘင်္ဂလား ဒေ့ရှ်၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ မြန်မာ၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံ၊ အာရှဖလား ယူ- ၂၀ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲများကို ဩစတြေးလျ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ လာအို၊ မွန်ဂိုလီးယား၊ မြန်မာ၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲ နှစ်ခုစလုံးကို လာမည့်နှစ်မှစတင်ကာ သက်တမ်းတစ်နှစ်တိုးမြှင့်ထားပြီး အာရှယူ-၁၉ ပြိုင်ပွဲကို အာရှ ယူ-၂၀ ပြိုင်ပွဲ၊ အာရှ ယူ-၁၆ ပြိုင်ပွဲကို အာရှယူ-၁၇ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ခွင့်ရခဲ့**

ပြီးခဲ့သည့် ၂၀၁၉ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အာရှ ယူ-၁၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး နောက်ဆုံးအဆင့်အထိ တက်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ၂၀၁၉ အာရှ ယူ-၁၆ ပြိုင်ပွဲတွင်မူ ဒုတိယအဆင့် ခြေစစ်ပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှ ယူ-၁၉ ပြိုင်ပွဲတွင် ပထမအဆင့်နှင့် ဒုတိယအဆင့် ခြေစစ်ပွဲ၊ ၂၀၁၉ အာရှ ယူ-၁၆ ပြိုင်ပွဲတွင် ဒုတိယအဆင့်ခြေစစ်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေး**

မြန်မာ ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးအသင်းသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် စခန်းဝင် လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ရောဂါအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ် အဖြစ် ဒေါ်သက်သက်ဝင်း၊ ယူ-၁၇ အမျိုးသမီးအသင်းနည်းပြချုပ် အဖြစ် ဒေါ်စန်းစန်းသိန်းတို့ကို တာဝန်ပေးအပ်ထားသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဘုန်းသော်

# ကန့်ဘလူမြို့အဝင်တွင် ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်

**ကန့်ဘလူ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် ကန့်ဘလူမြို့အဝင် စစ်ဆေးရေးဂိတ်တွင် အောက်တိုဘာ ၃ ရက်က မဖြစ်မနေခရီးသွားလာသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသွားလာမှုမှတ်တမ်းများ ရယူခြင်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကန့်ဘလူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့တွင်းသို့ဝင်ရောက်လာကြမည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နေရပ်လိပ်စာရယူခြင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များရယူခြင်းတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ပူးပေါင်းကာ နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပဒေသများမှ မိမိတို့မြို့သို့ ပြန်လည်ဝင်ရောက်လာပါက ကန့်ဘလူမြို့ အထက(ခွဲ)ညောင်အိုင်နှင့် တိုင်းရင်းဆေးရုံတို့တွင် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**■ ကျောဖုံးမှ**

ပွဲထွက်လာခဲ့ကာ ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ဇာဟာ၊ မက်အာသာ၊ မက်ကာသီ၊ ဆာခို၊ မစ်ချယ်လ်၊ တောင်ဆန် စတဲ့ကစားသမားတွေကို ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးဟာ ဦးဆောင်ဂိုးရရှိရေးကြိုးပမ်းခဲ့ကြပေမယ့် ပထမပိုင်း ပွဲကစားချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်နေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာတော့ ဘင်ချီဝဲလ်ရဲ့သွင်းဂိုးနဲ့ ချယ်လ်ဆီးအသင်းက အိမ်ကွင်းမှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။ အဲဒီနောက် ပွဲကစားချိန် ၆၆ မိနစ်မှာ ဘင်ချီဝဲလ် ဖန်တီးပေးတဲ့ဘောလုံးကို ဇူးမားက ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်း ဒုတိယဦးဆောင်ဂိုးထပ်မံရရှိခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၇၈ မိနစ်နဲ့ ၈၂ မိနစ်တို့မှာ ပင်နယ်တီ ပြစ်ဒဏ်ဘောကန်ခွင့်အသီးသီးရရှိခဲ့တာကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းကို လေးဂိုးပြတ်နဲ့ ဦးဆောင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် ပင်နယ်တီ ပြစ်ဒဏ်ဘောကန်ခွင့်နှစ်ကြိမ်စလုံးကိုတော့ ဂျော်ဂျင်ဟိုက အမှားအယွင်းမရှိကန်သွင်း ယူပေးခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ သွင်းဂိုးလေးဂိုးအထိရရှိခဲ့ပြီးချိန်မှာ အနိုင်ရလဒ်ကို ဆက်ထိန်းနိုင်ဖို့ အိုဒိုအီရဲ့နေရာမှာ ပူလီဆစ်၊ ကန်တီရဲ့နေရာမှာ ကိုဗာဆစ်စတဲ့ ကစားသမားတွေကို အသီးသီးအပြောင်းအလဲလုပ်ခဲ့တာ ဖြစ်ပါတယ်။ ခရစ္စတယ် ပဲလေ့စ်အသင်းကတော့ ချေပဂိုးပြန်လည်ရရှိဖို့ကြိုးစားခဲ့ပေမယ့် အဝေးကွင်းမှာ လေးဂိုးပြတ်ဆိုတဲ့အရှုံးရလဒ်နဲ့သာ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် လေးပွဲကစားပြီးချိန်မှာ ရမှတ်ခုနစ်မှတ်အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်ခြောက်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်(၅)အဖြစ် အောက်တိုဘာ ၁၇ ရက်မှာ ဆောက်သမ်တန်အသင်းကို အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ အောက်တိုဘာ ၁၇ ရက်မှာ ဘရိုက်တန်အသင်းကို ဧည့်ခံကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဘားအံတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘားအံတက္ကသိုလ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (၃)ထပ်စာသင်ဆောင်(၁)လုံးဆောက်လုပ်ခြင်း၊ (၂၁၆'x၃၈'x၃၆') သံကူကွန်ကရစ် (ရေမီးအပါအဝင်)
(ခ) (၆)ခန်းတွဲ (၃)ထပ် ဆရာ/မအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း၊ (၁၁၄'x၄၀'x၃၃')သံကူကွန်ကရစ်(ရေ၊ မီးအပါအဝင်)
(ဂ) ဘွဲ့နှင်းသဘင်ခန်းမရှေ့ Landscaping ပြုလုပ်ခြင်း(၉၀၀၀၀ စ/ပေ)
(ဃ) 11/0.4kV, 500 KVA Transformer & 11kV Line (1500') ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၁၀-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၁-၂၀၂၀ရက်၊ ညနေ(၄:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်လက်များကို ရုံးချိန်အတွင်း ဖုန်း-09-253556497,09-778000532, engineering depthpaan@gmail.com တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သီရိမင်္ဂလာအရှေ့လမ်း၊ အမှတ်(၃၇၇)၊ ၂၅ပေx ပေ၅၀၏ ခေါင်းရင်းဘက်မခွဲစိတ်ရသေးသော မြေ(၁၂ ၁/၂ x၅၀)ပေနှင့် နှစ်(၆၀)ဂရန်မြေနှင့်မြေပေါ်ရှိ(၂)ထပ်အုပ်ညှပ်နေအိမ်မှာ ဦးဖွဲ့သူရ[၁၂/သကတ(နိုင်)၀၄၇၇၃၉]လက်ရှိပိုင်ဆိုင်သော အိမ်နှင့်မြေဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါ အိမ်နှင့်မြေသည် ဦးနေဝင်း+ဦးမြင့်အောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ (၂၅ပေxပေ၅၀)၏ခေါင်းရင်းဘက် မခွဲစိတ်ရသေးသော မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦဖြစ်ပြီး ဂရန်အမည်ပေါက် ဦးနေဝင်း ကွယ်လွန်၍ဇနီးဒေါ်အေးရီက ၅-၅-၀၇ရက်စွဲဖြင့်ဒေါ်ချောစုစုမောင်သို့လည်းကောင်း၊ ဒေါ်ချောစုစုမောင်က ၈-၃-၂၀၀၈ရက်စွဲဖြင့် ဦးဝင်းငွေသို့လည်းကောင်း၊ ဦးဝင်းငွေက ၁၅-၁၁-၂၀၁၁ရက်စွဲဖြင့် ဦးနေလင်းအောင်သို့လည်းကောင်း၊ ဦးနေလင်းအောင်က ၂၁-၁-၂၀၁၆ရက်စွဲဖြင့် ဒေါ်သင်းသင်းခိုင်သို့လည်းကောင်း၊ ဒေါ်သင်းသင်းခိုင်[၁၄/မမက(နိုင်)၁၆၀၃၃၅]ကဦးဖွဲ့သူရ[၁၂/သကတ(နိုင်)၀၄၇၇၃၉]သို့လည်းကောင်း၊ မြေငှား ဂရန်စာချုပ်မူရင်းနှင့်တကွ အပြီးအပိုင်အဆင့်ဆင့်ရောင်းချခဲ့ရာ ၁၉-၅-၂၀၂၀ရက်မှစ၍ ဦးဖွဲ့သူရလက်ရှိပိုင်ဆိုင်သောအိမ်နှင့်မြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ဦးဖွဲ့သူရ၏အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ ဦးဖွဲ့သူရ၏ အကျိုးကိုထိခိုက်နစ်နာအောင် ပြုလုပ်သူများအား ဦးဖွဲ့သူရမှ ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မြင့်(စဉ်-၄၉၅၀/၈၉)** | **ဒေါ်ဇဥ်မင်းမင်း(စဉ်-၁၀၉၂၃/၁၆)** |
| **B.A.,H.G.P,R.L** | **LL.B(Dip in Computer Studies)** |
| **WIOP(SWITZERLAND)** | **WIOP(SWITZERLAND)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၂၇၄)၊ မြင်တော်သာလမ်း(ဓာတ်ဆီဆိုင်ရှေ့)၊ ၃-မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၁၅၈၂၉၊ ၀၉-၇၃၀၇၁၈၉၆၊ ၀၉-၇၉၃၂၇၄၄၃၈**

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊(၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(9-B)၊RC(၁၈)ထပ်တိုက်မှ ၁၅လွှာ၊ အခန်းအမှတ်(15-208)၊(B-1506)ဧရိယာ(၈၂၈)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ချမ်းသာရွှေမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(မန်နေးဂျင်း ဒါရိုက်တာ)ဦးနေမျိုးနိုင်[၁၂/လမတ(နိုင်)၀၀၁၀၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးမင်းသန်းထိုက်[၁၂/သဃက(နိုင်)၁၅၉၆၅၀]၊ ဒေါ်သိမ့်သီရိထွန်း[၁၂/သဃက(နိုင်)၁၆၁၀၈၆]တို့မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းသန်းထိုက်နှင့်ဒေါ်သိမ့်သီရိထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651,09-793568375**
**Level(5,6,7,8)၊ တာဝါ(၂)၊ HAGL Myanmar Center Tower ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး(ဟားခါး) ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ပြည်ထဲရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်ပြည်နယ်ရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ယာဉ်နှင့်စက်ကိရိယာတန်ဆာပလာပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများ၊ တူညီဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်းများအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အညီ ၁၈-၉-၂၀၂၀ရက်မှ စတင်ရောင်းချပြီး ၁၇-၁၀-၂၀၂၀ရက် ညနေ(၁၆:၃၀)နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်နှင့် အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်လိပ်စာမှာ မြို့သစ်ရပ်ကွက်၊ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး(ဟားခါး)ဖုန်း-၀၇၀-၂၂၅၆၄၊ ၀၇၀-၂၁၁၈၃ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**
**မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်**

## လွမ်းဆွတ်သတိရခြင်း
## ဒေါ်သန်းသန်းအေးမောင်
### သူနာပြုဆရာမကြီး (ငြိမ်း)
(၁-၄-၂၀၂၀)

**အေးရေ...**

ဘဝခြားခဲ့တာ ၆ လရှိခဲ့ပေမဲ့ မနေ့တစ်နေ့ကလိုပါပဲ။ အနားမှာရှိနေဆဲပဲလို့ မှတ်ယူခံစားမိပါတယ်။ ဖြစ်နိုင်မယ်ဆိုလျှင် သံသရာတစ်ကွေ့ကွေ့မှာ ပြန်ဆုံချင်ပါသေးတယ်။

မောင်နဲ့သားကြီးတို့နှစ်ယောက် ကြေကွဲဝမ်းနည်းစရာ အချိန်တွေကို ခက်ခဲစွာနဲ့ ဖြတ်သန်းနေဆဲပါ။ အေးအတွက် အလှူဒါနတွေကိုလဲ လစဉ်အမျှအတမ်းဝေ ပြုလုပ်ပေးနေပါတယ်။

ချစ်ရတဲ့အေး...မြင့်မြတ်တဲ့ဘုံဘဝမှ သာဓု...ခေါ်နိုင်ပါစေ။

**ချစ်ခင်ပွန်း- ဒုတိယဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)**
**သား- မျိုးဇော်ဇော်မောင်(ကိုပြည့်)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စိန်ဆင့် (၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းရင်-ဒေါ်အေးရီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက်အမှတ်(၁၈-B-5)နေ ဦးစိုင်းတင်အောင်၏ ဇနီး၊ ဦးခင်အောင်-ဒေါ်နန်းသက်မော်ခိုင်၊ စိုင်းအောင်သန့်-ကြေးမုံသင်း(USA)၊ နန်းစောဝင့်ခိုင်၊ နန်းနီလာအောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ စိုင်းညီညီလွင်၊ Mikayla Thant, Natalia Thant တို့၏ အဘွားသည် ၂-၁၀-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း
## ဟာဂျီ ဦးအာမက်(ခ)ဦးတင်လှ
### ဥက္ကဋ္ဌ-နီလာဒံပေါက်နှင့် နီလာလုပ်ငန်းစုကုမ္ပဏီလီမိတက်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၁၆)နေ ဟာဂျီ ဦးအာမက်(ခ)ဦးတင်လှသည် ၃-၁၀-၂၀၂၀ ရက် နံနက် ၉:၂၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြောင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရင် (သက္ကလမြို့)
### အသက်(၉၉)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး (အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့) ၏ နာယက၊ သာသနမယ်တော်ကြီး ဒေါ်သန်းရင်(၉၉)နှစ် သည် ၃၀-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မိဂါဒဝုန်ကျောင်းတိုက်(၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**မိဂါဒဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ။**
**ဝေသာလီမြန်မာကျောင်းတိုက်၊ ဝေသာလီပြည်၊ အိန္ဒိယနိုင်ငံ။**
**ကျောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့။**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းအေး (ခ) DAW WINNIE
### အသက် (၈၅) နှစ်

သူငယ်ချင်း CAPT:မျိုးညွန့်-ဒေါက်တာစန္ဒာဝင်း (ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)တို့၏မိခင်ကြီး ဒေါ်သန်းအေး (ခ) DAW WINNIE သည် ၂-၁၀-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းတို့မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ အနိစ္စ ဒေါ်သန်းအေး (ခ) DAW WINNIE လည်း ကောင်းရာသုဂတိ ရောက်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**IMT CD-19, CE-17 Batch (1987-88) မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေကြည်
### အသက်(၇၀)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မေကြည် (စာရင်းစစ်)သည် ၂-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ဥတုရာသီ တောကိုမှီ၏

---

ဘုရား၊ ရဟန်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်သန်းအေး (ခ) DAW WINNIE
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၈၁/၃က)နေ [ဦးကျော်သန်း (ခ) တန်ထျန်းလမ်း]၏ဇနီး၊ ဒေါ်နုနုရီ (ခ) ပူစူး-ဦးဇေယျာ ဦးမင်းဝင်း၊ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်အေးအေးကြင် (VENUS FASHION)၊ ဒေါ်ထွေးထွေးရီ-ဦးဖေအောင်၊ CAPT:မျိုးညွန့်-ဒေါက်တာစန္ဒာဝင်း (ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ ဒေါ်မို့မို့လွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းအေး (ခ) DAW WINNIE သည် ၂-၁၀-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူမိခင်ကြီး၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်းအေး (ခ) DAW WINNIE အားရည်စူး၍ ၈-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး
## ဦးမောင်အေး(ခ)ဦးအေး
### ပြည်တော်သာဆန်စက်၊ ရွှေသိန်းဆန်စက်
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ အမှတ်(၂၅)၊ အောင်ဇေယျလမ်းနေ (ဦးချိန်ဂှမ်း-ဒေါ်တင်၊ ဒေါ်ထက်ကာ)တို့၏သား၊ (ဦးသိန်းထွန်း-ဒေါ်ရွှေလန်း)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသော ခင်ပွန်း၊ Dr.ဦးစိန်ငွေး-ဒေါ်ခင်ရွှေဝင်းအေး၊ Dr. ဦးတင့်ဇင်ဦး-ဒေါ်ခင်သန္တာအေး၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေလွင်အေး၊ (ဦးသိန်းရွှေ)-ဒေါ်ခင်သက်လျာအေး၊ ဦးမျိုးသူရအေး-ဒေါ်မျိုးမျိုးဝင်း၊ ဦးကျော်သူရအေး-ဒေါ်မြအေးဆင့်၊ ဦးမင်းထွဋ်-ဒေါ်ခင်သက်နွယ်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး ဦးမောင်အေး(ခ)ဦးအေးသည် ၃-၁၀-၂၀၂၀ ရက် ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၀ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှ ညိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး
## ဦးမောင်အေး(ခ)ဦးအေး
### ပြည်တော်သာဆန်စက်၊ ရွှေသိန်းဆန်စက်
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ အမှတ်(၂၅)၊ အောင်ဇေယျလမ်းနေ (ဦးချိန်ဂှမ်း-ဒေါ်တင်၊ ဒေါ်ထက်ကာ)တို့၏သား၊ (ဦးသိန်းထွန်း-ဒေါ်ရွှေလန်း)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးလှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဟင်ချုံး-ဒေါ်အိုက်ကွမ်)၊ (ဦးအော်ကွာ-ဒေါ်ခွေးမ)၊ (ဦးရွှေဟိုး-ဒေါ်အုန်းသန်း)၊ (ဦးမောင်မောင်) - ဒေါ်ရှမ်းမ၊ (ဦးသိန်းရွှေ-ဒေါ်ကျင်စု) - ဒေါ်ခင်စန်းဝင်း၊ (ဦးတင်စိန်-ဒေါ်ရှုဝေ)၊ (ဦးအဟုန်-ဒေါ်ရော်တီ)၊ (ဦးလှသိန်း)-ဒေါ်ရော်လွမ်း၊ ဦးထွေး-ဒေါ်ရီတို့၏ ညီ/မောင်၊(ဦးသိန်း)၊ ဦးစိန်မင်း-Dr.ဒေါ်မင်းမင်းပိုက်(UK)၊ ဦးစူပင်-ဒေါ်ရင်နွဲ့၊ ဦးရဲလှိုင်-ဒေါ်ဖြူဖြူနွယ်တို့၏အစ်ကို၊ တူ/တူမ ၈၈ ယောက်တို့၏ ဦးလေး ဦးမောင်အေး(ခ)ဦးအေးသည် ၃-၁၀-၂၀၂၀ ရက် ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၄-၁၀-၂၀၂၀ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်သိန်း (ရေစကြို)
### အသက်(၈၁)နှစ်

အမှတ်(၃၉/ခ)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြည်မြိုင်(ကျောင်းအုပ်-ငြိမ်း၊ နန်းဦး၊ ရေစကြို)၏ ချစ်လှစွာသောခင်ပွန်း၊ မသီတာသိန်း၊ ကိုတင်ဝင်း-မနီလာသိန်း၊ ကိုကျော်မင်းသိန်း-မနွယ်နွယ်အေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မအိမွန်သိန်း၊ မောင်နိုင်မင်းထက်၊ မောင်ရှင်းပိုင်မင်းတို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၃-၁၀-၂၀၂၀ (စနေနေ့) နံနက် ၃:၃၀ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ချိုချိုမာ
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊အမှတ်(၁၂၄)နေ(ဦးခင်မောင်ချို-ဒေါ်အုံးကြည်)တို့၏ သမီးကြီး၊ (ဦးတင်မောင်အေး)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြတ်ခန့်ကြွယ်-ဦးညီကိုကိုတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ (ဦးမြတ်ကျော်(ခ)ဦးဂျော်နီ)-ဒေါ်မူမူ၊ (ဒေါ်ခင်စန်းမေ)၊ (ဦးတင်မောင်ချို)၊ ဒေါ်ဝင်းဝင်းချို-ဦးလှငွေး(မင်္ဂလာတောင်ညွန့်မြို့နယ်-လွှတ်တော် ကိုယ်စားလှယ်)၊ Rachel Ko ၏ ချစ်လှစွာသောဘွားဘွားကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ အဒေါ် ဒေါ်ချိုချိုမာသည် ၃-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## တင်ကြူဝ(ခ)ဒေါ်ကျိုတီ
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၅၀)နေ (လင်နွှင်နေ့ဒ-အွန်ရုံနန်း)တို့၏ သမီး၊ (ဦးချစ်ခင်)၏ ဇနီး၊ ဒေါ်ကျင်မြင့်၊ (ဦးမျိုးအောင်)-ဒေါ်ခင်အေး၊ ဦးကျော်အောင်-ဒေါ်စန်းစန်းရီ၊ ဦးသိန်းထွန်း-ဒေါ်ရှုဝမ်၊ (ဦးခင်အောင်)-ဒေါ်ပို့ပို့၊ ဦးသိန်းအောင်-ဒေါ်စန်းစန်းမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၁ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂-၁၀-၂၀၂၀ (သောကြာနေ့) ည ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်ကရုဏာတော်ခံယူခြင်း
## ဦးမောင်မောင်လေး (ခ) မိုဟာမက် အီလီယားစ်
### (Director-Gensecon Myanmar Pte.Ltd.)
### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/ခ) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၂၇)နေ (ဟာဂျီ Abdul Kadar-ဟာဂျီမDaw Zawra Bi)တို့၏သား၊ [ယာစင်ဘိုင် (ခ) ဦးချစ်ရွှေ-ဒေါ်ဘေဘီရွှေ]တို့၏သားသမက်၊ ဟာဂျီဦးစိန်သန်း(Director-Gensecon Myanmar Pte. Ltd.)-ဟာဂျီမဒေါ်သီတာရွှေတို့၏ညီ/မောင်၊ ဒေါ်မာယာရွှေ(Director-New Phyarpon Co.,Ltd.)၏ချစ်လှစွာသောခင်ပွန်း၊ မသက်ဦးခင်၊ မဆုလေးနွယ်-မောင်ဖြိုးဝေဇင် @ Ismile တို့၏ဖခင်၊ မရဒီဝင့်ထည်၏အဘိုး ဦးမောင်မောင်လေး (ခ) မိုဟာမက် အီလီယားစ်သည် ၂-၁၀-၂၀၂၀ ရက် ညနေ ၃:၃၃ နာရီတွင် အလ္လာဟ်အရှင်မြတ် ကရုဏာတော်ခံယူသွားပါသဖြင့် ယင်းနေ့ အီရှာဆွလာသ်အပြီးတွင် ဒဖနာပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းချီ (ခ) ဒေါ်ယာချီ (အောင်သပြေဆေးလိပ်ခုံ)
(ပခုက္ကူ/တမူး)
### အသက် (၈၉) နှစ်

တမူးမြို့နေ (ဦးသိန်းရန်-ဒေါ်ငွေခင်)တို့၏သမီး၊ ပခုက္ကူမြို့၊ အောင်သပြေဆေးလိပ်ခုံ (ဦးအောင်ပွား)၏ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်မြင့်မြင့်၊ ဦးစိန်သန်း-ဒေါ်မြမြရည်၊ (ဦးကျော်ဇောနိုင်)-ဒေါ်တင်ဝင်းရည်၊ ဦးအောင်ဇော်မြင့်-ဒေါ်အမာရီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၄-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၂:၁၀ နာရီတွင် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၅-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါသည်။

မိခင်ကြီးမကျန်းမာစဉ် အထူးဂရုစိုက်ကုသပေးခဲ့ကြသော ဆည်းဆာရိပ်သာမှ ဆရာဒေါက်တာနေလင်းနှင့် သူနာပြုများ၊ ပင်လုံဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာချောချောဝင်း၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲထွန်းနောင်နှင့် ဆရာဝန်၊ ဆရာမ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

မိခင်ကြီးနာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆည်းဆာရိပ်မိသားစုများ၊ နာရေးကူညီမှုအသင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ဦးထွန်းမြင့်လမ်းသူလမ်းသားများ၊စာကြည့်တိုက်မိသားစု၊ ဥပဒေမိသားစုများ၊ ဈာပနသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ခဲ့ကြသော ဆည်းဆာရိပ်ဘိုးဘွားရိပ်သာဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများ၊ နေအိမ်သို့ ကိုယ်တိုင်လာရောက်မေးမြန်းကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်း၊ အီးမေးလ်၊ မက်ဆေ့၊ ဖေ့စ်ဘုတ်တို့မှ မေးမြန်းနှစ်သိမ့်အားပေးကြသူများ၊ မိခင်ကြီးအားရည်စူး၍ သင်္ကန်းအစရှိသော ဝတ္ထုအစုစုပေးပို့လှူဒါန်းကြသူ ဆရာကြီး ဆရာမကြီးများ၊ ဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်းအားလုံးတို့အားလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မိခင်ကြီးသက်ရှိစဉ် မြတ်ဗုဒ္ဓလမ်းစဉ် ဓမ္မတရားတော်များကို ဟောကြားပြသတော်မူခဲ့ကြသော ကျေးဇူးရှင်ဆရာတော်ကြီးများ၊ သံဃာတော်များအား ဦးထိပ်ထားလျက် ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ သရဏဂုံတင်တရား၊ ရက်လည်တရားများ ဟောကြားချီးမြှင့်ပေးတော်မူသော မြိုင်ဆရာတော် ဦးပညာဇောတနှင့် သံဃာတော်များ၊ မြောက်ဒဂုံ နေအိမ်သို့ ၇ ရက်တိုင်ကြွရောက်၍ တရားတော်များဟောကြားပေးပါသော ဆရာတော် သံဃာတော်များ၊ ၄-၁၀-၂၀၂၀ ရက်တွင် တစ်လပြည့်ဆွမ်းနှင့်လှူဒါန်းမှုကုသိုလ်အထမြောက်အောင် စီမံ၍ လလည်တရားချီးမြှင့်တော်မူသော ရတနာမြိုင်ကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင်ဝိသိဋ္ဌတို့အား ရိုသေစွာ ဦးတင်၍ ကျေးဇူးအထူးတင်ရှိပါသည်။

မိခင်ကြီး၏ဘဝတစ်လျှောက် အစစအရာရာ ကျေးဇူးပြုစောင့်ရှောက်ခဲ့ကြသော ပခုက္ကူ ရန်ကုန်ဓမ္မမိတ်ဆွေယောဂီကြီးများ၊ ဘဝဆွေမျိုးသားသမီးများ၊ မိခင်ကြီး၏ဆည်းဆာချိန်တွင် ကျန်းမာရေးပိုမိုကောင်းမွန်၍ အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်အောင် မေတ္တာများဖြင့် နွေးထွေးစွာပြုစုစောင့်ရှောက်ခဲ့ကြသော ဆရာမကြီးဒေါ်သန်းမြင့်အောင် ဆည်းဆာရိပ်သာမိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## မူးယစ်ကို
## ပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

---

## ကျေးဇူးအထူးတင်ရှိခြင်း

၂၈-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင် ဖခင်ကြီး ပါမောက္ခ ဦးမြတ်သူရ ဆေးရုံတက်ရောက်ကုသနေချိန်မှစ၍ ကွယ်လွန်ချိန်အထိအဘက်ဘက်မှလိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးကြပါသော ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာန (ED) ICU ၊ တောင်ဥက္ကလာပဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများအားလုံးနှင့် လိုအပ်သည်ကို ကူညီပေးပါသော ပါရဂူဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ နှင်းဆီကုန်းဆေးရုံနှင့်တကွ၊ ကရုဏာတရားရှေ့ထား၍ တယ်လီဖုန်း၊ Email, Messenger နှင့် Facebook တို့မှ အမျိုးမျိုးနှစ်သိမ့်ပေးပါသော ရပ်ဝေးရပ်နီး ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များ၊ နာရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းကြသော ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် အလှူရှင်များအားလုံးအားလည်းကောင်း၊ အမည်နာမအားဖြင့် ဖော်ပြ၍ မရအောင်များပြားလှသော ကျေးဇူးတင်ထိုက်သူများ အားလုံးအား ကျန်ရစ်သူဇနီးဒေါက်တာခင်မော်ဦး (JUNE)နှင့် သားသမီးမြေးများအားလုံးမှ အထူးကျေးဇူးတင်ရှိပါသည်။

# အောက်တိုဘာ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉၇၈ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၃-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂-၁၀-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီမှ (၃-၁၀-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၁၉၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၇၈ ဦး တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၃-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၈,၁၉၅) ဦး | (၃၁၆,၄၈၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၇၈) ဦး | (၁၆,၅၀၃) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၄၁၇) ဦး | (၄,၇၉၅) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၃၇၁) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

## ကိုဗစ်-၁၉ လူနာများ သက်သောင့်သက်သာနေထိုင်ကုသနိုင်ရန် Happy Covid Center ပြင်ဆင်ဆောင်ရွက်လျက်ရှိ



ရန်ကုန် အောက်တိုဘာ ၃

ကိုဗစ်-၁၉ လူနာများ သက်သောင့်သက်သာ ပျော်ပျော်ရွှင်ရွှင်ဖြင့် နေထိုင်ကြပြီး ကုသမှုခံယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Plaza အား ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် Happy Covid Center အဖြစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့က Fortune Plaza သို့ ရောက်ရှိခဲ့ပြီး လုပ်ငန်းဆောင်ရွက်ထားမှုများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ဆေးခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❐

## ချယ်လ်ဆီးအသင်း ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရပြီး အိမ်ကွင်း၌ပထမဆုံးနိုင်ပွဲရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ စနေနေ့ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဟာ အိမ်ကွင်းမှာ ပထမဆုံးနိုင်ပွဲရရှိခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ရဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ အေဘရာဟမ်ကို အထောင်တိုက်စစ်ထားပြီး ဂျော်ဂျင်ဟို၊ တီမိုဝါနာ၊ ကန်တီ၊ အိုဒိုအီ၊ ဘင်ချီဝဲလ်၊ ဇူးမား၊ သီယာဂိုဆေးလ်ဗား၊ အက်ပလီကူတာ စတဲ့ ကစားသမားတွေကို ၄-၂-၃-၁ ကစားကွက်နဲ့

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ■



## ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီ နှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီ နှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

## အခြေခံလူတန်းစားဘဝမြှင့်မားရေးပါတီ နှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၃

**အခြေခံလူတန်းစားဘဝမြှင့်မားရေးပါတီ** နှင့် **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၄ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၃

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


ကပ်ရောဂါကို အန်တုမည့် ခစ်ဂျစ်တယ်ဈေးကွက် ရှာဖွေရေးစနစ်သစ် "အွန်လိုင်းကုန်စည်ပြပွဲ" စာမျက်နှာ » ၆

ရုရှားနိုင်ငံထုတ် ပထမအသုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဗင်နီဇွဲလားနိုင်ငံ လက်ခံရရှိ စာမျက်နှာ » ၁၃

၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ ပထမအဆင့်ခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်းပါဝင်သော အုပ်စုများ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိ စာမျက်နှာ » ၂၈